# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၀၇]


အရိယ သစ္စာန ဒဿနံ
တေံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်၏စီးပွားရေးကောင်းမွန်မည်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပခုက္ကူမြို့ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် မြန်မာအမျိုးသားလေကြောင်းဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်ဘက်စုံခန်းမ၌ကျင်းပသည့် မကွေးမြို့တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မကွေးမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ဆက်လက်ထွက်ခွာရာ ပခုက္ကူမြို့သို့ရောက်ရှိကြပြီး ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ကျင်းပသည့် ပခုက္ကူမြို့ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ☆

---

## နိုင်ငံတကာ

### ယီမင်အစိုးရစုပေါင်းရုံး ဒုံးလက်နက်ဖြင့် ပစ်ခတ်ခံရ သေဆုံးဒဏ်ရာရသူ အများအပြားရှိနိုင်

စာမျက်နှာ ❖ ၄

## နိုင်ငံတကာ

### အာတိတ်ဒေသကို ပိုမိုစိတ်ဝင်စားလာကြသည့် အင်အားကြီးနိုင်ငံများ

စာမျက်နှာ ❖ ၅

## ပြည်တွင်း

### ဖောင်းပြင်မြို့နယ် မောက်စဖာကျေးရွာအနီး ကုန်တင်အမြန်ရေယာဉ် နစ်မြုပ်

စာမျက်နှာ ❖ ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငြိမ်းချမ်းရေးသည် ပြည်သူ့ဆန္ဒ

သန်း ၅၀ ကျော်သော မြန်မာပြည်သူတစ်ရပ်လုံး၏ အဓိကဆန္ဒနှစ်ရပ်သည်ကား တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားကြခြင်းပင်ဖြစ်ပါသည်။ နှစ်ပေါင်း ၆၀ ကျော်ကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရန် ပြည်သူအပေါင်းက ဆန္ဒပြင်းပြနေကြပါသည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင် နယ်စပ်ဒေသအသီးသီးရှိ စစ်ဘေးသင့်ပြည်သူများက ငြိမ်းချမ်းရေးစာချုပ်ကို အမြန်ဆုံးချုပ်ဆိုနိုင်ရန် တောင်းဆိုနေကြပြီဖြစ်ပါသည်။ နှစ်ပေါင်းများစွာ ကြီးလန့်စာစား အထိတ်တလန့်နေရသည့်ဘဝကို ဒေသခံပြည်သူများ ငြီးငွေ့လှပြီ ဖြစ်ပါသည်။ အမြန်ဆုံး ငြိမ်းချမ်းစေချင်လှပြီ ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ကို အမြန်ဆုံး လက်မှတ်ရေးထိုးရေး ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ဤအပစ်အခတ်ရပ်စဲရေးစာချုပ်ကိုလက်မှတ်ရေးထိုးနိုင်ရန် စီစဉ်လျက်ရှိပါသည်။ အနည်းဆုံး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့ရှိသည့်အနက် ရှစ်ဖွဲ့လက်မှတ်ရေးထိုးလိမ့်မည်ဟုမျှော်လင့်ရပေသည်။ ကျန်အဖွဲ့များလည်း ဤစာချုပ်တွင် လက်မှတ်မရေးထိုးဟု ဆိုလိုခြင်းမဟုတ်ပေ။ အသင့်ဖြစ်ရန် ပြင်ဆင်မှုများပြုလုပ်နေကြောင်းဖြစ်ပါသည်။ အနေးနှင့်အမြန် ဤစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်လျက်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က စက်တင်ဘာ ၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်ပေါင်းရှည်ကြာဖြစ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရန်အတွက် လက်နက်ကိုင်နည်းဖြင့် မရနိုင်၊ စားပွဲဝိုင်းတွင် ဖြေရှင်းသည့်နည်းသာရနိုင်ပါကြောင်း၊ စိတ်ရှည်သည်းခံ၊ ဖွဲ့ရှိပြီး ပြည်ထောင်စုကြီးအတွက် NCA ကိုလက်မှတ်ရေးထိုးရန် မိမိအနေဖြင့် ခေါင်းဆောင်များကို ထပ်မံဖိတ်ခေါ်ပါကြောင်း၊ သို့မှသာ မိမိတို့အားလုံး ဖြစ်ချင်သော ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို အတူတကွလက်တွဲပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ခေတ်နောက်ကျနေသည့် မိမိတို့ တိုင်းပြည်ကြီးကို အတူတကွလက်တွဲပြီး ပြည်နယ်ပြည်မ မခွဲခြားဘဲ အတူတူတိုးတက်အောင် ဆောင်ရွက်သွားနိုင်ရန် မိမိအနေဖြင့် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသည် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ တိုက်ရိုက်ဆက်စပ်နေပါသည်။ ထို့ကြောင့် ပြည်သူအားလုံးက ငြိမ်းချမ်းရေးရလိုသော ဆန္ဒပြင်းပြနေကြပါသည်။ နှစ်ပေါင်းများစွာ သွေးထွက်သံယိုတိုက်ခိုက်မှုများကို အမြန်ဆုံး အဆုံးသတ်စေချင်နေကြပြီဖြစ်ပါသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် မလုံခြုံသော ပြည်သူများဘဝကို ပြည်သူအပေါင်းက စာနာသနားနေကြပါသည်။ ၅၁ သန်းကျော်သော ပြည်သူများအားလုံးသည် ငြိမ်းချမ်းရေးကို အလွန်တရာမှ ဆာလောင်မွတ်သိပ်နေကြသည်။ ထို့ကြောင့် ပြည်သူများ၏ ငြိမ်းချမ်းရေးဆန္ဒကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းလိုက်ရပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၆**

စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ၊ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ၊ ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီနှင့် အမျိုးသားညီညွတ်ရေးကွန်ဂရက်တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၇ ရက်ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား ( MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာတို့၌ ဖော်ပြသွားမည် ဖြစ်ပါသည်။ **(သတင်းစဉ်)**

# မှော်ဝန်းတံတားရေတိုက်စားမှုမှကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် အောက်တိုဘာ ၄ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ရောက်ရှိပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်တန်းမြို့ရှိ မှော်ဝန်းတံတား ကြံ့ခိုင်မှုနှင့်လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တံတားမြို့ ကဒပွနကျေးရွာရှိ မှော်ဝန်းချောင်း ရေတိုက်စားမှုများမှ ကာကွယ်နိုင်ရန်အတွက် ဘိုးပိုင်အခြေပြု မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း နှစ်ခုနှင့် ဘိုးပိုင်ထိန်း Steel Basket အခြေပြု ကျောက်တမံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သုံးခွမြို့မှ သုံးခွ-လက်ပံကျိုး- အောင်သာဒါန်း- ခရမ်းလမ်း မိုင်တိုင်အမှတ်(၁၄/၂)နှင့် (၁၄/၃)ကြားတွင် တည်ဆောက်လျက်ရှိသော အလျား ၁၄ ပေ၊ အကျယ် ၂၄ ပေရှိ အုတ်ကမ်းကပ်ခုံ RC ကြမ်းခင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခရမ်းမြို့နယ် ဘိုကလေးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ အတွင်းရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့လေကြောင်းထိန်းသိမ်းရေးအကယ်ဒမီ၌ လေယာဉ်သစ်တစ်စင်းထပ်မံရောက်ရှိ

**မန္တလေး အောက်တိုဘာ ၆**

ထူးဖောင်ဒေးရှင်း နာယက ဦးတေဇ ဦးစီးဖွင့်လှစ်ထားသည့် ပုသိမ်မြို့ရှိ Myanmar Aviation Academy သင်တန်းတွင် အဆင့်မြင့်ပျံသန်းလေ့ကျင့်မှုများ ဆောင်ရွက်ရန်အတွက် အသစ်ထပ်မံဝယ်ယူသော စက်နှစ်လုံးတပ် Model: DA 42 NG လေယာဉ်တစ်စင်း အောက်တိုဘာ ၄ ရက်က ဩစတြီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာကြောင်း သိရသည်။(ဝဲပုံ)



အဆိုပါ MAA သင်တန်းတွင် အပတ်စဉ် တက်ရောက်သင်ကြားနေသည့် သင်တန်းသားများထဲမှ အပတ်စဉ် တစ်ခုလျှင် ၁၀ ဦး ရွေးချယ်၍ ထူးဖောင်ဒေးရှင်းမှ Scholarship program ပေးပြီး သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မန်း(ကိုယ်ပွား)**

## ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ညောင်ရွှေ၌ကျင်းပ

**ညောင်ရွှေ အောက်တိုဘာ ၆**

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့် အမှာစကားပြောကြားသည်။

ထူးချွန်ဆရာ ဆရာမများနှင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရကျောင်းသားကျောင်းသူများကို အင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**နေမျိုးသူရိန်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၃၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၇၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၇ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

**☆ ရှေ့ဖုံးမှ**

တွေ့ဆုံပွဲများတွင် မကွေးမြို့နှင့် ပခုက္ကူမြို့ရှိ တက္ကသိုလ်များနှင့် ကောလိပ်တို့မှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးတို့က တက္ကသိုလ်နှင့် ကောလိပ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာရပ်အလိုက် သင်ကြားပို့ချမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ နှစ်အလိုက် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးခဲ့မှု၊ ဘာသာရပ်အလိုက် တက်ရောက်နေသည့် ကျောင်းသားဦးရေ၊ သင်ထောက်ကူပစ္စည်းရရှိမှု အခြေအနေနှင့် တက္ကသိုလ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါတွေ့ဆုံပွဲများ၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပညာရေးကဏ္ဍတွင် အဆင့်မြင့်ပညာနှင့် အခြေခံပညာရှိပါကြောင်း၊ အဆင့်မြင့်ပညာတွင်ပါဝင်သည့် တက္ကသိုလ်များ၊ ကောလိပ်များ တိုးတက်ကောင်းမွန်စေရန် ဒီမိုကရေစီ အစိုးရတာဝန်ယူပြီး နောက်ပိုင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲရာတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများပြုလုပ်၍ ပညာရှင်များနှင့် အလွှာပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးသဖြင့် အမျိုးသားပညာရေးဥပဒေကို အသစ်ရေးဆွဲ ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

တက္ကသိုလ်၊ ကောလိပ်များ၏ လိုအပ်ချက်များတွင် ပြည်ထောင်စုအဆင့်မှ ဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များရှိပြီး တချို့ကိစ္စရပ်များကို တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၏ အဓိကလိုအပ်ချက်များဖြစ်သည့် အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆရာ ဆရာမ လိုအပ်ချက်များကို ဦးစားပေး အစီအစဉ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍရှိ သင်ထောက်ကူပစ္စည်းများကိုလည်း ခေတ်နှင့်အညီ အဆင့်မြှင့်တင်ကြရန်လည်း လိုအပ်ပါကြောင်း။

တက္ကသိုလ်များ၊ ကောလိပ်များ၊ ဌာနများအချင်းချင်း ဟန်ချက်ညီ ဆောင်ရွက်သွားကြမှသာ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာရှိ အဆင့်မီတက္ကသိုလ်ကြီးများ၏ နည်းပညာနှင့် အတွေ့အကြုံများကို ရယူပြီး မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် ပြန်လည်အသုံးချ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ပပညာတော်သင်စေလွှတ်မှု ကန့်သတ်ချက်များကို ဖြေလျှော့ပေးထားပါကြောင်း။

အရေးကြီးသည်မှာ တက္ကသိုလ်များ၊ ကောလိပ်များမှ မွေးထုတ်ပေးသည့် ဘွဲ့ရများ၏အရည်အချင်း ပြည့်မီရန်လိုအပ်ပါကြောင်း၊ အရေအတွက်များစွာ မွေးထုတ်ပေးနိုင်ခြင်းထက် အရည်အချင်း၊ အရည်အသွေး ပြည့်မီပြီး လက်တွေ့အသုံးချနိုင်သည့် တတ်မြောက်မှုက အရေးကြီးပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝသယံဇာတများ ပေါများပါကြောင်း၊ ယင်းသယံဇာတများကို ကောင်းစွာအသုံးချနိုင်ရန် နည်းပညာလိုအပ်ပါကြောင်း၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်၏ စီးပွားရေး ကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၊ ကောလိပ်များမှ အရည်အချင်း၊ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပခုက္ကူမြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မကွေးတက္ကသိုလ်၌ တက္ကသိုလ်ပါမောက္ခချုပ်၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

**✻ ကျောဖုံးမှ**

ကျောင်းသား ကျောင်းသူလေးများက ရတနာပုံသီချင်း၊ သွေးချင်းစုံညီ မြန်မာပြည်သီချင်းတို့ဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် မဟာချက်ကရီသီရိဒ္ဒုံမင်းသမီးသည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ခရေပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မဟာချက်ကရီသီရိဒ္ဒုံ မင်းသမီးနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

**(သတင်းစဉ်)**




ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒုံနှင့်အဖွဲ့ အလုံမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# သားပျက်သားလျှောခြင်းမှ ကာကွယ်ကုသခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် စေတနာ့ဝန်ထမ်းသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် IPPF Project အဖွဲ့တို့ ပူးပေါင်း၍ အန္တရာယ်ရှိသော သားပျက်သားလျှောခြင်းမှ ကာကွယ်ကုသခြင်းဆိုင်ရာ ဗဟိုအဆင့် အသိပညာပေးဆွေးနွေးခြင်းနှင့် စေတနာ့ဝန်ထမ်းသင်တန်း (MYA/13/A3); Prevention and Treatment of Unsafe Abortion ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ရန်ကုန် တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှအဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဒလ၊ သန်လျင်နှင့် သယ်န်းကျွန်းမြို့နယ်တို့မှ တစ်မြို့နယ်လျှင် သင်တန်းသား ၁၀ ဦးစီဖြင့် စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသိင်္ဂီမြင့်က "သားပျက်/သားလျှောခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအသိပညာပေးဆွေးနွေးခြင်း"အကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက "မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်မှုနှင့် အသင်းပိုင်သားဖွားခန်းများ၏ဝန်ဆောင်မှုများ" အကြောင်းကို လည်းကောင်း၊ IPPF Project ဒေါက်တာကိုကိုမော်က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် IPPF ဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၆ ရက်မှ ၉ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိုင်းဆတ်ခရိုင်အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာရေးခရီးစဉ် အကြိုညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ စက်တင်ဘာ ၃၀ ရက်က ဒုတိယအကြိမ် အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာညီလာခံကာလအတွင်း မိုင်းဆတ်ခရိုင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာရေးခရီးစဉ် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ နီးနွယ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ရှစ်ဦးနှင့်ထိုင်းနိုင်ငံ ONCB အထွေထွေအတွင်းရေးမှူးချုပ် Mr. Permpong Chaovalit ဦးဆောင်သောကိုယ်စားလှယ် ၂၀ စုစုပေါင်း ၃၀ တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၄ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပမည့် ဒုတိယအကြိမ် အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာညီလာခံအစီအစဉ်များ၊ ညီလာခံကာလအတွင်း ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင်ရှိ မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာရေးခရီးစဉ် အောင်မြင်စွာကျင်းပနိုင်ရေးကိစ္စရပ်များနှင့် လေ့လာရေးခရီးစဉ်ကာလအတွင်း လုံခြုံရေးဆိုင်ရာကိစ္စများအား ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မအူပင်မြို့နယ် ကျွဲဒုံးတိုက်နယ်ရှိကျေးရွာများ လျှပ်စစ်မီးလင်းတော့မည်

**မအူပင် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျေးရွာများလျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိရာ ကျွဲဒုံးတိုက်နယ်အုပ်စုအတွင်းရှိ ကျွဲဒုံး၊ ဘီးလင်း၊ ညောင်ပင် ဂရက်၊ တာပတ်/သပြေဆိပ်၊ ကျုံကရင်/ဇျိုင်းဆယ်နှင့် ဆိပ်သာ/သာယာကုန်းကျေးရွာများတွင် မီးလင်းရေးအတွက်ဓာတ်တိုင်များစိုက်ထူခြင်း၊ လျှပ်စစ်ကြိုးများ သွယ်တန်းခြင်း၊ အိမ်သုံးမီတာများတပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်ဝင်းနှင့်ဝန်ထမ်းများ၊ ကျေးလက်မီးလင်းရေးကော်မတီများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများက ဆောင်ရွက်လျက်ရှိရာ မကြာမီ လျှပ်စစ်မီးရရှိမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

## ဘင်္ဂလားဒေ့ရှ်စစ်သွေးကြွခေါင်းဆောင် လက်ပစ်ဗုံးပေါက်ကွဲပြီးသေဆုံး

**ဒါကာ အောက်တိုဘာ ၆**

ဘင်္ဂလားဒေ့ရှ် စစ်သွေးကြွအုပ်စုခေါင်းဆောင်တစ်ဦးသည် လက်နက်များနှင့်အတူ ဖမ်းဆီးရမိပြီး နာရီပိုင်းအကြာ အင်္ဂါနေ့အစောပိုင်းက ရဲအချုပ်ခန်းအတွင်း လက်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဂျမားအယ်လ်မူဂျာဟစ်ဒင် စစ်သွေးကြွအဖွဲ့ခေါင်းဆောင် မိုဟာမက်ဂျာဗက်သည် တနင်္လာနေ့ညက အခြားအဖွဲ့ဝင်လေးဦးနှင့်အတူ စစ်တကောင်းမြို့ဆိပ်ကမ်း၌ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

စစ်သွေးကြွခေါင်းဆောင် ဂျာဗက်အား စစ်တကောင်း ရဲတပ်ဖွဲ့က လက်နက်များရှာဖွေမှုပြုလုပ်နေစဉ် လက်ပစ်ဗုံးပေါက်ကွဲသေဆုံးသွားခဲ့ကြောင်း ထိပ်တန်းရဲအရာရှိ အဗ္ဗဒူလ်အက်ကာက ပြောသည်။

ရဲအဖွဲ့က ရေမြောင်းအတွင်းမှ လက်ဗုံးကိုရယူရန်ကြိုးစားစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

(ရိုက်တာ)

## ယင်လပ်ကရှေ့နေချုပ်အား တရားစွဲဆိုမှုအပေါ် ထိုင်းတရားရုံးကပယ်ချ

**ဗန်ကောက် အောက်တိုဘာ ၆**



ယခင်ဝန်ကြီးချုပ်ဟောင်းယင်လပ်ရှင်နာဝပ်တရာက ရှေ့နေချုပ်နှင့် အစိုးရရှေ့နေသုံးဦးကို တရားမဝင်မမှန်မကန်လုပ်ဆောင်မှုနှင့် ပတ်သက်ပြီး တရားစွဲဆိုမှုအပေါ် ထိုင်းနိုင်ငံရှိ ပြစ်မှုဆိုင်ရာတရားရုံးက အောက်တိုဘာ ၆ ရက်က ပယ်ချခဲ့သည်။

ယင်လပ်သည် စက်တင်ဘာ ၂၉ ရက်က အငြင်းပွားဖွယ် ဆန်စပါးအရှုပ်တော်ပုံနှင့် ပတ်သက်သောအမှုတွင် ပြစ်မှုဆိုင်ရာကျင့်ဝတ်များကို ဖောက်ဖျက်ခဲ့သည်ဆိုကာ အစိုးရရှေ့နေများကို တိုင်ချက်ဖွင့်တရားစွဲဆိုခဲ့သည်။ ယင်လပ်သည် တာဝန်ဝတ္တရားပျက်ကွက်မှုနှင့် အာဏာအလွဲသုံးမှုတို့ဖြင့် တရားစွဲဆိုခြင်းခံထားရသူဖြစ်သည်။

ပြစ်မှုဆိုင်ရာတရားရုံးက သက်သေထင်ရှားပြနိုင်ခြင်းမရှိဟုဆိုကာ ယင်လပ်၏တရားစွဲဆိုမှုကို ပယ်ချခဲ့သည်။

(ဆင်ဟွာ)



## တောင်ကယ်ရိုလိုင်းနားရေကြီးမှု ၁၁ ဦးသေဆုံး

**အနောက်ကိုလံဘီယာ အောက်တိုဘာ ၆**

တောင်ကယ်ရိုလိုင်းနားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ရာမှ လူ ၁၁ ဦးသေဆုံးပြီး လမ်းနှင့်တံတား ၅၅၀ ခန့် ပိတ်ထားရကြောင်း၊ ရာပေါင်းများစွာသော ဒေသခံပြည်သူများမှာ နေအိမ်များနှင့် ကားများအတွင်း ပိတ်မိနေကြကြောင်း တာဝန်ရှိသူများက တနင်္လာနေ့တွင် ပြောကြားသည်။

ပြည်နယ်မြို့တော် ကိုလံဘီယာအပါအဝင် ဒေသတွင်း စံချိန်တင်မိုးအဆက်မပြတ် ရွာသွန်းနေသဖြင့် ဒေသခံများအား သတိပေးမှုများပြုလုပ်ထားရကြောင်း အုပ်ချုပ်ရေးမှူး နစ်ကီဟာလီက ပြောသည်။

"ဒီရေကြီးမှုက မပြီးသေးပါဘူး။ ရေကြီးရေလျှံမှုတွေက ဖြစ်နေဆဲပါ"ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။ သမ္မတအိုဘားမားက တောင်ကယ်ရိုလိုင်းနားကို သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသအဖြစ် ကြေညာ လိုက်ပြီး ရန်ပုံငွေထောက်ပံ့ပေးမည်ဟု ဆိုသည်။ တောင်ကယ်ရိုလိုင်း နားတွင် လွန်ခဲ့သော သုံးရက်ခန့်က မိုးရေချိန်နှစ်ပေကျော် ရွာသွန်းခဲ့သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။

(ရိုက်တာ)

## အမေရိကန်၌ အသက် ၁၁ နှစ် အရွယ်ယောကျ်ားလေးက အသက် ရှစ်နှစ်အရွယ်မိန်းကလေးကို ပစ်ခတ်

**ဝါရှင်တန် အောက်တိုဘာ ၆**

အမေရိကန်ပြည်ထောင်စုတွင် အသက် ၁၁ နှစ်အရွယ်ယောကျ်ားလေးတစ်ဦးက အသက် ရှစ်နှစ်အရွယ်မိန်းကလေးတစ်ဦးကို ပစ်သတ်ခဲ့သည့် ဖြစ်ရပ်တစ်ခု အောက်တိုဘာ ၆ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်ရပ်သည် အမေရိကန်တောင်ပိုင်း တင်နက်ဆီပြည်နယ်ရှိ ဝှိုက်ပိုင်းမြို့၏ အပန်းဖြေနေရာတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်ပွားခဲ့သည့်အကြောင်းမှာ မိန်းကလေးက သူ၏ခွေးများကို ပြရန်ငြင်းဆန်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

မိန်းကလေးက သူ၏အလွယ်တကူရွှေ့ပြောင်းနိုင်သော ကလေးကစားအိမ်လေး၏ ပြတင်းပေါက်အပြင်ဘက်တွင် ကစားနေစဉ် ယောကျ်ားလေးက သူ၏ခွေးလေးနှစ်ကောင်အား ပြရန်တောင်းဆိုခဲ့ကြောင်း မိန်းကလေး၏မိခင်နှင့် ဒေသခံရဲများ၏ ပြောကြားချက်ကို အမေရိကန်သတင်းမီဒီယာများက ကိုးကားဖော်ပြခဲ့သည်။

မိန်းကလေးက သူ၏ခွေးများကို ပြရန်ငြင်းဆိုလိုက်သောအခါ ယောကျ်ားလေးက သူ့ဖခင်သေနတ်ကို ယူ၍ မိန်းကလေးကို ပစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဤကဲ့သို့ ဖြစ်ရပ်မျိုးမှာ မီချီဂန်ရှိ ဒက်ထရွိုက်တွင် ဩဂုတ်လက ဖြစ်ပွားခဲ့ပြီး ၎င်းဖြစ်ရပ်တွင် အသက် ၁၁ နှစ်ရှိယောကျ်ားလေးက သူ့ဖခင်သေနတ်ကို ယူ၍ပစ်ခတ်ခဲ့ရာ ကားပေါ်ပါ အသက်သုံးနှစ်ရှိ ကလေးတစ်ဦး သေဆုံးခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ သေနတ်ပစ်ခတ်မှုများတွင် ကလေးများပါဝင်လာခြင်းသည် သေနတ်ထိန်းချုပ်မှုကို ပိုမိုကန့်သတ်သင့်ကြောင်း ပြသရာရောက်သည်။

သို့သော်လည်း အဆိုပါကိစ္စရပ်အပေါ် ပြည်သူ့အမြင်မှာ ကွဲလွဲလျက်ရှိနေဆဲပင်ဖြစ်သည်။

(အင်န်အိတ်ချ်ကေ)

## ရုရှားစစ်လေယာဉ် တူရကီလေကြောင်းပိုင်နက်အတွင်း ချိုးဖောက်ဝင်ရောက်

**အန်ကာရာ အောက်တိုဘာ ၆**

ရုရှားလေယာဉ်တစ်စင်းသည် တနင်္ဂနွေနေ့က တူရကီလေကြောင်းပိုင်နက်အတွင်း ဒုတိယအကြိမ် ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း၊ ယင်းမှာ တူရကီက ပထမဆုံးဝင်ရောက်မှုကိုကန့်ကွက်ပြီး တစ်ရက်ကြာ ဒုတိယအကြိမ်ဝင်ရောက်ခဲ့ကြောင်း တူရကီက အင်္ဂါနေ့တွင် ပြောသည်။

တူရကီနိုင်ငံခြားရေးရုံးက အန်ကာရာရှိ ရုရှားသံအမတ်အား ဒုတိယအကြိမ် လေကြောင်းပိုင်နက်ချိုးဖောက်မှုဖြင့် ဆင့်ခေါ်ခဲ့ကြောင်း နိုင်ငံခြားရေးရုံး တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ပြောသည်။

ရုရှား SU-30 လေယာဉ်သည် ဟာတေးပြည်နယ်တောင်ပိုင်း ဝေဟင်သို့ဝင်ရောက်ပြီး စနေနေ့က F-16 လေယာဉ်နှစ်စင်းဝင်ရောက်ခဲ့ခြင်းအပေါ် ထိပ်တန်းတူရကီတာဝန်ရှိသူများက အန်ကာရာရှိ ရုရှားသံအမတ်ကို ဆင့်ခေါ်ခဲ့သည်။

(ဆင်ဟွာ)

## ယီမင်အစိုးရစုပေါင်းရုံး ဒုံးလက်နက်ဖြင့်ပစ်ခတ်ခံရ သေဆုံးဒဏ်ရာရသူ အများအပြားရှိနိုင်

**အေဒင် အောက်တိုဘာ ၆**


အေဒင်မြို့၌ ယီမင်အစိုးရတာဝန်ရှိသူများနှင့် ပင်လယ်ကွေ့ စစ်အခြေစိုက် စခန်းအဖြစ်အသုံးပြုနေသော အေဒင်ဟိုတယ်ကို အမည်မသိတိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့်တိုက်ခဲ့ကြောင်း၊ ယင်းမှာ ဇူလိုင်လက ဟူသီတို့ထံမှ အေဒင်မြို့ကိုပြန်သိမ်းပြီးနောက် အကြီးမားဆုံးတိုက်ခိုက်မှုဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူနှင့် ဒေသခံများက ပြောသည်။

အစိုးရရုံးတည်ရှိရာ အဆိုပါဟိုတယ် တိုက်ခိုက်ခံရသဖြင့် သေဆုံးသူ သို့မဟုတ် ဒဏ်ရာရသူအများအပြားရှိနိုင်ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် အစိုးရရုံးကို အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားများက အာပီဂျီလောင်ချာများဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ယူအေအီးသတင်းအေဂျင်စီအပါအဝင် ကနဦးသတင်းများကဆိုသည်။

သို့သော်လည်း ယင်းတိုက်ခိုက်မှုသည် အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း ယီမင်လူငယ်နှင့်အားကစားဝန်ကြီး နေယက်အယ်လ်ဘာခရီ၏ ပြောကြားချက်ကို ကိုးကားပြီး အေဒင်အယ်လ်ဂါးသတင်းက ကိုးကားဖော်ပြသည်။

(ရိုက်တာ)



# အာတိတ်ဒေသကို ပိုမိုစိတ်ဝင်စားလာကြသည့် အင်အားကြီးနိုင်ငံများ

ထွန်းတောက်



အာတိတ်ဒေသ ရေခဲပြင်ကို တွေ့ရစဉ်။

**တရုတ်ရေတပ်သင်္ဘောများ**

လွန်ခဲ့သည့်လ၌ အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ် အနီး ဘာရင်းပင်လယ်ပြင်တွင် တရုတ်ရေတပ်သင်္ဘောငါးစင်း လှုပ်ရှားနေသည်ကို တွေ့ရှိခဲ့ရသည်။ ၎င်းတို့သည် နိုင်ငံတကာ ရေပြင်ပိုင်နက်တွင် သွားလာနေခြင်းသာဖြစ်ပြီး ခြိမ်းခြောက်သည့်လက္ခဏာမပြကြောင်း အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ် ဂျိမ်းအာနက်စ်က ဝေဖန်ပြောဆိုသည်။

ကမ်းလွန်တွင် ကင်းလှည့်သည့်အဆင့်မှ သမုဒ္ဒရာအတွင်း လှုပ်ရှားသည့် ပင်လယ်ပြာ (Blue Sea) ရေတပ်အဆင့်သို့ တက်လှမ်းရန် ကြိုးပမ်းနေသည့် တရုတ်ရေတပ်မတော်သည် လွန်ခဲ့သောလများ၌ ရုရှားရေတပ်နှင့် ပူးတွဲကာ မြေထဲပင်လယ်၊ ဂျပန်ပင်လယ်နှင့် ဘာရင်းပင်လယ်ပြင်တို့တွင် စစ်ရေးလေ့ကျင့်ခဲ့ကြသည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာတိတ်ဒေသရေခဲပြင်များ အရည်ပျော်ကျလာသည့်အတွက် ပင်လယ်ရေကြောင်းလမ်းများ ပွင့်လာပြီဖြစ်၍ သဘာဝအရင်းအမြစ်များကြွယ်ဝသော အာတိတ်ဒေသတွင် သယံဇာတများ ထုတ်နုတ်ယူနိုင်ရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အပြိုင်အဆိုင် ကြိုးပမ်းနေကြသည်ဟု နိုင်ငံရေးသုတေသီများက ဝေဖန်ပြောဆိုနေကြသည်။

အာတိတ်ဒေသပင်လယ်ပြင်များတွင် ရုရှားနှင့် တရုတ်ရေတပ်သင်္ဘောများ လှုပ်ရှားမှုကို အမေရိကန်စစ်ဘက်နှင့် အရပ်ဘက်ထောက်လှမ်းရေး အေဂျင်စီများသည် ကွန်ရက်များဖြန့်ကြက်ကာ ထောက်လှမ်းစောင့်ကြည့်လျက်ရှိသည်။

မြောက်ဝင်ရိုးစွန်းအနီးတွင်တည်ရှိသည့် ကနေဒါထောက်လှမ်းရေး အခြေစိုက်စခန်းကို အမေရိကန်နှင့် ကနေဒါထောက်လှမ်းရေးအေဂျင်စီများက ပူးတွဲအသုံးပြုလျက်ရှိပြီး ထောက်လှမ်းရေးဂြိုဟ်တုမှပေးပို့သော သတင်းအချက်အလက်များကို ၎င်းစခန်းမှ လက်ခံဖမ်းယူစစ်ဆေးမှု ပြုလုပ်လျက်ရှိသည်။

**အပြိုင်အဆိုင်ကြိုးပမ်းမှု**

မဟာဗျူဟာအရ အရေးကြီးသော ဒေသဖြစ်သည့်အပြင်၊ ရေနံဓာတ်ငွေ့ စသော သယံဇာတကြွယ်ဝသည့် အာတိတ်ဒေသတွင် အခွင့်အလမ်း ကောင်းများရရှိရန် ကြိုးပမ်းအားထုတ်မှု၌ ရုရှားနှင့် တရုတ်တို့၏ နောက်တွင် အမေရိကန်ရောက်ရှိနေသည်ဟူသော ဝေဖန်ချက်များ ထွက်ပေါ်နေသည်။

အာတိတ်ဒေသတွင် အသုံးပြုရန်အတွက် ရုရှားကာကွယ်ရေးဝန်ကြီး ဌာနသည် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် နျူကလီးယားစွမ်းအင်ဖြင့် မောင်းနှင်သည့် စူပါရေခဲခွဲသင်္ဘောကြီးတစ်စင်းကို စတင်တည်ဆောက် ရန် စီစဉ်နေသည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်း၌ အမေရိကန်က ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးနှစ်မျိုး အသုံးပြုနိုင်သည့် ရေခဲခွဲသင်္ဘောအသစ်တစ်စင်း တည်ဆောက်ရန် စီစဉ်နေသည်ဟု အိမ်ဖြူတော်က သတင်းထုတ်ပြန်သည်။ ၎င်းရေခဲခွဲသင်္ဘောကို ၂၀၂၀ ပြည့်နှစ်တွင် အပြီးတည်ဆောက်ရန် စီစဉ်ထားကာ ထောက်လှမ်းရေးတွင်မက သယံဇာတရှာဖွေရေးတွင်လည်း အသုံးပြုနိုင်ရန် အဆင့်မြှင့်တင်တည်ဆောက်မည်ဟု သိရှိရသည်။

လက်ရှိအချိန်၌ အမေရိကန်ပြည်ထောင်စုတွင် Polar Star နှင့် Healy ဟု အမည်ပေးထားသည့် ရေခဲခွဲသင်္ဘောနှစ်စင်းရှိသည်။ ယခင်က အာတိတ် ရေခဲပြင်တွင် တစ်နှစ်တာပတ်လုံး အလုပ်လုပ်သော Polar Star နှင့် Polar Sea ရေခဲခွဲသင်္ဘောနှစ်စင်းရှိခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် Polar Sea စက်ချွတ်ယွင်းမှုဖြစ်ခဲ့၍ ဆက်လက်အလုပ်မလုပ်နိုင်တော့ဘဲ၊ ယခုအသုံးပြုနေသော Polar Star နှင့် Healy ရေခဲခွဲသင်္ဘောနှစ်စင်းအနက် ၁၉၇၆ ခုနှစ်မှ စတင် တာဝန်ထမ်းဆောင်ခဲ့သည့် Polar Star သည် ၂၀၂၀ ပြည့်နှစ်တွင် သက်တမ်းကုန်ဆုံးကာ အနားပေးရမည့်အချိန် နီးကပ်လာပြီဖြစ်သည်။

အငြိမ်းစား ရေတပ်ဗိုလ်ချုပ် ဂျက်ဖရီဂါးရင့်က အဆင့်မြင့်စစ်လက်နက် ပစ္စည်းများနှင့်ထောက်လှမ်းရေးဆက်သွယ်ရေးကိရိယာများ တပ်ဆင်ထားသော ရေခဲခွဲသင်္ဘောတစ်စင်းကို တည်ဆောက်ရာတွင် စိန်ခေါ်မှုများစွာ တွေ့ရှိရမည်ဖြစ်ကြောင်း၊ Polar Star နေရာတွင် အစားထိုးနိုင်ရန် လေးနှစ်အတွင်း သင်္ဘောသစ်ကို အပြီးတည်ဆောက်ရမည်ဖြစ်ကြောင်း အကြံပေးပြောဆိုခဲ့သည်။

> **မဟာဗျူဟာအရ အရေးကြီးသောဒေသဖြစ်သည့်အပြင်၊ ရေနံဓာတ်ငွေ့စသော သယံဇာတကြွယ်ဝသည့် အာတိတ်ဒေသတွင် အခွင့်အလမ်းကောင်းများရရှိရန် ကြိုးပမ်းအားထုတ်မှု၌ ရုရှားနှင့်တရုတ်တို့၏ နောက်တွင် အမေရိကန်ရောက်ရှိနေသည်ဟူသော ဝေဖန်ချက်များ ထွက်ပေါ်နေ**

နျူကလီးယားစွမ်းအင်ဖြင့် မောင်းနှင်သည့် ရေခဲခွဲသင်္ဘောအသစ်တစ်စင်းကို တည်ဆောက်ရန် ကုန်ကျစရိတ်မှာ ဒေါ်လာ တစ်ဘီလီယံကျသည်ဟု သိရှိရသည်။ ၎င်းငွေပမာဏသည် အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့တစ်ဖွဲ့လုံး၏ ၂၀၁၅ ခုနှစ် ဘတ်ဂျက်ခွင့်ပြုငွေဖြစ်သည့်အတွက် အခက်အခဲများ တွေ့နေရသည်။

**ရည်မှန်းချက်နှစ်ရပ်**

ရုရှားတပ်မတော်သည် အထက်ပါစစ်ရေးလေ့ကျင့်မှုများကို ရည်မှန်းချက်နှစ်ရပ်ဖြင့် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု စစ်ရေးလေ့လာသူတို့က ဆိုသည်။

ပထမရည်မှန်းချက်မှာ ယူကရိန်းအရေးအခင်းနှင့်ပတ်သက်၍ ရုရှားနှင့် နေတိုးအဖွဲ့ကြားတွင် အလွန်တင်းမာနေလျက်ရှိရာ ရုတ်တရက် စစ်မီးတောက်လောင်ခဲ့လျှင် တိုက်ပွဲဝင်ရန် အသင့်ပြင်ဆင်ထားခြင်း ဖြစ်သည်။

ဒုတိယရည်မှန်းချက်မှာ အာတိတ်စက်ဝိုင်းဒေသတွင် ရေနံဓာတ်ငွေ့ စသည်သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်နိုင်ရန်အတွက် နယ်မြေချဲ့ထွင်မှု စစ်ပွဲများဖြစ်ပေါ်လာခဲ့လျှင် အသင့်တိုက်ပွဲဝင်နိုင်ရန် စစ်ရေးပြင်ဆင်နေကြခြင်းဖြစ်သည်ဟု သိရှိရသည်။

ထိုကဲ့သို့သော ရည်မှန်းချက်များဖြင့်ပင် အရှေ့ဥရောပဒေသ၌ အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင် ၁၅၀၀၀ ကျော်သည် စစ်ရေးလေ့ကျင့်မှုများပြုလုပ်၍ တိုက်ပွဲဝင်ရန် အသင့်ပြင်ဆင်ထားကြသည်။

ယနေ့အချိန်၌ ကမ္ဘာ့အင်အားကြီးနိုင်ငံများက ပိုမိုစိတ်ဝင်စားမှုပြလာသော အာတိတ်စက်ဝိုင်းဒေသနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံများမှာ အမေရိကန်၊ ရုရှား၊ ကနေဒါ၊ ဖင်လန်၊ နော်ဝေနှင့်ဒိန်းမတ်တို့ဖြစ်သည်။

၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်လည်း နောက်ထပ်ရန်ပုံငွေများ တိုးမြှင့်ရရှိရန်အလားအလာမရှိပေ။

ထိုကဲ့သို့ စိန်ခေါ်မှုများရှိနေသော်လည်း အမေရိကန်ရေခဲခွဲသင်္ဘောများသည် အာတိတ်ဒေသတွင် အမေရိကန်အကျိုးစီးပွားများကို အကြီးအကျယ် ဖော်ဆောင်ပေးနိုင်သည့်အတွက် ရေခဲခွဲသင်္ဘောသစ်ကို မဖြစ်မနေ တည်ဆောက်ရမည်ဖြစ်ကြောင်း အငြိမ်းစားရေတပ်ဗိုလ်ချုပ် ဂျက်ဖရီဂါးရင့်က သုံးသပ်ပြောဆိုခဲ့သည်။

**တရုတ်ရေခဲခွဲ သင်္ဘော**

ကမ္ဘာ့အာတိတ်ကောင်စီတွင် အဖွဲ့ဝင်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသည်၂၀၁၆ ခုနှစ်တွင် ၎င်း၏ ဒုတိယရေခဲခွဲသင်္ဘောသစ်တစ်စင်းကို စတင်တာဝန်ထမ်းဆောင်စေရန် စီစဉ်လျက်ရှိသည်။

အာတိတ်ဒေသတွင် ယနေ့တာဝန်ထမ်းဆောင်နေသော တရုတ်ရေခဲခွဲ သင်္ဘောမှာ အလွန်စွမ်းရည်ကောင်းသည်ဟု သိရှိရသည်။ ကမ္ဘာ့ရာသီ ပြောင်းလဲမှုကြောင့် အာတိတ်ရေခဲပြင်များအရည်ပျော်ကျကာ၊ ပင်လယ်ရေ ကြောင်းလမ်းများ ပွင့်လာလျက်ရှိရာ အီလျူးရှင်းကျွန်းများ၏အလွန် ဘာရင်းပင်လယ်ပြင်တွင် တရုတ်သင်္ဘောများ ရောက်ရှိနေခြင်းသည် အာတိတ်ဒေသ မြေအောက်အရင်းအမြစ်များကို တရုတ်တို့ ပိုမိုစိတ်ဝင်စား လာမှုကို ပြသခြင်းဖြစ်သည်ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။

တရုတ်တို့သည် ရုရှားနှင့် စစ်ဘက်ရေးရာတွင် ပူးပေါင်းဆောင်ရွက် လျက်ရှိရာ ရေခဲခွဲသင်္ဘောတည်ဆောက်ရေး နည်းပညာများကို ရုရှားတို့ထံမှ ရယူနိုင်ရန် ကြိုးပမ်းနေသည်ဟု ရုရှားစပွတ်နစ်သတင်းစာတွင် ဖော်ပြ ထားသည်။

**စစ်ရေးလေ့ကျင့်မှုများ**

လွန်ခဲ့သည့် ဩဂုတ်လဆန်းမှ စတင်ကာ ယနေ့တိုင်အောင်ပင် ရုရှား နိုင်ငံ၏ မြောက်ပိုင်းရေတပ်ဖွဲ့သည် အာတိတ်ဒေသတွင် စစ်ရေးလေ့ကျင့် မှုများ ပြုလုပ်လျက်ရှိသည်။

ရုရှားရေတပ်သင်္ဘောများသည် ဘာရင်းပင်လယ်နှင့် နော်ဝေဂျီယံ ပင်လယ်ပြင်များတွင် ရေမြုပ်မိုင်း ရှင်းလင်းခြင်း၊ ရေငုပ်သင်္ဘော နှိမ်နင်း ရေးနှင့် လေကြောင်းရန်ကာကွယ်ရေး ဒုံးခွင်းဒုံးစနစ်များ ကိုင်တွယ်အသုံးချ ရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် ရုရှားမဟာဗျူဟာ ဗုံးကြဲလေယာဉ်ကြီးများသည် တိုက်လေယာဉ် များ၏ ထောက်ကူမှုဖြင့် ရန်သူပစ်မှတ်များကို ချေမှုန်းတိုက်ခိုက်ပုံ ရုရှား လေကြောင်းချီတပ်ဖွဲ့များက ရဟတ်ယာဉ်များဖြင့် ရန်သူ၏နောက်ပိုင်းသို့ ဆင်းသက်တိုက်ခိုက်ပုံများကို လေ့ကျင့်ခဲ့ကြသည်။

ရုရှားပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ လေကြောင်းချီတပ်ဖွဲ့ များနှင့် အထူးကွန်မန်ဒိုတပ်ဖွဲ့များသည် ရုရှားပိုင် အာတိတ်ဒေသကျွန်းများ နှင့် ခိုလာကျွန်းဆွယ်တွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် ဘောလ်တစ်ပင်လယ်ပြင်တွင် ရုရှားရေတပ်ဖွဲ့သည် ညအချိန် တွင် ဒုံးကျည်နှင့်အမြောက်များဖြင့် ပစ်ခွင်းတိုက်ခိုက်ပုံ၊ ကျူးကျော်လာသော ရန်သူလေယာဉ်များကို ဝေဟင်ပစ်ဒုံးကျည်များဖြင့် ပစ်ခွင်းပုံများကို စစ်ရေးလေ့ကျင့်ခဲ့ကြသည်။

## မြန်မာရေလုပ်သားများ လစာနှင့် နစ်နာကြေးများရရှိရန် အင်ဒိုနီးရှားရှိ ရေလုပ်ငန်းကုမ္ပဏီတစ်ခုကို တရားစွဲဆိုတော့မည်

ကျော်သဲအိမ်

လူကုန်ကူးမှုဖြင့် တရားစွဲဆိုခံထားရသော အင်ဒိုနီးရှား အခြေစိုက် Silver Sean ရေလုပ်ငန်းကုမ္ပဏီ၏ အမှုကြားနာရာတွင် သက်သေထွက်ဆိုရန် မြန်မာရေလုပ်သား ၁၄ ဦးသည် ယခုလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ကြမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံရှိ အင်န်ဂျီအိုအဖွဲ့တစ်ဖွဲ့ဖြစ်သော LPSK အဖွဲ့က လူကုန်ကူးခြင်းခံရသော မြန်မာရေလုပ်သားများ၏ လစာနှင့် နစ်နာကြေးများရရှိရေးအတွက် Silver Sean ကုမ္ပဏီကို တရားစွဲဆိုမည်ဖြစ်ရာ လိုအပ်သော အထောက်အထားများရရှိရေးအတွက် ကုမ္ပဏီမှ တာဝန်ရှိသူများက စက်တင်ဘာလက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြပြီး အမှုတွင်ပါဝင်သော မြန်မာရေလုပ်သား ၁၄ ဦးကို အင်ဒိုနီးရှားသို့စေလွှတ်ရန် မြန်မာ အာဏာပိုင်များနှင့် မူအားဖြင့် သဘောတူညီမှုရရှိခဲ့ကြောင်း ရဲမှူးကြီး ခင်မောင်လှက အောက်တိုဘာ ၅ ရက်၌ သတင်းထောက်များကို ပြောကြားသည်။

လွန်ခဲ့သောလေးလခန့်က အင်ဒိုနီးရှားမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော လုပ်သား ၅၀၀ ကျော်မှာ ၎င်းတို့အလုပ်လုပ်ခဲ့သော ကုမ္ပဏီများမှ လစာ မရရှိခဲ့ကြပေ။ ဤကဲ့သို့ဖြစ်ရခြင်းမှာ နေရာထိုင်ခင်းနှင့် အစားအစာမလုံလောက်မှုကြောင့် မြန်မာအာဏာပိုင်များနှင့် အင်ဒိုနီးရှားအာဏာပိုင်များက ထိုရေလုပ်သားများအား မြန်မာနိုင်ငံသို့ အဆောတလျင်ပြန်လည်ရောက်ရှိရေးကိုသာ ဦးစားပေးလုပ်ဆောင်လိုက်ရခြင်းကြောင့် ဖြစ်ကြောင်း၊ သို့သော်လည်း နှစ်နိုင်ငံအာဏာပိုင်များ အနေဖြင့် ကျန်ရှိနေသော မြန်မာရေလုပ်သားများ၏ လစာနှင့် နစ်နာကြေးများရရှိရေးကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရဲမှူးကြီး ခင်မောင်လှက ပြောကြားသည်။

ထို့ပြင်ရဲမှူးကြီးခင်မောင်လှက အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် သောင်တင်နေသော မြန်မာရေလုပ်သား ၃၀၀ ကျော်ထဲမှ ၁၇၆ ဦးမှာ စက်တင်ဘာလက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် ၎င်းတို့၏ အလုပ်ရှင်များထံမှ လစာကို လက်ခံရရှိခဲ့ကြကြောင်း၊ ယင်းရေလုပ်သားများသည် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဖြစ်ပေါ်သည့် နစ်နာကြေးပြဿနာကို မြန်မာနှင့် အင်ဒိုနီးရှားအာဏာပိုင်များ ဝင်ရောက်ဖြေရှင်းပြီးသည့် အခါမှသာ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံရသူများဖြစ်ကြောင်း ဆိုသည်။

မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ တာဝန်ရှိသူများက လူကုန်ကူးမှုပြဿနာကို ဖြေရှင်းရန် အောက်တိုဘာ ၂၀ နှင့် ၂၁ ရက်တို့တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဒုတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်၊ တန်ဂျန်ပီနန်နှင့် မဲလ်လာ ဘွန်ကျွန်းများတွင် သောင်တင်နေသော မြန်မာရေလုပ်သား ၁၃၀ ကျော်မှာ ယခု အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။ **(ဂျီအင်န်အယ်လ်အမ်)**

# တပ်မတော်သားတို့၏အခြေခံဖြစ်သော စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ခြင်းဆိုသည့် တပ်မတော်၏အစဉ်အလာကောင်းများထိန်းသိမ်း





**နေပြည်တော် အောက်တိုဘာ ၆**

ဒီမိုကရေစီ အစိုးရလက်ထက်တွင် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်လျက်ရှိပြီး ပြည်သူလူထု၏ အကျိုးစီးပွား ဖော်ဆောင်ပေးခြင်းနှင့် အသက်အိုးအိမ်စည်းစိမ်များ ကာကွယ်ပေးသည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အပေါ် ပြည်သူလူထုက နားလည်လာသည်ကို မျက်ဝါးထင်ထင် တွေ့ရကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာ ၅ ရက် မွန်းလွဲပိုင်းတွင် သံဖြူဇရပ်တပ်နယ်ရှိ တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဝင်း၊ သံဖြူဇရပ် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားများအား ဂုဏ်သိက္ခာရှိရှိ ရပ်တည် လုပ်ကိုင်နိုင်ရမည်ဆိုသည့် မူဝါဒ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Standard Army ဖြစ်အောင် တည်ဆောက်ရာတွင် ခေတ်မီသည့် စစ်လက်နက်ပစ္စည်းများရှိရန်လိုအပ်ပြီး ယင်းပစ္စည်းများကို ကိုင်တွယ်အသုံးပြုနိုင်သည့် အရည်အချင်းရှိသော စစ်သည်များ ဖြစ်ပေါ်လာရေးအတွက် လေ့ကျင့်မှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်အပေါ် သစ္စာရှိရှိတာဝန်သိသိ ထမ်းဆောင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၁ ရက်က ရာထူးတိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ နောင်တွင်လည်း ဆက်လက်တိုးမြှင့်ပေးမည်ဖြစ်ပြီး တပ်မတော်အပေါ် ပေးဆပ် ဆောင်ရွက်ခြင်းကြောင့် ယခုလို ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကိုမြင့်မားအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးစောင့်ထိန်းကာကွယ်လိုသည့် စိတ်ဓာတ်ခိုင်မာလာမည်ဟု ယုံကြည်ကြောင်း၊ တပ်မတော်သားတို့၏ အခြေခံဖြစ်သော စိတ်ဓာတ်ကောင်းမွန်ခြင်းနှင့် စည်းကမ်းကောင်းမွန်ခြင်း ဆိုသည့် တပ်မတော်၏ အစဉ်အလာကောင်းများကို အစဉ်အမြဲထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ကြီးကြပ်ကွပ်ကဲမှု အနည်းဆုံးနှင့် လုပ်ငန်းတာဝန်များ အောင်မြင်အောင် ထမ်းဆောင်နိုင်သည့် စစ်သည်များဖြစ်အောင် လေ့ကျင့်ရန်လိုအပ်ကြောင်း၊ ယင်းအလေ့အကျင့်ကောင်းများဖြင့် တည်ဆောက်မှသာ ပြည်သူနှင့် နိုင်ငံတော်မှ အားထားသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တပ်မတော်၏ မူဝါဒမှာ ဒို့တာဝန် အရေးသုံးပါးအား လုံးဝအထိအခိုက်မခံနိုင်ကြောင်း၊ ပိုမိုပြည့်စုံရန် ငြိမ်းချမ်းရေးမူ ၆ ချက် ချမှတ်ခဲ့ကြောင်း၊ မကြာမီ ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားရတော့မည်ဖြစ်ကြောင်း၊ တိုင်းပြည်တစ်ပြည် တိုးတက်ဖို့ရာ တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ လိုက်နာရန်လိုအပ်ကြောင်း၊ ဥပဒေနှင့်အညီ နေထိုင်ပြီး ပေးထားသည့် အခွင့်အရေးများကို စနစ်တကျ နေထိုင်အသုံးချရန် လိုအပ်ကြောင်း၊ လာမည့် နိုဝင်ဘာ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် ဒေသနှင့် တိုင်းပြည်အပေါ် အမှန်တကယ်ကောင်းအောင် ဆောင်ရွက်ပေးနိုင်မည့်သူများကို စဉ်းစားရွေးချယ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ ကျောင်းသုံး ဗလာစာအုပ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေအတွက် ထောက်ပံ့ငွေကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းက စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြာအင်းဆိပ်ကြီးတပ်နယ်သို့သွားရောက်၍ နယ်မြေခံတပ်ရင်းရှိ သူရငွေထွန်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ ကျောင်းသုံး ဗလာစာအုပ်များကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေအတွက် ထောက်ပံ့ငွေကို လည်းကောင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြ သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(မြဝတီ)**

# နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ တွင် ခွင့်ပြုလုပ်ငန်းပေါင်း ၁၂၁၉ ခုရှိ



**နေပြည်တော် အောက်တိုဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အမှာစကားပြောကြားရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ အဓိကလုပ်ငန်းစဉ်နှစ်ရပ်မှာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်နှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအတွက် အကျိုးရှိစွာဆောင်ရွက်နိုင်ရေးအတွက် မူဝါဒ၊ လုပ်ငန်းစဉ်များ စနစ်တကျ ချမှတ်ဆောင်ရွက်နေပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီမံကိန်းရေးဆွဲဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်လိုအပ်ပြီး အကျိုးရှိသည့်လုပ်ငန်းများ ဖြစ်စေရေးအတွက် တာဝန်ရှိသူများက စနစ်တကျ ကွင်းဆင်းလေ့လာသုံးသပ်ပြီးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းအစီအမံများကိုလည်း စနစ်တကျပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်ရေး၊ အရည်အသွေးကောင်းမွန်သည့် လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်လင်းစွာတင်ပြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုလုပ်ငန်းပေါင်း ၂၃၃၉ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုလုပ်ငန်းပေါင်း ၉၅၈ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုလုပ်ငန်းပေါင်း ၁၂၁၉ ခု တို့ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိမ်းစားငါးပိများတွင် ဆိုးဆေးကင်းရှင်းရေး အလုပ်ရုံဆွေးနွေး

**ပုသိမ် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ဆရာဝန်အသင်းခန်းမ၌ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော စိမ်းစားငါးပိများတွင် ဆိုးဆေးကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ကြီးမှူးကျင်းပရာ အခမ်းအနားသို့ အစာအာဟာရဆိုင်ရာသိပ္ပံနှင့် နည်းပညာအသင်းမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ငါးပိထုတ်လုပ်ရောင်းချသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်က အစားအသောက်များတွင် ဆိုးဆေးသုံးစွဲထုတ်လုပ်သူ ပပျောက်ရေး၊ စားသုံးသူများက ဆိုးဆေးသုံးစွဲထားသည့် အစားအစာများစားသုံးခြင်းမှ ကင်းဝေးကာ ဆိုးကျိုးများ ဖြစ်ပေါ်လာပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်တို့ကို ပြောကြားခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးက စိမ်းစားငါးပိများနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးပြီး အစာအာဟာရဆိုင်ရာသိပ္ပံနှင့် နည်းပညာအသင်းမှ ဒေါ်တင်မျိုးမျိုးက Food Additives and Colouring Agents in Foodstuff အကြောင်းကို ဆွေးနွေးတင်ပြပြီး အခမ်းအနားတက်ရောက်လာသူများက အဖွဲ့လိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက အမျိုးသားအစားအသောက်ဥပဒေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

# ရရှိထားသည့် ငြိမ်းချမ်းရေးခိုင်မာမှုကို အခြေခံပြီး ကရင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို တပ်မတော်အနေဖြင့် ဆောင်ရွက်သွားမည်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖာပွန်တပ်နယ်ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသလျက်ရှိသော စစ်သည်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (မြဝတီ)

**နေပြည်တော် အောက်တိုဘာ ၆**

ဖာပွန်ဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုများ ရရှိလာခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် သယ်ယူပို့ဆောင်ရေးကောင်းမွန်လာသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် မကြာမီ NCA လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ ရရှိထားသည့် ငြိမ်းချမ်းရေးခိုင်မာမှုကိုအခြေခံပြီး ဖာပွန်ဒေသအပါအဝင် ကရင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို တပ်မတော်အနေဖြင့် အင်ပြည့်အားပြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာ ၆ ရက်က ဖာပွန်တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံ့အရေးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိကြောင်း၊ ခေတ်မီတပ်မတော်တည်ဆောက်ရာတွင် စိတ်ဓာတ်မြင့်မားရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ပြည့်အငြိမ်းစားယူမည့် စစ်သည်များကို အခြေပြုနေထိုင်မည့်ဒေသများသို့ ပြောင်းရွှေ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အငြိမ်းစားသက်ပြည့်စစ်မှုထမ်းဟောင်းများ၊ ထိခိုက်ဒဏ်ရာရရှိသူများ၊ အသက်ပေးဆပ်သွားသည့် စစ်သည်များ၏ မိသားစုများအတွက် စစ်မှုထမ်းဟောင်းအိမ်ရာများ တည်ဆောက်လျက်ရှိပြီး စစ်မှုဟောင်းဘိုးဘွားရိပ်သာများကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ စစ်ဆင်ရေးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များကိုလည်း အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအတွက် သုတ၊ ရသစာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေအတွက် ထောက်ပံ့ငွေအားလည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မင်းနောင်က အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ကြသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖာပွန်တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြဝတီ)

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖာပွန်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံ အမျိုးသမီးကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိသော မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖာပွန်ခရိုင်စုပေါင်းရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံကာ တည်ငြိမ်အေးချမ်းမှုရှိလာပြီဖြစ်သည့် ဖာပွန်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖာပွန်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာသို့သွားရောက်၍ စစ်မှုထမ်းဟောင်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြဝတီ)**

## တောင်သူပညာပေးသင်တန်းအမှတ်စဉ်(၂/၂၀၁၅) တောင်ကုတ်၌ ကျင်းပ

**သံတွဲ အောက်တိုဘာ ၆**

သံတွဲခရိုင် တောင်ကုတ်မြို့နယ်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် တောင်သူပညာပေး သင်တန်းအမှတ်စဉ်(၂/ ၂၀၁၅)ဖွင့်ပွဲကို အောက်တိုဘာ ၃ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းသင်တန်းဆရာ လေးဦးက မြေဆီလွှာဘာသာရပ်၊ မျိုးကောင်းမျိုးသန့်ဆိုင်ရာ ဘာသာရပ်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ် နှိမ်နင်းခြင်းဆိုင်ရာဘာသာရပ်နှင့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများဆိုင်ရာ ဘာသာရပ်များကို (Power Point)ဖြင့် သင်ကြားပို့ချခဲ့ရာ တောင်ကုတ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၆ အုပ်စုမှ သင်တန်းသားတောင်သူ၅၈ ဦး တက်ရောက်ခဲ့ကြသည်။ ထို့နောက် သင်တန်းသားများ၏ ဆွေးနွေးမေးမြန်းချက်များကို မြို့နယ်ဦးစီးမှူးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကြက်ခြေနီအသင်း (၇၅)ကြိမ်မြောက် ဗဟိုကောင်စီစည်းဝေးမည်

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ (၇၅)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေးကို အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြမည်။ **(မြန်မာ့အလင်း)**

## KIA အဖွဲ့မှ လူသစ်စုဆောင်းခံရသည့် အမျိုးသမီးငယ်တစ်ဦး ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာရှိ တပ်မတော်စစ်ကြောင်းသို့ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီခွဲက KIA အဖွဲ့မှ ထွက်ခွင့်ရရှိသည့် တပ်သားအဆင့်ရှိ အမျိုးသမီးသင်တန်းနည်းပြတစ်ဦး လာရောက်သတင်းပို့သဖြင့် နယ်မြေရဲစခန်းမှုတပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းခဲ့ရာ ၎င်းမှာ တာလောကြီးကျေးရွာ တာချယ်ရပ်ကွက်နေ မနော်လီဇာ(ခ) အေးမြင့်ယဉ်(၁၇ နှစ်) ရှမ်း/ဗုဒ္ဓဘာသာဖြစ်ပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီခန့်က တာချယ်ရပ်ကွက်ရှိ ယာခင်းတွင် မိသားစုနှင့် အတူ တောင်ယာလုပ်ကိုင်နေစဉ် KIA အဖွဲ့က တပ်သားသစ်အဖြစ် အဓမ္မ စုဆောင်းခဲ့ကြောင်း။

ယင်းနောက် လိုင်ဇာမြို့အနီး မုန်ဆန်ယန် သင်တန်းကျောင်းတွင် တပ်သားသစ်သင်တန်းတက်ပြီး ၎င်းသင်တန်းကျောင်းတွင်ပင် သင်တန်းနည်းပြတာဝန် ထမ်းဆောင်ခဲ့ပြီး တစ်နှစ်ကျော်ခန့်တွင် ထွက်ပြေးခဲ့ရာ ဖမ်းဆီးမိသဖြင့် ပြန်လည်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ တပ်ဖွဲ့ဝင်တစ်ဦးနှင့်အိမ်ထောင်ကျမှသာ ထွက်ခွင့်ရမည်ဖြစ်ကြောင်း သိရသဖြင့် ၂၀၁၄ ခုနှစ် မေလတွင် လိုင်ဇာမြို့ရှိ KIA အုပ်ချုပ်ရေးရုံးမှ တပ်ကြပ်ကြီးအဆင့်ရှိ လတ်အောင်နှင့် အိမ်ထောင် ပြုခဲ့ရာ ထွက်ခွင့်ရ၍ “ဂျီယန်ဒုက္ခသည်စခန်း” တွင် တစ်နှစ်ကျော်ခန့် သွားရောက်နေထိုင်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာမှ တစ်ဆင့် အောက်တိုဘာ ၄ရက်၌ တာလောကြီးကျေးရွာရှိ တပ်မတော်စစ်ကြောင်းသို့ လာရောက်သတင်းပို့ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုအခါ ရှစ်လအရွယ်ကလေးနှင့်အတူ မိဘဆွေမျိုးများနှင့် နေထိုင်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၆

**ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် ရေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ရန် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဇေယျာသုခ ကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အင်္ဂပူမြို့ စံကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တစက္ကိန္ဒ (ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာအကျော်) အရှင်သူမြတ်အမှူးပြုသော မြို့နယ်သံဃနာယကဆရာတော်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်သံဃာတော်များ တက်ရောက်ကြသည်။**



အခမ်းအနားသို့ သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသော ပရိသတ်အပေါင်းက ရှမ်းတောကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုန္ဒာ သိရီထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ရှမ်းတောကျောင်းဆရာတော် ဘဒ္ဒန္တ ကုန္ဒာ သိရီထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အင်္ဂပူမြို့ စံကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တစက္ကိန္ဒ (ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာအကျော်)ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေကြီးရေလျှံမှုဒဏ်ကြောင့် ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများအား ပြုပြင်ရန် အလှူငွေ ကျပ် ၂၉၇ သိန်းအား ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အင်္ဂပူမြို့ စံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ ဆန် ၁၀၈ အိတ်၊ ဆီပိသ္သာ ၇၀၊ သင်္ကန်း ၂၄၅ စုံ၊ ထီး ၁၅၂ ချောင်း၊ ဖိနပ် ၁၅၂ ရံ၊ သပိတ် ၁၅၂ လုံး၊ စတီးချိုင့် သုံးဆင့် ၁၀၈ လုံး၊ စတီးဇွန်း ၅၄ ဒါဇင်၊ အချိုရည် ၁၀၈ ကတ်၊ လက်နှိပ်ဓာတ်မီး ၁၅၂ လက်၊ လှူဖွယ်ပစ္စည်းခြင်းငါးခြင်း၊ မွေ့ရာငါးထည်၊ စောင်ငါးထည်၊ ရေသန့် ပါကင် ၁၀၀၊ ဗလာစာအုပ် ၅၄ ဒါဇင်၊ ဆေးမျိုးစုံ ၅၄ ထုပ်၊ မျက်နှာသုတ်ပဝါ ၁၅၂ ထည်၊ မြန်မာ-တရုတ် လူမျိုးများ ပရဟိတကူညီမှုအသင်းက လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်၊ လက်ဖက်၊ ငါးသေတ္တာ၊ ပဲ၊ ဂျပ်ခုတ်စောင်၊ ဓာတ်ဆား စသည်တို့ပါဝင်သည့် ပစ္စည်းစုံ ၁၀၈ အိတ်နှင့် ရွှေသံလွင်ကုမ္ပဏီမိသားစုက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အပါအဝင် စုစုပေါင်းလှူဒါန်းမှုတန်ဖိုး ငွေကျပ် ၄၄၄ သိန်းတစ်သောင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သောက်ရေသန့်စက်ခုနစ်စုံ လှူဒါန်းထောက်ပံ့တပ်ဆင်ပေးမည်

**ရန်ကုန် အောက်တိုဘာ ၆**

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော မင်္ဂလာမြန်မာအသင်းနှင့် စင်ကာပူနိုင်ငံရှိ စင်ကာပူအပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်းတို့မှ ပူးပေါင်း၍ နိုင်ငံအသီးသီးသို့ ရေသန့်စက်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ဩစတြီးယားနိုင်ငံရှိ SFC Umwelttechnik GmbH အင်ဂျင်နီယာကုမ္ပဏီအဖွဲ့မှထုတ်လုပ်သည့် ရေသန့်စက် (PORTABLE WATER TREATMENT SYSTEM) များအား ကော့မှူးမြို့နယ်ရှိ ပြည်သူ့ဆေးရုံနှင့် ကျေးရွာများဖြစ်သော နတ်စင်ကုန်း၊ ပိန္နဲကုန်း၊ ဝါးပလောက်တောက်၊ မှော်တော၊ ကျုံဒရယ်နှင့်ငှက်အော်စမ်းကျေးရွာများရှိ လူနေအိမ်ခြေများအတွက် လာမည့်တစ်လအတွင်း လှူဒါန်းထောက်ပံ့တပ်ဆင်ရန် စီစဉ်နေကြပြီဖြစ်သည်။

ထိုအတွက်ကြောင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရေဘေးသင့်ဒေသများရှိ ညစ်ညမ်းသွားသည့် ရေများအားသောက်သုံး၍ ရနိုင်သည်အထိ ပြန်လည်သန့်စင်နိုင်သော အလွယ်တကူသယ်ယူနိုင်သည့် ရေသန့်စက်သရုပ်ပြမိတ်ဆက်ခြင်းကို မြေပဒေသာဥယျာဉ်အတွင်းရှိ Dolphin Restaurant ၌ အောက်တိုဘာ ၅ ရက်က ကျင်းပရာ SFC Umwelttechnik GmbH မှ မန်နေးဂျင်းဒါရိုက်တာ Franz Christian URSTOGER က ရေသန့်စက်အသုံးပြုပုံအား လက်တွေ့သရုပ်ပြသခဲ့သည်။ **(အပေါ်ယာပုံ)**



မင်္ဂလာမြန်မာအသင်းမှ ဒါရိုက်တာ ဒေါက်တာ ဖုန်းဝင်းက " ဒီသောက်ရေသန့်စက်က မြန်မာနိုင်ငံနဲ့ကိုက်ညီမှုရှိပါတယ်၊ မြန်မာနိုင်ငံမှာ ရွာပေါင်း ၆၀၀၀၀ ရှိပါတယ်၊ ဒီရေသန့်စက်က တစ်နိုင်ငံလုံးအတိုင်းအတာရဲ့ ၁၀ ရာခိုင်နှုန်းလောက် လိုအပ်မယ်ဆိုလို့ရှိရင် ရေသန့်စက်ထုတ်လုပ်တဲ့ ဩစတြီးယားနိုင်ငံက အစိုးရရဲ့ အတိုးမဲ့ချေးငွေနဲ့ ကူညီထောက်ပံ့တပ်ဆင်နိုင်အောင် ကျွန်တော်တို့က ဆောင်ရွက်ပေးမှာပါ၊ လတ်တလောချေးငွေကို ခြောက်နှစ်ခွဲက လုံးဝပေးချေစရာမလိုပါဘူး။ အဲ့ဒီနောက်ပိုင်း ၁၆ နှစ်ခွဲကျမှ ပေးဆပ်ရမှာပါ ၂၂ နှစ်ခွဲကြာ ပေးဆပ်နိုင်တဲ့ အတိုးမဲ့ ချေးငွေပါ။ ဒီရေသန့်စက်က ပင်လယ်ဆားငန်ရေတော့ မရပါဘူး။ အခြားမသန့်ရှင်းတဲ့ ညစ်ညမ်းရေများအတွက် သန့်စင်ပြီး သောက်သုံးရေလုပ်ဆောင်နိုင်ပါတယ်၊ ဒီနှစ်အတွက် ရေသန့်စက်များတပ်ဆင်ဖို့ကို ရွာပေါင်း ၂၀၀၀ လောက် မျှော်မှန်းထားပြီး လာမယ့်နှစ်အတွက် ရွာပေါင်း ၄၀၀၀ လောက်ကို ရေသန့်စက်တပ်ဆင်ပေးဖို့မှန်းထားပါတယ်၊ ရေဘေးသင့်ဒေသများ အသုံးပြုနိုင်ဖို့အတွက် ဒီရက်ပိုင်းအတွင်းမှာ နေပြည်တော်မှာရှိတဲ့သက်ဆိုင်ရာ တာဝန်ရှိသူများကို သွားရောက်ရှင်းလင်းပြောကြားမှာပါ" ဟု ရှင်းပြသည်။

အဆိုပါ အလွယ်တကူသယ်ယူနိုင်သော ရေသန့်စက် တစ်စုံလျှင် ရန်ကုန်ဆိပ်ကမ်းအရောက် မြန်မာငွေကျပ် ၁၉ သိန်း (ယူရိုငွေ ၁၃၃၀)နီးပါး ကျသင့်မည်ဖြစ်ပြီး ရေသန့်စက်တစ်စုံမှာ တစ်ရက်လျှင် လီတာပေါင်း ၂၀၀၀ ခန့် ထုတ်လုပ်ပေးနိုင်ကြောင်းနှင့် WHO အဆင့်ထက် ပိုမိုကောင်းမွန်ကာ လူဦးရေ ၅၀၀ အတွက် သောက်ရေသန့် လုံလောက်စွာ ရရှိနိုင်ကြမည်ဖြစ်သည်။ သေးငယ်၍ သယ်ယူရလွယ်ကူသော အဆိုပါသောက်ရေသန့်စက်ကို ထုတ်လုပ်တပ်ဆင်ရန်အတွက် ရက်သတ္တပတ် အနည်းငယ်သာလိုအပ်ပြီး လျှပ်စစ်ဓာတ်အားမလိုအပ်ခြင်း၊ ရေစက်နှင့် အခြားစက်ကိရိယာမလိုအပ်ခြင်း၊ ဓာတုဗေဒပစ္စည်း မလိုအပ်ခြင်း၊ အခြားထိန်းသိမ်းစရိတ်ကုန်ကျငွေများ မလိုအပ်ခြင်းကြောင့် ကျေးရွာများ၊ ကျောင်းများတွင် ထားရှိရန်သင့်လျော်ပြီး စက်တစ်စုံလျှင် သက်တမ်းကာလ ၁၀ နှစ်ကြာအသုံးပြုနိုင်ကြောင်း သိရသည်။

ယခု ရေသန့်စက်အား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ရေဘေးသင့်ဒေသများအား ဦးစီးကူညီဆောင်ရွက်နေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနများသို့လည်း ရေသန့်စက်တစ်စုံစီကို မကြာမီ လှူဒါန်းရန်စီစဉ်ထားကြောင်း မင်္ဂလာမြန်မာအသင်းမှ သိရသည်။

**သတင်း-(စိုးဝင်း-SP)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



သံတွဲ-ဂွလမ်းမိုင် (၂၆/၇-၂၇/၀) ကြား တံတားအမှတ်(၁၀/၂၇) အရှည်ပေ ၄၀ တံတားနိမ့်ကျ၍ ချဉ်းကပ်လမ်းပြတ်ပါသွားခဲ့သည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



သံတွဲ-ဂွလမ်း မိုင် (၂၆/၇-၂၇/၀) ကြား တံတားအမှတ်(၁၀/၂၇) အရှည်ပေ ၁၄၀ တစ်လွှာတစ်ထပ် ဘေလီတံတားကို ပြုပြင်ဆောင်ရွက်ပြီးနောက် မော်တော်ယာဉ်ဖြတ်သန်းသွားလာစဉ်။ (ဆောက်လုပ်ရေး)

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၆**

ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော်(ရုံးချုပ်)၌ ယနေ့တွင် AUNGKANBO Trading Co., Ltd. က ငွေကျပ်သိန်း ၅၀၀ နှင့် ကျပ်သိန်း ၁၇၀ တန်ဖိုးရှိ မိုးကာတဲ အလုံး ၁၀၀၊ Chongqing Yinxiang Group, China က ကျပ်သိန်း ၂၅၅ တန်ဖိုးရှိ တီရှပ်အထည် ၅၀၀၀ နှင့် မိုးကာတဲ အလုံး ၁၀၀၊ Product Services Department Myanmar Brewery Limited က ငွေကျပ်ခြောက်သိန်းတို့ကို လာရောက်လှူဒါန်းသည်။

ယင်းအပြင် Friends in Need (OF PA) Volunteer Thiland က အမေရိကန်ဒေါ်လာ ၅၅၀၅၉ ဒသမ ၂၃၊ Rh Ministarstvo Vanjskih Poslova က အမေရိကန်ဒေါ်လာ ၅၃၇၃၈ ဒသမ ၆၂ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၈၇၉၇ ဒသမ ၈၅ ကို နိုင်ငံခြားအလှူငွေစာရင်း အမှတ် (1DA-0300086)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းကြသည်။

အဆိုပါ လှူဒါန်းခဲ့မှုများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူပြီး **(ယာပုံ)** ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေစုစုပေါင်းမှာ ၈၀၆၁၅၁၇၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၁၇၄၉၂ ဒသမ ၂၆ နှင့် ယူရို ၃၀၀ တို့ဖြစ်သည်။ လက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ဘေးသင့်ဒေသများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ကရင်ပြည်နယ်အတွင်း ပြည်သူများ၏ကျန်းမာရေးအတွက် အခမဲ့ကွင်းဆင်းဆေးကုသ



**ဘားအံ အောက်တိုဘာ ၆**

ကရင်ပြည်နယ် အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီမှစတင်၍ နဘူးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် အခမဲ့ ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုဆေးကုသအဖွဲ့တွင် မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ စိတ်ရောဂါအထူးကု၊ အရေပြားအထူးကု၊ ခွဲစိတ်အထူးကု၊ အရိုးအကြောအထူးကု၊ ကလေးအထူးကု၊ ပြန်လည်သန်စွမ်းရေး အထူးကု၊ သားဖွားမီးယပ်အထူးကု၊ သွားအထူးကု၊ သမားတော်ကြီးနှင့် တိုင်းရင်းဆေးအစရှိသည့် အထူးကုဆရာဝန် စုစုပေါင်း ၁၃ ဦး ပါဝင်ပြီး နဘူးတံခွန်တိုင်၊ နဘူးနှစ်ခြား၊ မြပတိုင်၊ ခနိမ်းဖော၊ အင်းရှည်၊ နောင်တကွဲ၊ နောင်ထပ်ပံကျေးရွာ အုပ်စုများမှ ကျေးရွာသူ ကျေးရွာသား ၉၇၄ ဦးတို့အား ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေးခဲ့ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်အလက် ၁၄၀ အခမဲ့ဖြန့်ဝေတပ်ဆင်ပေးခဲ့သည်။

အဆိုပါ ပြည်နယ်အထူးကုအဖွဲ့ကွင်းဆင်းဆေးကုသနေမှုများအား ကရင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ်ဦးစောဝင်းထိန်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်တို့က လိုက်လံကြည့်ရှုအားပေးပြီး မြပတိုင်ကျေးရွာမှ အသက် ၁၀၁ နှစ်ရှိ အဘွားဒေါ်မူးပွန် အပါအဝင် အဘိုးအဘွားများအား အာဟာရဖြည့်စွက်အစားအစာများ၊ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်နယ်အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် ဝေးလံဒေသများတွင်ရှိသည့် လုပ်သားပြည်သူများအား လစဉ်အခမဲ့ကွင်းဆင်းဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ် အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး Recovery Plan ရေးဆွဲရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ အတွင်းရေးမှူး ဦးအေးကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးဦးသန်းစိုးက လုပ်ငန်းများနှင့်ပတ်သက်သည့် လက်ရှိလုပ်ဆောင်ထားမှုများ၊ ရှေ့ဆက်လုပ်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက်လုပ်ဆောင် နေသောလုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး အတွင်းရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်းများ အခမဲ့ဖွင့်

**မြောင်းမြ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မဒေ့ါချောင်းကျေးရွာတွင် ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများမှ ချွတ်ယွင်းပျက်စီးမှုများရှိခဲ့လျှင် စက်ပြင်ဆရာများရှားပါးလာခြင်းကြောင့် လယ်ယာလုပ်ငန်းခွင့်တွင် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရသည်။ ထိုအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရန် မြောင်းမြမြို့နယ် စခန်းကြီးကျေးရွာမှ စက်မှုကျောင်းဆင်း စက်ပြင်ဆရာ မန်းရွှေဇံက ကျေးရွာများသို့သွားရောက်ကာ စာတွေ့၊ လက်တွေ့ ၁၀ ရက်ကြာ ရွှေ့လျားစက်ပြင်သင်တန်းအဖြစ် ပညာဒါနအဖြစ်သင်ကြားပို့ချပေးခြင်းဖြစ်ပြီး အနီးကျေးရွာများမှ တောင်သူလယ်သမား သားသမီးများ အပါအဝင် စိတ်ပါဝင်စားသူ ၂၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေတောင်သူများအတွက် ဖွင့်လှစ်ပေးသော အဆိုပါပညာဒါန စက်ပြင်သင်တန်းကို စက်တင်ဘာလအတွင်းကလည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ရာဒေသဖြစ်သည့် ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်အရ ကျေးရွာဒေသများမှ တောင်းဆိုလာပါက မြောင်းမြမြို့နယ်တွင်သာမက မည်သည့်မြို့မဆို ပညာဒါနအဖြစ်သွားရောက် ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကာ ဖုန်း ၀၉-၄၅၁၂၄၁၆၀၇ သို့ ဆက်သွယ်နိုင်ကြောင်း စက်ပြင်ဆရာက ပြောကြားသည်။

**အောင်မင်း(ပြန်/ဆက်)**



အောက်တိုဘာ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက္ကာကျေးရွာသစ်၌ စက်ယန္တရားများအသုံးပြု၍ လမ်းဖော်ပေးနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဂျူနိုင်း

❖ *ကျောဖုံးမှ*

ထိုသို့သဘာဝတောင်ပြိုရေကန် ကျိုးပေါက်နိုင်သည့် အခြေအနေမရှိဟု သုံးသပ်ခဲ့ကြသော်လည်း ကျိုးပေါက်ခဲ့ပါက ချောင်းတစ်လျှောက်တွင် အန္တရာယ်ဖြစ်ပွားနိုင်သည့် ကျေးရွာများမရှိကြောင်းနှင့် ရာဇဂြိုဟ်ရေလှောင်တမံရေပိုလွှဲမှ ရေကျော်လျှင်လည်း တမံအောက်ဘက်ရှိ ကျေးရွာနေပြည်သူများအတွက် ရေဘေးအန္တရာယ်မရှိနိုင်ကြောင်း သိရသည်။

ကလေးမြို့ခံ ပရဟိတသမားများက သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သော ကျေးရွာများသို့ သွားရောက်ကူညီမှုများ ပြုလုပ်ခဲ့ရာတွင် တောင်ပေါ်ကျေးရွာအချို့မှာ ပြောင်းရွှေ့သင့်ပြီး အဆိုပါကျေးရွာများသို့ ကူညီကယ်ဆယ်မှုများ သွားရောက်ခဲ့ရာတွင်လည်း လမ်းပန်းဆက်သွယ်ရေးမှာ အခက်အခဲများရှိနေသေးကြောင်း ၎င်းတို့က အကြံပြုပြောကြားသည်။

"သဘာဝဘေးကြောင့် မြေပြိုတော့ ယာခင်းထဲမှာ နေထိုင်နေတဲ့သူ ခုနစ်ဦး ပျောက်ဆုံးသွားတယ်။ ကျန်ရစ်သူမိသားစုတွေမှာ ကလေးငယ်လေးတွေလည်းပါသလို နို့စို့အရွယ် ကလေးလေးတွေလည်းပါတယ်။ သက်ကြီးရွယ်အိုအဘွားက စောင့်ရှောက်နေရတယ်။ မိဘတွေက တောင်ယာခင်းထဲမှာ အိပ်ကြတော့ မြေပြိုချိန်မှာပါသွားကြတာ။ အဲဒီဆယ်ဘော်(sebawk)ရွာနဲ့ အနီးတစ်ဝိုက်ကရွာတွေမှာ မြေအက်ကွဲမှုတွေရှိနေတော့ နေထိုင်ဖို့ မသင့်တော်တော့ပါဘူး။ နွေရာသီမှာ ကားသွားလို့ရတဲ့လမ်းတွေက အခုဆိုရင် ဆိုင်ကယ်တောင် သွားလို့မရတော့ဘူး။ ကျွန်တော်တို့အနေနဲ့ နှစ်ခေါက်ရှိပါပြီ။ သွားရောက်ပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မိုးကာသွားထောက်ပံ့ခဲ့တယ်။ သူတို့အတွက် ဆယ်ဘော်ရွာအထက် လေးဖာလုံလောက်အကွာမှာ ယာယီစခန်းလေးတွေ လုပ်ထားပေမယ့် ရွှေ့ပြောင်းပေးနိုင်ဖို့ လိုမယ်ထင်ပါတယ်"ဟု ကလေးမြို့ ငြိမ်းချမ်းရေးကွန်ရက်မှ ချင်းတိုင်းရင်းသား တစ်ဦးဖြစ်သူ ဂျီအက်စ်မန် (Gs Mang)က ပြောသည်။

အဆိုပါ ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ ဆယ်ဘော်ရွာမှ သုံးမိုင်ခန့်ရှိတောင်ယာအနီးတွင် ဩဂုတ် ၁ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ပြီး လူခုနစ်ဦး ပျောက်ဆုံးခဲ့မှုဖြစ်စဉ်ကို ချင်းပြည်နယ်အစိုးရအဖွဲ့က ဩဂုတ် ၄ ရက်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီသို့ တင်ပြထားရှိပြီး ဘေးသင့်သေဆုံးစာရင်းတွင် ထည့်သွင်းထားရှိမှုနှင့်အတူ သေဆုံးသူများ၏ အထောက်အထားများ ဆက်သွယ်တောင်းခံ၍ ထောက်ပံ့ငွေပေးအပ်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ သဘာဝဘေးကျရောက်ခဲ့သော ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ တွီးခိန်ဇံနှင့် ဟားခါးလေးကျေးရွာများအပါအဝင် မြေအနေအထား ခိုင်ခန့်မှုမရှိဘဲ အန္တရာယ်ရှိနိုင်သည့် တောင်ပေါ်ကျေးရွာများဖြစ်သော ဆယ်ဘော်၊ ဟိုင်ဟဲ့၊ မအိုလွန်း စသည့်ရွာများကို စုစည်း၍ တွီးခိန်ဇံနှင့် ဟားခါးလေးကျေးရွာမှ တစ်မိုင်ခန့်အကွာရှိ ဧရိယာ ၂၃၂ ဧကရှိသော ကြိုးပြင်ကာကွယ်တောနေရာသို့ ပြောင်းရွှေ့နေရာချထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သဘာဝဘေးကြောင့် ကယ်ဆယ်ရေးစခန်းကို ရွှေ့ပြောင်းထားရတဲ့ တွီးခိန်ဇံနှင့် ဟားခါးလေးကျေးရွာတွေအပါအဝင် မြေအနေအထား ခိုင်ခန့်မှုမရှိတဲ့၊ အန္တရာယ်ရှိနိုင်တဲ့ ဆယ်ဘော်၊ ဟိုင်ဟဲ့၊ မအိုလွန်း စတဲ့ တောင်ပေါ်ကျေးရွာတွေကို စုစည်းပြီး ပြောင်းရွှေ့နေရာချထားနိုင်ဖို့ ချင်းပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြထားပါတယ်"ဟု တွန်းဇံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေးက ပြောသည်။

ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသော ဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ဆန်နှင့် အရေးပေါ်အစားအစာများ ထောက်ပံ့ခြင်းနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများ ထောက်ပံ့ခြင်းများအပြင် သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူများအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထောက်ပံ့လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

ချင်းပြည်နယ်သို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရောက်ရှိခဲ့စဉ်ကလည်း သဘာဝတောင်ပြိုရေကန်နှင့်ပတ်သက်၍ ဂရုပြုဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ပြုလုပ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင်၊ ထိုမှတစ်ဆင့် မူလထက်ပိုမိုကောင်းမွန်သောအနေအထား ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံတကာမှ အစိုးရမဟုတ်သည့်အဖွဲ့များ၊ ပရဟိတအဖွဲ့များအပြင် အများပြည်သူတို့က ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်ဖျားသည့် ကျေးရွာများသို့ သွားရောက်နိုင်ခြင်း မရှိသေးခြင်းများလည်း ရှိနေသေးကြောင်း သိရသည်။

"ရာဇဂြိုဟ်အထက်က သဘာဝတောင်ပြိုရေကန်ဟာ စိုးရိမ်စရာမရှိဘူးလို့ ဆည်မြောင်းဘက်က ပြောကြားတာ သိရပါတယ်။ အကယ်၍ ပြိုဆင်းခဲ့ရင်တော့ ဆည်ထဲကို နုန်းတွေဝင်ရောက်နိုင်ပါတယ်။ ဆရာဦးထွန်းလွင်က မုန်တိုင်းရှိဦးမယ်ဆိုတော့ အဲဒီအနေအထားဆိုရင် ဘယ်လိုဖြစ်နိုင်မလဲ စိတ်ဝင်စားတာပေါ့"ဟု သဘာဝတောင်ပြိုရေကန်များအကြောင်း လေ့လာသုံးသပ်နေသူနှင့် ယင်းအကြောင်းအရာနှင့် သိသင့်သိထိုက်သည့် ဗဟုသုတများရေးသားနေသူ ဦးမောင်မောင်သန်းက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ကလည်း သဘာဝဘေးကျရောက်ပြီး ဒုက္ခရောက်နေကြတဲ့ ရွာလေးတွေအတွက်ဆောင်ရွက်ပေးဖို့ ရှိပါတယ်။ ကလေးမြို့ခံတွေဖြစ်တဲ့ ပရဟိတအဖွဲ့တွေကလည်း ဆောင်ရွက်ပေးနေကြပါတယ်။ အဲဒီနေရာက ချင်းပြည်နယ် တွန်းဇံမြို့နယ်ထဲမှာရှိပေမယ့် တွန်းဇံနဲ့ အဆက်အသွယ်ပြတ်ပြီး ကလေးမြို့နဲ့နီးသလိုဖြစ်နေတယ်။ ဖြစ်တာက ချင်းပြည်နယ်ထဲမှာ၊ ဒီဘက်က လမ်းသာတာက စစ်ကိုင်းတိုင်းဒေသကြီးဘက်ပေါ့။ အဲလိုအခြေအနေတွေဖြစ်နေတယ်"ဟု ဦးမောင်မောင်သန်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ချင်းပြည်နယ်၌ ဖြစ်ပေါ်လာသော သဘာဝတောင်ပြိုရေကန် (Landslide Dam)နှင့် ၃၂ မိုင်ကွာဝေးသည့် ရာဇဂြိုဟ်ဆည်တို့ အန္တရာယ်ဖြစ်နိုင်ခြင်း ရှိ/မရှိအပြင် အလားတူ ဖြစ်ပေါ်လာနိုင်သည့် သဘာဝတောင်ပြိုရေကန်များနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ကျွမ်းကျင်ပညာရှင်များပါဝင်သော ဆွေးနွေးပွဲများပြုလုပ်၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"သဘာဝတောင်ပြိုရေကန်တွေအကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ပြင်ဆင်မှုနဲ့ ကာကွယ်မှုလုပ်ငန်းတွေကို ပေါင်းစပ်ညှိနှိုင်းကာ လုပ်ဆောင်သွားနိုင်ဖို့ တာဝန်ရှိသူတွေ၊ သက်ဆိုင်ရာဌာနတွေနဲ့ ဒေသခံတွေအပါအဝင် ကျွမ်းကျင်နားလည်တဲ့ ပညာရှင်တွေပါဝင်တဲ့ ဆွေးနွေးပွဲတွေပြုလုပ်ကြဖို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညွန့်ထွန်းက လမ်းညွှန်ထားပြီးဖြစ်ပါတယ်"ဟု ယင်းလုပ်ငန်းကော်မတီအတွင်းရေးမှူးတာဝန်ထမ်းဆောင်နေသူနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ပြောကြားသည်။

မကြာမီကုန်ဆုံးတော့မည့် မိုးရာသီတွင် ယင်းသဘာဝတောင်ပြိုရေကန်တည်ရှိရာနေရာသို့ ထပ်မံကွင်းဆင်း၍ စစ်ဆေးဆောင်ရွက်သွားမည်ဟု ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။



ရာဇဂြိုဟ်ရေလှောင်တမံအတွင်း စီးဝင်မည့် နေရဥ္စရာချောင်း၏ ချောင်းလက်တက်ဖြစ်သော တွီးလုံချောင်းဖျားတွင် ဖြစ်ပေါ်လာသည့် သဘာဝတောင်ပြိုရေကန်။ (ဓာတ်ပုံ-ဆည်မြောင်း)

## ကျေးရွာဗဟိုပြု အမျိုးသမီးများ၏လူနေမှုပုံစံမြှင့်ရေးသင်တန်း သထုံတွင်ဖွင့်လှစ်

**သထုံ အောက်တိုဘာ ၆**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ညွှန်ကြားမှုဖြင့် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကာ ကျေးရွာနေ အမျိုးသမီးများကိုယ်တိုင် စွမ်းဆောင်သည့် ကျေးရွာဗဟိုပြုအမျိုးသမီးများ၏ လူနေမှုပုံစံမြှင့် စံပြကျေးရွာဖြစ်မြောက်ရေးသင်တန်းကို သထုံမြို့နယ် အားကစားရုံ၌ အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်က သင်တန်းဖွင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး သထုံမြို့နယ်၏ အသင်းဝင်အဆိုပြုလွှာများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးနွယ်က ပေးအပ်သည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သင်တန်းသူများအတွက် ဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် သထုံခရိုင်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များအတွက် အသိအမှတ်ပြုကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များကို ပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွေမိုးအေးက လက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သထုံမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၅ ရက်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



အောက်တိုဘာ ၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပြင်သာကျေးရွာ၌ လမ်းဘေးဝဲယာ ရေနုတ်မြောင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဂျူနိုင်း)

## ဆောင်းသီးနှံ စိုက်ပျိုးစရိတ်များ ထုတ်ချေး

**ညောင်တုန်း အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ မြို့နယ်မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲ၏ ၂၀၁၅ ခုနှစ် ဆောင်းသီးနှံဘဏ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၄ အုပ်စုအနက် ကျေးရွာအုပ်စု ၃၉ အုပ်စုသို့ ထုတ်ချေးသွားမည်ဖြစ်ရာ နွေစပါးတစ်ဧကငွေကျပ် တစ်သိန်း၊ ဆောင်းသီးနှံတစ်ဧကငွေကျပ်နှစ်သောင်း ဖြင့် တောင်သူ ၇၉၀၀ ၏ လယ်ဧက ၃၀၀၀ ကျော်ကို အောက်တိုဘာ ၅ ရက် နံနက်မှစ၍ထုတ်ချေးလျက်ရှိသည်။ ယခုနှစ်ဆောင်းသီးနှံအတွက် မြို့နယ် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲမှ ငွေကျပ် ၁၀၇၈ ဒသမ ၃ သန်းထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာစိုက်ပျိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးမြင့်ဆန်းထံက သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပါဠိစာပေစာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)က ကြီးမှူးကျင်းပသည့် ပိဋကတ်ဆိုင်ရာစာပေဌာန ပါဠိစာပေစာတမ်းဖတ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ တက္ကသိုလ်ဝင်းရှိ သမဝါယမတန်ဆောင်း၌ ကျင်းပရာ **(ယာပုံ)** နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက သာရဏီယကထာကို မိန့်ကြားတော်မူပြီး ဒုတိယပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကက ဥယျောဇနကထာ မိန့်ကြားတော်မူသည်။

ထို့နောက်စာတမ်းဖတ်ပွဲကို ကျင်းပရာ "ပါဠိစကားပြောနှင့် နေ့စဉ်ဘဝ" စာတမ်း၊ "ပါဠိစကားပြောနှင့် ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန သင်ရိုးညွှန်းတမ်း" စာတမ်း၊ "ပါဠိစကားပြော အထောက်အကူပြုကျမ်းစာများ"စာတမ်း၊ "ရှေးအစဉ်အဆက် ပါဠိဘာသာစကားအရေးပါပုံ" စာတမ်း၊ "ပါဠိသဒ္ဒါ သနေဆေကတ္ထာယပါဒကဘူတာနိ စတုမူလာနိ(ပါဠိစကားပြော ကျွမ်းကျင်ရေးအတွက် အခြေခံမူလေးချက်)"စာတမ်း၊ "ဒိနစရိယာယံ ပါဠိသဒ္ဒါသနံ"စာတမ်းနှင့် "ပါဠိဘာသာယ ဥပကာရကာ သက္ကတဘာသာ(ပါဠိအထောက်အကူပြုသက္ကတဘာသာ)" စာတမ်းတို့ကို ကထိကဆရာတော်များ၊ နယဒေသကဆရာတော်များ၊ တွဲဖက်ဌာနမှူးနှင့် ပါမောက္ခဌာနမှူး ဆရာတော်တို့က ဖတ်ကြားကြသည်။



ယင်းနောက် သဘာပတိဆရာတော် ဒေါက်တာဘဒ္ဒန္တထေရိန္ဒ က ဖတ်ကြားပြီးသော စာတမ်းများနှင့်စပ်လျဉ်း၍ သုံးသပ်မိန့်ကြားတော်မူပြီး ပါမောက္ခချုပ်ဆရာတော်က နိဂုံးချုပ်သမ္မောဒနီယကထာကို မိန့်ကြားတော်မူကာ အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ စာတမ်းဖတ်ပွဲသို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာသင်သား ၁၀၀ ကျော် တက်ရောက်ကြပြီး အဆိုပါ စာတမ်းဖတ်ပွဲသည် ပထမအကြိမ် ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့

World Health Organization

WORLD SIGHT DAY

အောက်တိုဘာလ (၈) ရက်၊ ကြာသပတေးနေ့

" Universal Eye Health; Eye Care For All"

လူတိုင်းမျက်စိကျန်းမာဖို့၊ ဝိုင်းဝန်းကူညီစောင့်ရှောက်စို့။

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)၏ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီစည်းဝေး



နေပြည်တော် အောက်တိုဘာ ၆

**ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီ (၁/၂၀၁၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) စွယ်တော်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ ကောင်စီအဖွဲ့ဝင် ပညာရှင်ကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များကောင်စီဝင် ဖြည့်စွက်ခန့်ထားခွင့်၊ မဟာဝိဇ္ဇာဘွဲ့ (Earn Degree) ချီးမြှင့်အပ်နှင်းခွင့်၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့နှင့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခွင့်တို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပ ပြီး လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးလှမြင့်က ရန်ကုန်မြို့အတွင်း ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရေးအတွက် ယခင်ဘဏ္ဍာရေးနှစ်က လူကူးခုံးကျော် တံတားငါးစင်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် လူကူးခုံးကျော် တံတားခြောက်စင်းကို တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဘက်ပေါင်းစုံတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက ယခင်တစ်ပတ် အစည်းအဝေး ဆုံးဖြတ်ချက်ပါ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့်အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီ ၁၀ ခုတို့မှ အတွင်းရေးမှူးများနှင့် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ရွှေလီ အောက်တိုဘာ ၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၅)ကြိမ်မြောက် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော်ကို အောက်တိုဘာ ၂ ရက်မှ ၄ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

၎င်းပွဲတော်သည် ရွှေလီမြစ်ဝှမ်းဒေသနေ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံသော ပွဲတော်တစ်ခုဖြစ်သည်။ ပွဲတော်တွင် ရိုးရာယဉ်ကျေးမှုများပြသခြင်း၊ ရိုးရာဝတ်စုံများဖြင့် အဖွဲ့လိုက်တီးမှုတ်ကခုန်၍ ဒေသယဉ်ကျေးမှုများကို ပွဲတော်လာသူများအား ဖျော်ဖြေခြင်း၊ ကုန်စည်ကူးသန်း ရောင်းဝယ်ခြင်းနှင့် ကုန်စည်ဖလှယ်မှုမြှင့်တင်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ တိုင်းရင်းသားရိုးရာ အစားအစာများ ခင်းကျင်းပြသသည်။

ယင်းပွဲတော်၌ စိတ်ဝင်စားမှုအရှိဆုံးမှာ နွားလှည်းအလှပြိုင်ပွဲဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ ပုဂံသူ၊ အင်းလေးသူ၊ ဥဿာသူ၊ ဗိဿနိုးသူ၊ ဒဂုံသူ အစရှိသည့် ရှေးခေတ်အမည်များနှင့် ခေတ်အလိုက် ယဉ်ကျေးမှုအလှမယ်လေးများနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး **(ဝဲပုံ)** တရုတ်နိုင်ငံဘက်မှ ကုမ္ပဏီကိုယ်စားပြု၊ ဒေသကိုယ်စားပြု၊ တိုင်းရင်းသားလူမျိုးများ ကိုယ်စားပြုပြီး လှည်းအလှအပများကို ပန်းရောင်စုံဒီဇိုင်းဆန်းများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

**သိန်းဇော်(ရွှေလီဦး)**

# မြန်မာ့ကုန်သွယ်မှုလုပ်ငန်းအား ထောက်ပံ့ငွေချေးရန် ADB နှင့်CB ဘဏ်တို့ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ပြီး

ရန်ကုန် အောက်တိုဘာ ၆

**မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသော သွင်းကုန်၊ ပို့ကုန် လုပ်ငန်းရှင်များအား ငွေကြေးထောက်ပံ့ပေးနိုင်ရန် ADB ကုန်သွယ်မှုထောက်ပံ့ငွေချေးပေးရေးအစီအစဉ်နှင့် မြန်မာနိုင်ငံမှ CB ဘဏ်တို့က မြန်မာ့ကုန်သွယ်မှုလုပ်ငန်းကို ထောက်ပံ့ငွေချေးရေးအတွက် နှစ်ဦးနှစ်ဖက် သဘောတူညီမှုစာချုပ်ကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီခွဲက စာချုပ် ချုပ်ဆိုခဲ့ပြီဖြစ်သည်။** (ယာပုံ)




"ဒီစာချုပ်အရ အသေးစားနဲ့ အလတ်စားချေးငွေလုပ်ငန်းရှင်တွေ အပါအဝင် မြန်မာနိုင်ငံရဲ့ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းရှင်တွေကို CB ဘဏ် အနေနဲ့ ပိုမိုကူညီပံ့ပိုးပေးနိုင်ဖို့ ADB နဲ့ CB ဘဏ်တို့ အခုလို အကျိုးတူ ပူးပေါင်း ဆောင်ရွက်ကြတာဖြစ်ပါတယ်" ဟု စာချုပ်ချုပ်ဆိုပွဲ၌ ADB ၏ Head of Trade Finance ဖြစ်သူ Steven Beck က ပြောကြားသည်။

ယခုကဲ့သို့ ADB မှ မြန်မာနိုင်ငံ၏ ပြည်တွင်းဘဏ်တစ်ခုဖြစ်သော CB ဘဏ်အား ကုန်သွယ်မှုလုပ်ငန်းများအတွက် ချေးငွေထောက်ပံ့ကူညီရန် ADB အစီအစဉ်၏ Trade Finance Finance မှ မြန်မာနိုင်ငံအတွက် ပထမဆုံးကူညီထောက်ပံ့ပေးခြင်းလည်း ဖြစ်သည်။ ယခုသဘောတူစာချုပ်အရ ကုန်သွယ်မှုအတွက် အာမခံချေးငွေမှာ အမေရိကန်ဒေါ်လာ ၁၂ သန်းဖြစ်ပြီး ချေးငွေသက်တမ်းကာလမှာ တစ်နှစ်ဖြစ်သည်။

ယခု စာချုပ်ချုပ်ဆိုနိုင်ခြင်းမှာ မြန်မာ့ကုန်သွယ်ရေးကဏ္ဍနှင့် အလုပ်အကိုင်ဖန်တီးမှုများကို ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။ CB ဘဏ်အနေဖြင့် မြန်မာနိုင်ငံရှိ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းရှင်များအတွက် ကုန်ဝယ်မည့်သူ ပေးချေရမည့်ငွေနှင့် ကုန်ရောင်းမည့်သူ ရရှိမည့်ငွေကို နှစ်ဦးနှစ်ဖက် အဆင်ပြေစေရန် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ကုန်ဝယ်ယူမည့်သူ ပေးချေမည့်ငွေများကို ဝယ်ယူသူက ပစ္စည်းလက်ဝယ်မရရှိမီ ကြားကာလတွင် CB ဘဏ်မှ ဝယ်သူကိုယ်စား ပေးချေရမည့်ငွေကို ပေးချေပါမည်ဟု အာမခံထားသည့် ချေးငွေကတိဝန်ခံချက်ကို နိုင်ငံခြားတိုင်းပြည်များရှိ ရောင်းသူအားငွေပေးချေမည့်ဘဏ်များသို့ အာမခံချက်ပေးခြင်းဖြစ်သည်။ ယင်းသို့ ဝန်ဆောင်မှုပေးခြင်းဖြင့် ရောင်းသူနှင့် ဝယ်သူအကြား ငွေကြေးနှင့်ပတ်သက်ပြီး အခက်အခဲမရှိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံခြားတိုင်းပြည်များမှ CB ဘဏ်နှင့် ဆက်သွယ်ထားသည့် ဘဏ်များနှင့်သာ ကုန်သွယ်မှုပြုလုပ်နိုင်သည် မဟုတ်ဘဲ ပြည်ပမှ CB ဘဏ်နှင့် မဆက်သွယ်ထားသည့် ဘဏ်များကိုလည်း ADB မှ ကြားဝင်ပြီး အာမခံချေးငွေကို ယင်းဘဏ်များသို့ ပေးအပ်ခြင်းဖြင့် တစ်ကမ္ဘာလုံးရှိ ADB နှင့် ချိတ်ဆက်ထားသော ဘဏ်များနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ငွေပေးချေမှုများ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ ယင်းအစီအစဉ်ကြောင့် မြန်မာနိုင်ငံမှ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

# ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပပြီး လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး (မြို့တော်ဝန်) ဦးလှမြင့်က ရန်ကုန်မြို့အတွင်း ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရေးအတွက် ယခင်ဘဏ္ဍာရေးနှစ်က လူကူးခုံးကျော်တံတားငါးစင်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် လူကူးခုံးကျော်တံတားခြောက်စင်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဘက်ပေါင်းစုံ တိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက ယခင်တစ်ပတ် အစည်းအဝေးဆုံးဖြတ်ချက်ပါ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့်အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီ ၁၀ ခုတို့မှ အတွင်းရေးမှူးများနှင့် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

# အောက်တိုဘာ ၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

**၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ အင်္ဂါနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ**

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၆၀၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၆၅၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀၀ မှ ၂၆၇၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၀၀ မှ ၁၉၀၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၄၀ မှ ၂၅၇၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၀၀ မှ ၃၃၅၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀ မှ ၈၇၀ |
| ၁၂ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၆၀၀ မှ ၁၅၀၀ |
| ၁၃ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ |
| ၁၆ | လိမ္မော်သီး | | တစ်ပိဿာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀ မှ ၁၅၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ကျေးရွာမြေငှားဂရန် ဒုတိယအကြိမ်ထုတ်ပေး

ဝါးခယ်မ အောက်တိုဘာ ၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် လမ်းသမိုင်ရွာကြီးကျေးရွာ အမက မူလွန်ကျောင်း၌ အောက်တိုဘာ ၃ ရက်က ကျေးရွာမြေငှားဂရန် ဒုတိယအကြိမ်ထုတ်ပေးခြင်း အခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီး ဦးဝင်းကိုကိုက မြေငှားဂရန် လျှောက်ထားသူများ အနက်မှ တောင်သူ ၁၃ ဦးအား မြေငှားဂရန်များ ထုတ်ပေးခဲ့သည်။

မြေငှားဂရန်ထုတ်ပေးရာတွင် ပထမအကြိမ် ၃၄ ဦးနှင့် ဒုတိယအကြိမ် ၁၃ ဦး စုစုပေါင်း ၄၇ ဦး ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(ဝါးခယ်မ)**


နေပြည်တော်(၁) ဖုန်း - 251277, 251288
မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁, ၀၉၇၃၂၅၄၀၉၂
မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅, ၀၁ ၂၃၀၃၁၆၅, ၀၉ ၇၃၁၇၆၀၀၀
မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
မင်္ဂလာထွန်းသီရိ (မြိတ်) ၀၉၇၉၁၀၈၃၇၅၁, ၀၉၇၉၁၀၈၃၇၅၂




နေပြည်တော်(၂) ဖုန်း - 251277, 251288
မင်္ဂလာ စံပြ ဖုန်း - ၀၉၂၆၀၈၈၇၀၃၅, ၀၁ ၂၃၀၃၁၆၅, ၀၉ ၇၃၁၇၆၀၀၀
မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂



# ဖောင်းပြင်မြို့နယ် မောက်စဖာကျေးရွာအနီး ကုန်တင်အမြန်ရေယာဉ် နစ်မြုပ်

**ဖောင်းပြင် အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် မောက်စဖာအုပ်စု မောက်စဖာကျေးရွာအနီး အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီခွဲက ကုန်တင်အမြန်ရေယာဉ်တစ်စီး နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကနီမြို့နယ် နတ်ကြီးကျေးရွာအုပ်စု ဝါးချောင်းလေးကျေးရွာနေ ရေယာဉ်ပိုင်ရှင် ဦးငြိမ်းမောင်မောင်းနှင်၍ မုံရွာမှဆန်လာသော ဇမ္ဗူဟိန်း ကုန်အမြန်ရေယာဉ်သည် ဖောင်းပြင်မြို့နယ် မောက်စဖာ ကျေးရွာအနီး နစ်မြုပ်ခဲ့ရာ ဖောင်းပြင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် အရာရှိအဆင့်နှစ်ဦး၊ အခြားအဆင့် လေးဦးပါဝင်သော ပူးပေါင်းအဖွဲ့မှ အမြန်ယာဉ်နစ်မြုပ်ရာနေရာသို့ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမြန်ရေယာဉ်ပေါ်တွင် ဘိလပ်မြေ အိတ် ၂၀၀၀၊ ဓာတ်ဆီပီပါအလုံး ၂၀၊ ဒီဇယ်ပီပါရှစ်လုံး၊ ရေသန့်အိတ် ၂၀၊ ဂျုံအိတ် ၂၀ တင်ဆောင်ခဲ့ရာ ယင်းပစ္စည်းများအနက် ဒီဇယ်ရှစ်လုံး၊ ဓာတ်ဆီအလုံး ၂၀၊ ရေသန့် ၁၇ အိတ်၊ ဂျုံ ၁၈ အိတ်တို့ကို ပြန်လည်ဆယ်ယူရရှိခဲ့ပြီး ဆုံးရှုံးမှုပစ္စည်းတန်ဖိုးကျပ်သိန်း ၁၀၀ ကျော် ရှိကြောင်း သိရသည်။ **ဖောင်းပြင်(ပြန်/ဆက်)**

# ဟသ္သာတမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ လူတစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရ

**ဟသ္သာတ အောက်တိုဘာ ၆**

ငါးသိုင်းချောင်းမြို့မှ ငါးသိုင်းချောင်း-ကျုံပျော်-ဟသ္သာတ ကားလမ်းအတိုင်း ဟသ္သာတမြို့သို့ ယာဉ်မောင်း ဆံရှည်(စိစစ်ဆဲ) မောင်းနှင်လာသော ဟွန်းဒိုင်း အမျိုးအစား ဧရာစံမှန်လုံခရီးသည်တင်မော်တော်ယာဉ်သည် အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီက ဟသ္သာတမြို့နယ် ပိတောက်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့လမ်းကွေ့အရောက်တွင် အရှိန်လွန်ပြီး လမ်းယာဘက်သို့ထိုးကျပြီး လမ်းဘေးရှိ သစ်ပင်ကိုဝင်ရောက်တိုက်မိခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် ခရီးသည်အမျိုးသားခြောက်ဦးနှင့် အမျိုးသမီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း၊ လူနာများကို ရှားခဲ တိုက်နယ်ဆေးရုံနှင့် ဟသ္သာတခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှု ခံယူလျက်ရှိ ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# နွားကျောင်းနေသော အမျိုးသမီးတစ်ဦး မိုးကြိုးပစ်ခံရပြီးသေဆုံး

**ရေတာရှည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကက္ကူကျေးရွာအုပ်စု ချုံအင်းကျေးရွာမြောက်ဘက် လယ်ကွင်းထဲ၌ အောက်တိုဘာ ၄ ရက် ညနေ ၄ နာရီ မိနစ် ၂၀ က နွားကျောင်းနေသည့်အမျိုးသမီးတစ်ဦး မိုးကြိုးပစ်ခံရကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချုံအင်းကျေးရွာနေ ဒေါ်လှသန်း (၅၃ နှစ်)သည် ယင်းကျေးရွာ မြောက်ဘက်ရှိ လယ်ကွင်းထဲတွင် နွားကျောင်းနေစဉ် မိုးများထစ်ချုန်းကာ မိုးကြိုးပစ်ခံရပြီး နေရာ၌ပင် သေဆုံးနေကြောင်းတွေ့ရှိရသည့်အတွက် မြို့လုနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ရပ်တန့်ထားသောကုန်တင်ယာဉ်ကို ဆိုင်ကယ်ဝင်ရောက်တိုက်၊ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ရေတာရှည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရန်ကုန်-မန္တလေးကားလမ်း ဆွာတိုးဂိတ်တွင်ဖြတ်သန်းရန်စောင့်ဆိုင်းနေသည့်(၂၂)ဘီးကုန်တင်ယာဉ်၏နောက်ပိုင်းကို လူနှစ်ဦးစီးနင်းလာသည့်ဆိုင်ကယ်က အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ဝင်တိုက်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း တောင်မှမြောက်သို့ သန့်ကျော်မြင့်(၃၄ နှစ်)စိန်ကန့်လန့်ကျေးရွာ မင်းလှမြို့နယ်နေသူ မောင်းနှင်သော 3B/-----နီဆန်း(၂၂)ဘီးယာဉ်(ဘက်ဟိုး)တင်ယာဉ်သည် မှန်စီကျေးရွာအနီးရှိ ဆွာတိုးဂိတ်အားဖြတ်သန်းရန် စောင့်ဆိုင်းနေချိန် လမ်းကြောင်းတူနောက်မှ ဘသော(၂၂ နှစ်) အမတ်ကြီးခုံကျေးရွာနေသူ မောင်းနှင်ပြီး ဇင်မင်းစိုး(၁၉ နှစ်) လိုက်ပါလာသည့် ၃ယ/------- (လော်ဂျား) ဆိုင်ကယ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဘသော (၂၂ နှစ်)မှာ ဒဏ်ရာများရရှိကာ နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး ဇင်မင်းစိုး (၁၉)နှစ် တွင်လည်း ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မန္တလေးရန်ကင်းတောင်အတက်လမ်းဘေးတွင် ခရီးဆောင်အိတ်အတွင်း စွန့်ပစ်ထားသောအမျိုးသားအလောင်းတစ်လောင်းအားတွေ့ရှိ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေး-ပုသိမ်ကြီးမြို့နယ်တွင် ယနေ့နံနက် ၇ နာရီက ရန်ကင်းတောင်အတက်လမ်းလမ်းဘေးတစ်နေရာ၌ ခရီးဆောင်အိတ်အတွင်း ထည့်သွင်းလျက် အမျိုးသားအလောင်းတစ်လောင်းအား တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် ရန်ကင်းတောင်အတက်လမ်းသို့ လမ်းလျှောက်လာသူအချို့က အလျား နှစ်ပေ၊ အနံ တစ်ပေခွဲ၊ အမြင့် ၁၀ လက်မရှိ ဘီးတပ်လက်တွန်း တရုတ်နိုင်ငံထုတ် Nanxiang တံဆိပ်ပါ ခရီးဆောင်အိတ်တစ်လုံးကို မသင်္ကာဖွယ်တွေ့ရှိခဲ့သည်။

ပုသိမ်ကြီးမြို့နယ် ရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ ပုသိမ်ကြီးမြို့နယ် ရဲစခန်းမှ အဆိုပါ ခရီးဆောင်အိတ်အား ဖွင့်လှစ်စစ်ဆေးရာ အိတ်ထဲတွင် အသက် ၄၀ နှစ်ခန့် အမျိုးသားတစ်ဦးကို ဒဏ်ရာများဖြင့် အိတ်အတွင်း ခွေခေါက်ထည့်ထားလျက် သေဆုံးနေကြောင်း တွေ့ရှိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသူကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ဖြစ်စဉ်အမှန်သိရှိနိုင်ရန် တင်ပို့ထားပြီး ပုသိမ်ကြီးမြို့နယ်ရဲစခန်းမှ အမှုဖွင့်စုံစမ်းထားကြောင်း သိရသည်။ **သူရိန်(မန်း)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ မင်းကြီးရန်နောင်လမ်းနှင့် သမိန်ဗရန်းလမ်းကြား ၅၅ လမ်းမပေါ်ရှိ တံတားအနီးတွင် ရဲအုပ်ထန်းနိန်ဦးစီးအဖွဲ့သည် အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီခွဲက စောင့်ဆိုင်းနေစဉ် စိုးနိုင်ဦး (ခ) ကုလားရောက်ရှိလာသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀ တွေ့ရှိပြီး ဆက်စပ်စစ်မေးရာ စိတ်ကြွရူးသွပ်ဆေးပြားများကို နိုင်မင်းထံမှ ဝယ်ယူပြီးခဲ့ခြင်းဖြစ်ပြီး နိုင်မင်းရှိသည့် ရွှေတောင်(၂) လက်ဖက်ရည်ဆိုင်သို့ သွားရောက်ရှာဖွေရာ ၎င်းထံ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိခဲ့ပေ။

စိုးနိုင်ဦး(ခ) ကုလားကိုရောင်းချပေးလိုက်သော မူးယစ်ဆေးဝါးများမှာ လားရှိုးမြို့မှ မန္တလေးမြို့၊ မနော်ဟရီနှင့် ၅၉ လမ်းရှိ ဆိုင်ကယ်ဝိုင်းသို့ ဆိုင်ကယ်လာရောက်ရောင်းချသူ အိုက်စံဆိုသူထံမှဝယ်ယူခဲ့သော လက်ကျန်ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့၍ မူးယစ်ဆေးဝါးများနှင့် လက်ဝယ်တွေ့ရှိသူ စိုးနိုင်ဦး (ခ) ကုလား(၂၇ နှစ်)နှင့် မူးယစ်ဆေးဝါးများရောင်းချပေးသူ နိုင်မင်း (၃၆ နှစ်) တို့နှစ်ဦးကို ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။ **(မန်းကိုယ်ပွား)**



# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**

ညီနောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မြဝတီမြို့ သယ်န်းညီနောင်ကျေးရွာ ဒေါနရပ်ကွက် အထက(၁) ကျောင်းအနီးလမ်းမပေါ်တွင် အောက်တိုဘာ ၄ ရက်က ကောင်းလှမောင်းနှင်ပြီး မအေးလေး(ခ)အေးအေးလွင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးရောင်းချသူ ခင်ဇော်ငြိမ်းအား ဖမ်းဆီးရမိခဲ့သည်။ ကွင်းဆက်ဖော်ထုတ်ချက်အရ ခင်ဇော်ငြိမ်းနှင့် တစ်ရပ်ကွက်တည်းနေ အောင်မြင့်(ခ)စောလွင်ဦး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **ကိုရဲ**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ


**ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး မီးလင်းရေးကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆောင်ရွက်မည့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအတွက် လိုအပ်သောအောက်ပါကွန်ကရစ်ကျောက်တိုင် (၄)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) ၁၂ မီတာ ကွန်ကရစ်ကျောက်တိုင် (၂၇) တိုင်
(ခ) ၁၀ မီတာ ကွန်ကရစ်ကျောက်တိုက် (၁၁၃၄)တိုင်
(ဂ) ၉ မီတာ ကွန်ကရစ်ကျောက်တိုင် (၄၈၆၈)တိုင်
(ဃ) ၈ မီတာ ကွန်ကရစ်ကျောက်တိုင် (၅၀)တိုင်
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး မီးလင်းရေးကော်မတီရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၆-၁၀-၂၀၁၅ ရက် နံနက် ၁၁နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မီးလင်းရေးကော်မတီရုံး၊ အမှတ် (၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာန၊ အလုံမြို့နယ်၊ ဖုန်း-၀၉-၈၅၆၈၉၉၀၊ ၀၁-၂၂၇၆၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
**ရန်ကုန်တိုင်းဒေသကြီး မီးလင်းရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးစံသိန်း ၁၀/မလမ(နိုင်)၀၅၄၆၁၁ ၏ Passport (No. မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၅၃၇၀၇၁၀**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၈ဃ/၂၃၄၈ Pakokku Truck MT 122, Truck (6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၈/ပခက(နိုင်)၀၂၈၅၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၅ယ/၁၉၈၁၁ Jianshe 110, M/C ယာဉ်လက်ဝယ်ရှိသူ BioSys Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**
အမေရိကန်ပြည်ထောင်စု၊ မင်နီဆိုးတားပြည်နယ်၊ မင်နီးယာပုလစ်မြို့ အမှတ် (၂၉၁၁)၊ Queen Ave North နေ
ဦးဇော်ထွန်းဝေ(B.V.S )-(ဒေါ်အိအိစန်း)တို့၏သား
Wilson **ရဲသူဇော်ထွန်း** BE(Electrical)(University of Minnesota, USA Test Engineer,DC Group Inc.,Minneapolis
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကြီးစံပြကျေးရွာနေ
ဦးဆန်နီ(B.Ed)(အထက်တန်းပြဆရာ)-ဒေါ်ခင်မြဦး(အလယ်တန်းပြ) တို့၏ သမီး
**ဒေါက်တာ လင်းပပဆန်နီ**(M.B.,B.S, Ygn)
တို့သည် ၄-၁၀-၂၀၁၅ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့်**
Wilson **ရဲသူဇော်ထွန်း-ဒေါက်တာလင်းပပဆန်နီ**

**အမြန်ရောင်းမည်**
**(ညိုနိုင်းဈေး)**
စားသောက်ဆိုင်ဖွင့်ရန် အသစ်ပြင်ဆင်ထားပြီး ပေ(၂၀x၆၀)(တိုက်သစ်)၊ ဒဂုံတောင်၊ လှော်ကားလမ်းမကြီးအနီး၊ (နေရာကောင်း)၊ သိန်း (၆၅၀)
09963154509, 09792474741, 09979689883

**အမည်ပြောင်း**
စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးဇော်အောင်မိုး-ဒေါ်နုနုဇံ တို့၏သား မူလွန်ပြည်တော်သာ ပဥ္စမတန်းမှ မောင်မင်းသုတအား မောင်သန့်ထူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**
ကော့သောင်းမြို့၊ နှစ်မိုင်ခွဲ ရဲစခန်းဝင်းနေ ဦးအောင်မင်း-ဒေါ်စန်းလဲ့လဲ့မိုးတို့၏ သမီး အမက ကျောင်း ပထမတန်းမှ မလဲ့ရတနာမင်းအား မလဲ့ရတနာဟု ပြောင်းလဲခေါ်ပါရန်။

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်ရဲရင့်သူ ၇/ညလပ(နိုင်)၂၀၈၃၅၀၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၂၂၃၉၅၇၄**

**ဖခင်အမည်မှန်**
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမက (၁၂)၊ တတိယတန်း(ဂ)မှ မောင်အောင်ကောင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်မိုး ၁၂/ဥကမ(နိုင်)၀၆၇၃၃၉ ဖြစ်ပါသည်။ **ဦးဝင်းဇော်မိုး**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးသူရကျော် ၁၂/သဃက(နိုင်)၀၀၄၂၇၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် MA-374280 ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၀၁၀၅၅၈**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(ခွဲ) ထိန်တပင် တက္ကသိုလ်ဝင်တန်းမှ မမိစံနှင့် နဝမတန်းမှ မောင်ထွေး၏ဖခင် ဦးမောင်ချာ၏အမည်မှန်မှာ ဦးရင်ဆန်း ၇/ဝမန(နိုင်)၀၄၇၈၈၃ ဖြစ်ပါကြောင်း။
**ဦးရင်ဆန်း**

# ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲ၌ မြန်မာအသင်းရှုံးနိမ့်

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ ခြေစစ်ပွဲ အုပ်စု(G) နောက်ဆုံးပွဲစဉ်များ ကိုယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်းမှာ ဗီယက်နမ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲတွင် အိမ်ရှင်မြန်မာအသင်းမှာ ဗီယက်နမ်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက် အဆုံးသတ်ခဲ့ရပြီဖြစ်သည်။ မြန်မာအသင်းမှာ ယခုပွဲအနိုင်ရလျှင် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်၍ ကြိုးပမ်းခဲ့သော်လည်း တစ်ဦးချင်းရော အသင်းလိုက်ကစားပုံပါ မယှဉ်နိုင်ခဲ့၍ အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ တစ်ဦးချင်း ကစားပုံအရ ဗီယက်နမ်အသင်းကိုမယှဉ်နိုင်ခဲ့၍ ထိရောက်သည့်ဂိုးသွင်းခွင့်ပင်မရဘဲ အိမ်ကွင်း၌ အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရသည့် ဇင်ဖြိုးအောင်နှင့် ဂိုးသမား-ဘုန်းသစ္စာမင်းတို့အပါအဝင် အမာခံကစားသမားအစုံအလင် ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းမှာ ပွဲအစခဏပိုင်းသာ ဖိကစားနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဗီယက်နမ်အသင်းက ပွဲကိုထိန်းချုပ်သွားခဲ့သည်။ ကစားပုံခြေစွမ်းကောင်းမွန်သည့် ဗီယက်နမ်အသင်းမှာ ပွဲကိုလိုသလို ထိန်းချုပ်ကစားသွားခဲ့ပြီး အိမ်ရှင်ပရိသတ်၏ ဖိအားကို ရှောင်ရှားကာ မြန်မာအသင်းကို ဖိအားပေးနိုင်ခဲ့သည်။ မြန်မာနောက်တန်းမှာ ဗီယက်နမ်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ အခွင့်အရေးများ ပေးခဲ့ရသည်။ ၁၉ မိနစ်တွင် ဗီယက်နမ်အသင်း အနိုင်ဂိုးရခဲ့ပြီး ဟာဒူချင်က သွင်းယူပေးခဲ့သည်။

မြန်မာအသင်းမှာ ချေပဂိုးရရှိရေးအတွက် ဒုတိယပိုင်းတွင် လူစားအပြောင်းအလဲ ပြုလုပ်ခဲ့သော်လည်း ကစားအားတက်မလာခဲ့ပေ။ မြန်မာအသင်းမှာ တိုက်စစ်အားပြုရမည့် အချိန်တွင် ကွင်းလယ်၌သာအချိန်ကုန်နေသလို ကွင်းလယ် နှင့်တိုက်စစ်ချိတ်ဆက်ရာတွင် အမှားများခဲ့၍ ထိရောက် သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။

ဗီယက်နမ် နောက်တန်းမှာ အမှားအယွင်းမရှိ ကစားနိုင်ခဲ့ပြီး ၅၁ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း ငုယင်ထရန် ဝင်အောင်မသွင်း နိုင်၍ ဗီယက်နမ်အသင်းတစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ပထမပွဲတွင် ဟောင်ကောင်အသင်းက ဘရူနိုင်းအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက လေးပွဲစလုံးနိုင်ကာ ၁၂ မှတ်ဖြင့် အုပ်စုပထမရရှိခဲ့ကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ မြန်မာအသင်းမှာ လေးပွဲကစား၊ ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယနေရာ ရရှိခဲ့သော်လည်း အကောင်းဆုံးအုပ်စု ဒုတိယငါးသင်းစာရင်းမဝင်ခဲ့သောကြောင့် ဟောင်ကောင်၊ တီမော၊ ဘရူနိုင်းအသင်းတို့နှင့်အတူ ခြေစစ်ပွဲ မအောင်မြင်ခဲ့ပေ။



## မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဟားခါး၌ကျင်းပ



**ဟားခါး အောက်တိုဘာ ၆**

ဟားခါးမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ချင်းပြည်နယ် ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်က အမှာစကားပြောကြားကာ ဘောလုံးပြိုင်ပွဲအတွက် ကုန်ကျစရိတ် စုစုပေါင်း ငွေကျပ် ၂၇၇၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံယူခဲ့သည်။

ဘောလုံးပြိုင်ပွဲ မစတင်မီ ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ အဆိုပါသဘာဝဘေးသင့်ပြည်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နှစ်မိနစ် ငြိမ်သက်သည်။

ထို့နောက် ပထမပွဲစဉ်အဖြစ် မြို့ဟောင်းရပ်ကွက်နှင့် ပြည်တော်သာရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြို့ဟောင်းရပ်ကွက်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါဘောလုံးပြိုင်ပွဲတွင် ဟားခါးမြို့ရှိ ရပ်ကွက်ခြောက်ရပ်ကွက်မှ ဘောလုံးအသင်း ခြောက်သင်းပါဝင်ပြီး အောက်တိုဘာ ၅ ရက်မှ ၁၅ ရက်အထိ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(J)မှ မယမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်းဝင်း ၈/ခမန(နိုင်)၀၇၀၆၂၇ ဖြစ်ပါကြောင်း။

ဦးသန်းထွန်းဝင်း

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၂ဖယ/၄၃၃၁၇ Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းထွန်း ၈/မကန(နိုင်)၀၄၉၈၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

**ရွှေကြေးစည်** မှ အင်းလေးပွဲ/ကျိုက်ခမီဆွမ်းမျှော်ပွဲသို့

▲ အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ တောင်ကြီး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူဆက်၍ (လွိုင်ကော် တောင်ကွဲစေတီ၊ ထီးပွင့်ကန်)သို့(မန္တလေး၊ ပြင်ဦးလွင်)သို့(ပုဂံ၊ ပုပ္ပါး)

▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ဆက်၍-ပခုက္ကူ၊ ကံတလူ၊ ကောင်းမှုတော်၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့

▲ ကျိုက္ခမီဆွမ်းမျှော်ပွဲ၊ ဖော်လမြိုင်၊ စက်ဲ။ ဆက်၍-ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်။

▲ (နေပြည်တော်) (ပြည်အနှံ့အကောက်တောင်) (ဇလွန်) (ကျိုက်ထီးရိုး-နေ့စဉ်)

▲ သာမညာ၊ ကော့ကရိတ်၊ မြဝတီ(အပတ်စဉ် သောကြာ) **Oct 16, 23, 26, 28 ထွက်ပါမည်**

ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191

### ပျောက်ဆုံးကြောင်း

ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသ ၁၀/ပမန(သ)၀၀၁၉၀၂ ၏ Passport (No. မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၇၀၇၁၀

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ပင်းဘုရားကုန်းကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မစိုးစန္ဒာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၈/ရနခ(နိုင်)၁၀၅၆၄၂ ဖြစ်ပါကြောင်း။

ဦးမြင့်နိုင်

### တေဇ (၁၈)ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားဖိတ်ကြားခြင်း

၁၁-၁၀-၂၀၁၅ ရက်တွင် ကျရောက်မည့် (၂၄)နှစ်ပြည့် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် တေဇ(၁၈)တွင် အတူတကွ တက်ရောက်ကျောင်းဆင်းခဲ့ကြသည့် သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

**နံနက်ပိုင်း ။ ။** ၁၁-၁၀-၁၅ ရက် ၁၀း၃၀ နာရီ အင်းစိန်၊ ပေါက်တောဝ မီးပွိုင့်အနီး ဘုရင့်နောင်လမ်းမကြီး ညောင်ပင်သာကျောင်းတိုက်တွင် ဆရာတော်သံဃာတော်များအား (အရုဏ်ဆွမ်း/နေ့ဆွမ်း) ဆက်ကပ်လှူဒါန်းခြင်း။

**ညနေပိုင်း ။ ။** ၁၁-၁၀-၁၅ရက် ပြည်သူ့ဥယျာဉ် MY GARDEN စားသောက်ဆိုင် (၂၀၁၄/၁၅) ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် (သားသမီး)များအား ဆုချီးမြှင့်ခြင်းနှင့် မိသားစုများမိတ်ဆုံစားပွဲကျင်းပခြင်း။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

**ဇင်မင်းထူး ဖုန်း-၀၉-၅၀၂၅၂၈၄၊ စန်းလင်း ဖုန်း-၀၉-၅၅၅၂၁၁၁၊**

**နေသွေး ဖုန်း-၀၉-၄၅၀၀၁၃၁၀၀၊ ခင်ဇော်ဝင်း ဖုန်း-၀၉-၂၅၄၀၇၂၀၅၄၊**

**ကျော်သိန်းစိုး ဖုန်း-၀၉-၅၁၅၄၈၇၄**

**သာရေး၊ နာရေးကော်မတီ**

**တေဇ (၁၈)**

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | သွင်<br>၀၁-၃၇၂၉၄<br>၀၉၇၃၂၅၅၆၀ | မင်္ဂလာ(၁)<br>သိမ်ကြီးဈေး<br>၀၁-၂၄၃၀၅၇<br>၀၁-၂၄၃၀၅၈ | မင်္ဂလာစံပြ<br>၀၉၂၆၀၈၈၇၀၃၅<br>၀၉၂၆၀၈၈၇၀၃၆<br>၀၁ ၂၃၀၃၁၆၅ |
| မင်္ဂလာဝဇီရာ<br>(လှိုင်သာယာ)<br>၀၉၂၆၁၃၉၀၁၁၅<br>၀၉၂၆၁၃၉၀၁၆၆ | ဝင်းလိုက်(မန္တလေး)<br>၀၂-၃၉၁၂၈<br>၀၂-၆၀၂၉၁ | မြို့မ(မန္တလေး)<br>၀၂-၃၉၁၃၆<br>၀၂-၃၉၁၃၇ | မင်္ဂလာထွန်းသီရိ<br>(ပြည်)<br>၀၉၇၉၁၁၈၃၇၅၁<br>၀၉၇၉၁၁၈၃၇၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ

၂၊၁၀၊၂၀၁၅ ရက်မှ စတင်၍တစ်ပြိုင်တည်းပြပြီ။

ပြမြဲ



# မြနန်းစံကျော် ရွှေနန်းတော်ကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**မန္တလေး အောက်တိုဘာ ၆**

မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး) ဌာနခွဲက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း ငွေကျပ်သိန်းပေါင်း ၄၈၀ သုံးစွဲကာ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြုပြင်မွမ်းမံသည့် လုပ်ငန်းများကို ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြနန်းစံကျော်ပတ်လည်ရှိ ယိုယွင်းနေသည့် ရှေးဟောင်း အဆောက်အအုံများကိုလည်း ထိန်းသိမ်းပြုပြင်နေခြင်းဖြစ်သည်။

"ပြုပြင်မွမ်းမံမှုက ဘတ်ဂျက်ငွေရရှိမှုပေါ် မူတည်ပြီး ရှေးဟောင်းအမွေအနှစ် အဆောက်အအုံတွေကို ဌာနအနေနဲ့ နှစ်စဉ်ထိန်းသိမ်း ပြုပြင်နေပါတယ်။ တချို့ကလည်း သဘာဝဒဏ်နဲ့ လူတွေကြောင့်လည်း ပျက်စီးမှုအပြင် နှစ်ကာလကြာမြင့်တဲ့အတွက် ဆွေးမြည့်ပြီး ကြံ့ခိုင်မှုအားနည်းတာတွေရှိတယ်။ ဒါကြောင့် ထိန်းသိမ်းပြုပြင်မှုတွေလုပ်နေတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

ပြင်ဆင်နေသည့် လုပ်ငန်းများမှာ နန်းမြို့ရိုးပြာသာဒ် အမှတ် (၉)နှင့် (၁၀)၊ မြေနန်းပြသာဒ်တော်မှ ထီးတော်အား ရွှေဆေးပြန်သုတ်ခြင်း၊ အမိုးများ ဆီဆေးနီညိုသုတ်ခြင်း၊ လက်ဝဲပွဲတက်ဆောင်၊ လက်ယာပွဲတက် ဆောင်၊ မောင်းတော်ဆောင်၊ လက်ဖက်ရည်တော်ဆောင်၊ ဇေတဝန်ဆောင်၊ နန်းမြင့်မျှော်စင်၊ မှန်နန်းဆောင်တို့မှ အမွှမ်းပန်းများနှင့် ရေတံလျှောက်များ ကြံ့ခိုင်ရေးနှင့် နန်းတော်ဆောင်အပြင်ဘက်လျှောက် လမ်းသစ်သားကြမ်းခင်းတစ်လျှောက် ကြံ့ခိုင်ရေးတို့လုပ်ဆောင်နေသည့်အပြင် မင်းတုန်းမင်းအုတ်ဂူ အထွေထွေပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်နေခြင်းဖြစ်သည်။

"လုပ်ငန်းတွေကို တာဝန်ယူလုပ်ဆောင်တာက ချိုချိုဇော်ကုမ္ပဏီဖြစ်ပါတယ်။ ဌာနအနေနဲ့ ပြင်ဆင်ထိန်းသိမ်းမှုတွေကို ကြီးကြပ်နေတာပါ။အဲဒီကုမ္ပဏီမှာ မြန်မာဗိသုကာပညာရှင်တွေပါပြီး ပြုပြင်ထိန်းသိမ်းရေးမှာ အတွေ့အကြုံလည်းသူတို့မှာ အများကြီးရှိတယ်။ ဘဏ္ဍာငွေအပေါ် မူတည်ပြီး အရေးပေါ်ပြုပြင်ထိန်းသိမ်းရမယ့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို ဦးစားပေးဆောင်ရွက်နေပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ထို့အပြင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ၎င်းလုပ်ငန်းများသာမက အင်းဝမြို့တော်၊ အတွင်းမြို့ရိုးအုတ်ခုံများ ပြန်လည်တူးဖော်ခြင်းနှင့် ပင်းယဂူကြီးသုံးလုံးအနက် မြောက်ဘက် အစွန်ဆုံးဂူနှင့် ဂူတော်သစ်ဘုရားပြုပြင်မှုများ လုပ်ဆောင်နေကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## အရှည်ခြောက်ပေခွဲခန့်ရှိ စပါးကြီးမြွေတစ်ကောင် ရပ်ကွက်အတွင်းတွေ့ရှိ

**ဆားလင်းကြီး အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် အမှတ်(၁) ရပ်ကွက် မြေစွန်ရပ်နေ ဒေါ်လှဝင်း၏နေအိမ်အတွင်းသို့ အောက်တိုဘာ ၂ ရက် နံနက် ၁၂ နာရီခွဲက အရှည်ခြောက်ပေခွဲခန့်ရှိ စပါးကြီးမြွေတစ်ကောင် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အိမ်ရှင်ဖြစ်သူ ဒေါ်လှဝင်း၏ပြောပြချက်အရ ယင်းစပါးကြီးမြွေကြီးသည် တောင်မှမြောက်သို့ ကားလမ်းမကိုဖြတ်ကူးပြီး အိမ်အတွင်းသို့ ည ၁၂ နာရီကျော်ခန့်က ဝင်ရောက်လာခဲ့ကြောင်း ပြောပြသည်။ ရပ်ကွက်နေလူငယ်လေးများက အဆိုပါ မြွေကြီး၏အသက်အန္တရာယ်နှင့် အခြားသောလူနှင့်တိရစ္ဆာန်များ၏ ဘေးအန္တရာယ် ဖြစ်မည်ကို စိုးရိမ်ကြသောကြောင့် ဆည်ဦးတောရ ဘုန်းတော်ကြီးကျောင်းတိုက်သို့ ပို့ဆောင်ထားခဲ့ကြောင်း၊ ဆည်ဦးဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော်ကြီးက လူနှင့်တိရစ္ဆာန်တို့၏ အသက်အန္တရာယ်တစ်စုံတစ်ရာမဖြစ်စေရေးအတွက် သံဆန်ခါ လှောင်အိမ်ဖြင့်ထည့်၍ ယာယီကျွေးမွေးစောင့်ရှောက်ထားကြောင်း သိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

## (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**စစ်တွေ အောက်တိုဘာ ၆**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲရှိ ကစ္ဆပခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးမြအောင်က အမှာစကားပြောကြားပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးက (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မှုခင်းများကို စွမ်းစွမ်းတမံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၊ လုပ်ငန်းစွမ်းဆောင်ဆုရ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများကို ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နေအိမ်လိုင်းခန်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ သန့်ရှင်းရေးဆုရရှိသည့် မိသားစုဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ယွန်းစလင်းအရှေ့ခြမ်းမှ ရွာသူ ရွာသားများ မြိုင်ကြီးငူဒေသသို့ ပြောင်းရွှေ့တိမ်းရှောင်

**ဘားအံ အောက်တိုဘာ ၆**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ ယွန်းစလင်းမြစ်အရှေ့ခြမ်းရှိ ကျေးရွာများဖြစ်သော ရွှေဖလားကျေးရွာ၊ ဟတ်ကြီးကျေးရွာ၊ မြင်းတပြေးကျေးရွာ၊ ပိုင်လာကျေးရွာ၊ သောလယ်ထကျေးရွာများမှ ပြည်သူများသည် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် အိမ်ထောင်စုပေါင်း ၂၀၀ စု၊ လူဦးရေစုစုပေါင်း ၁၃၁၀ တို့သည် မြိုင်ကြီးငူဒေသသို့ ပြောင်းရွှေ့တိမ်းရှောင်ကြကြောင်း သိရသည်။

အဆိုပါပြောင်းရွှေ့ ကျေးရွာသူ ကျေးရွာသားများအား အောက်တိုဘာ ၃ ရက်က ခေတ္တပြည်နယ် ဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြိုင်ကြီးငူဒေသ မြတ်နန်းမြိုင်ရပ်ကွက် ဇိနမာန်အောင်(ရေပြန်ကျွန်း)ဘုရား၌ သွားရောက်တွေ့ဆုံ၍ အားပေးကာ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးစီစဉ်ပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကွမ်းလုံမြို့တွင် ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုံကူးပွဲတော်ကျင်းပ

**ကွမ်းလုံ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့နယ်တွင် ပုလဲသွယ်(၁) စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း တစ်ဧက ဝတ်မှုံကူးပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက်က ကွင်းအမှတ်(၁၂) တောင်သူဦးလီဟွာချန်း၏ လယ်မြေ တွင် ကျင်းပခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဌေးလွင်က မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနည်းစနစ်အဆင့်ဆင့်ကို တောင်သူများအား ပညာပေးရှင်းလင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက အကူဝတ်မှုံကူးခြင်းလုပ်ငန်း ကို လက်တွေ့ ဆောင်ရွက်ပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## နမ္မတီး- မိုးကောင်းလမ်းအပိုင်း ကတ္တရာနှင့် မြေသားလမ်း တိုးချဲ့ဖောက်လုပ်

**မိုးကောင်း အောက်တိုဘာ ၆**

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ညွှန်ကြားမှုဖြင့် မြစ်ကြီးနား- မန္တလေးလမ်းအပိုင်းတွင် နမ္မတီး - မိုးကောင်းလမ်းအပိုင်း ကတ္တရာနှင့် မြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်း လုပ်ငန်းကို ကောင်းကင်လွင် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၄ ရက်အထိ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါ လမ်းအပိုင်းမှာ စံချိန်စံညွှန်းပြည့်မီသော လမ်းအဖြစ် အသုံးပြုနိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရန် ကျွမ်းကျင်အင်ဂျင်နီယာများနှင့် စက်ယန္တရား ကြီးများကို အသုံးပြုထားပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၅၀၀ ကျော် အကုန်အကျခံ ခင်းကျင်းလျက်ရှိကြောင်း သိရသည်။

**မိုးဃံးကျ (မြစ်ကြီးနား)**

## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသင်တန်းဖွင့်



**နေပြည်တော် အောက်တိုဘာ ၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အတွက် ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ပညာပေးသင်တန်းကို အောက်တိုဘာ ၅ ရက်က ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေ့လာမှတ်သားထားကြရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်လိုအပ်ကြောင်း၊ ကြိုတင်မဲကိစ္စနှင့်ပတ်သက်၍ အားနည်းချက်များကို နည်းဥပဒေနှင့်အညီ ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ မဲရုံမှူးများအနေဖြင့် ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ဆောင်ရွက်ရန် နည်းလမ်းများနှင့် ရွေးကောက်ပွဲကာလအတွင်းလုပ်ဆောင်ရန် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်လွင်က မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များလိုက်နာရန် တာဝန်ဝတ္တရားများ၊ မဲပေးခြင်းလုပ်ငန်းအဆင့်ဆင့်၊ ခိုင်လုံမဲ၊ ပယ်မဲပုံစံများစသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## ကျေးရွာများသို့ အရင်းမပျောက် မြစိမ်းရောင်ရန်ပုံငွေထုတ်ချေး

**သံတွဲ အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် ဂွမြို့နယ်အတွင်းရှိ ကြွေချိုင်ကျေးရွာအုပ်စု သပြုချောင်းနှင့် ဒယ်ပုတ်ကျေးရွာများသို့ မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာလနောက်ဆုံးပတ်က ကြွေချိုင်ကျေးရွာအုပ်စု၌ ကျင်းပသည်။

ထို့နောက် ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းက ချေးငွေများဖြင့်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများအောင်မြင်ရေး၊ သတ်မှတ်ကာလအတွင်း အကျေအလည်ပြန်လည်ပေးဆပ်နိုင်ရေးတို့ကို ဆွေးနွေးသည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစောဝင်း၊ ဂွမြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးညီထွေးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ ဦးကျော်ရင်တို့က မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ရာ သက်ဆိုင်ရာကျေးရွာကော်မတီများက လက်ခံယူခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆုငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ ၄၅ တာ၊ သင်္ခါရ ရသ စိတ္တဇအလွမ်း

**ဆုငှက်**



***ယခင်အပတ်မှအဆက်***

"ရုပ်ရှင်မကြည့်ပါနဲ့ဟာ. . . ဘုန်းကြီးပျံကအငြိမ့်ကြည့်ရအောင်"ဟု အဖော်ကျောင်းသူတွေကို အဖော်စပ်ရသည်။ သူတို့က ရုပ်ရှင်လည်းကြည့်ချင်နေကြသည်။ ဘုန်းကြီးပျံအငြိမ့်လည်း အာရုံမပြတ်. . .။ နောက်ဆုံးတော့ ကျွန်တော်တို့ စက်ဘီးတွေယူသွားပြီး သူတို့ ရုပ်ရှင်သွားမည်။ ရုပ်ရှင်အပြီး သုံးနာရီမှာ ဘုန်းကြီးပျံဆီ ပြန်လာပြီး ကျွန်တော်တို့နှင့်ပြန်ဆုံမည်။ သည်လိုနှင့် ကျွန်တော်တို့ဆီက စက်ဘီးသော့ကလေးတွေယူကာ ထွက်သွားကြသည်။

သူတို့သွားမှ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ဘုန်းကြီးပျံကွင်းထဲဝင်ကြ၏။ ကွင်းထဲမှာ လူအပြည့် အပြင် မြောက်ဘက်ဗိုလ်ဗထူးလမ်းပေါ်အထိ မြင်းလှည်းတွေ၊ ဆိုက်ကားတွေ၊ စက်ဘီးတွေ၊ အပြည့်အကျပ်။ ဘတ်စ်ကားတွေက ကွင်းထဲထိမဝင်နိုင်လို့ ရှမ်းပွဲမှာပဲ ဂိတ်ထိုးထားရ၏။ အနီးဆုံးမဏ္ဍပ်ထဲ တိုးဝှေ့ဝင်ကြည့်တော့ အငြိမ့်ထွက်နေသည်။ လူကြားတိုးဝင်ပြီး ဝင်ကြည့်ရင်း ဖျတ်ခနဲသတိရလာ၏။ ထိုအခါမှ အနားကအဖော်တွေကို လက်ကုတ်ပြီး. . .

"နေပါဦး . . . သူတို့က ဒီကိုပြန်လာမှာဆိုတော့ ငါတို့နဲ့ ဘယ်လိုဆုံအောင် ပြန်လာမှာတုံး. . .။ ဘာမှလည်း မချိန်းလိုက်ရဘူး"ဟု ပြောမိ၏။ ဟုတ်တယ်၊ ဒီလောက်လူများတဲ့ကွင်းကြီးထဲ ဘယ်လိုရှာဖွေကြမှာလဲ။ ဒုက္ခပဲ၊ စက်ဘီးတွေက သူတို့ယူသွားကြပြီ။ နောက်ဆုံးတော့ ကမ္မသကာပဲ သဘောထားကာ အငြိမ့်တွေကိုပဲ ပျော်ပျော်ကြီး ကြည့်ဖြစ်တော့၏။

ဗဟိုညွှန့်ခံမဏ္ဍပ်ကြီးမှာက မန္တလေးမြို့၏ နာမည်ကျော် သစ်လွင်အငြိမ့်ကပြနေသည်။ သည်အငြိမ့်က ရွှေမန်းသူမြင့်မြင့်သန်းက ဧယင်ကျုံးမှာတဲ့. . . .။ ဗဟိုညွှန့်ခံမဏ္ဍပ်ကြီးရဲ့မြောက်ဘက် မန္တလေးတပည့်သံဃာများရဲ့မဏ္ဍပ်မှာက ရွှာစားရွှေဒေါင်းမြိုင်ဆိုင်းအဖွဲ့နှင့် "လူထုချစ်ခင်မာယာတင်"က ဧယင်ကျုံးမည်။ ကျွန်တော်တို့တစ်တွေသည် မဏ္ဍပ်နှစ်လုံးဆီက ခွာလို့ရတော့မှာမဟုတ်. . .။ ဗဟိုညွှန့်ခံမဏ္ဍပ်ကြီးက ရွှေ့ထွက်မင်းသမီးဖြင့် အငြိမ့်ခန်းထွက်နေစဉ် မန္တလေးမဏ္ဍပ်က မာယာတင်က ဧယင်ကျုံးဖို့ အိုင်ကျင်းဖွဲ့နေပြီ။ ကျွန်တော်တို့ မန္တလေးမဏ္ဍပ်မှာ လူကြားထဲဇွတ်တိုးပြီး အဘွားကြီးတွေကြားတိုးဝှေ့ကာ ဖိနပ်ဖင်ခုထိုင်ကာ နေရာယူလိုက်ကြသည်။ ထိုစဉ်က မာယာတင်ဧယင်ကျုံးသွားသော ငိုချင်းလေးကိုတော့ အခုထိမှတ်မိနေသေး၏။ ဆံပင်ကို ဖားလျားချကာ ဧယင်ပုခက်ကို လွှဲကာလွှဲကာနှင့်-

"ကြော့ပါပေဘုရာ့၊ ကန်တော့ကာလေ ပဏာမရယ်နဲ့ ဈာပနတော် စီမံပုံကောင်းလိုက်တာက. . . ပြည်တန်တဲ့ အလောင်း. . . . အလောင်း. . . . . " တဲ့. . .။

မာယာတင်က တစ်ဦးတည်းနှင့်ဧယင်ကျုံးကို မနက် ၁၀ နာရီလောက်က စလိုက်သည်မှာ မွန်းလွဲ ၁ နာရီထိုးမှ ပြီးသည်။ ရွှာစားရွှေဒေါင်းမြိုင်နှင့်ငိုလိုက် ပြောလိုက်၊ ဧယင်ကျုံးငိုချင်းချလိုက်၊ တေးထပ်ငိုလိုက်နှင့် နောက်ဆုံး ကောင်းကင်ကြိုးဆယ်ပိုဒ်နှင့်ပင် အားရပါးရအလုပ်လုပ်သွား၏။

ကျွန်တော်တို့မှာ မာယာတင်ပြီးတော့ ဗဟိုညွှန့်ခံမဏ္ဍပ်က သစ်လွင်အငြိမ့်ဆီကူးကြပြန်၏။ သစ်လွင်ကလည်း အံကျ၊ မြင့်မြင့်သန်းကဧယင်ကျုံးတော့မည်။ သည်မှာတော့ လူကြားထဲဘယ်လိုမှ တိုးလို့ဝှေ့လို့မရတော့။ ထို့ကြောင့် သံဃာစင်ပေါ်ကပဲ မတ်တတ်ရပ်ကြည့်ရတော့၏။

လူရွှင်တော်က ပဝါလေးပေါင်းကာ ခွန်းထောက်ဆိုပြီးနောက် . . . . . အနိစ္စဆိုတာမမြဲခြင်း၊ သင်္ခါရဆိုတာ ပြောင်းလဲခြင်း၊ အာယုက္ခရ၊ ကမ္မက္ခရ၊ ဥပလက္ခယေန၊ ဥပစ္ဆေဒကနွယ်-တဲ့။ အယုက္ခရ အသက်ကုန်၍သေခြင်း၊ ကမ္မက္ခရ ကံကုန်လို့သေခြင်း၊ ဥပလက္ခယေန ကံရော-အသက်ရောကုန်လို့သေခြင်း၊ ဥပစ္ဆေဒက သူတစ်ပါးလက်နက်နဲ့သေရခြင်းတဲ့ သေခြင်းအမျိုးမျိုးရှိတယ်။ လူတော့သေတယ်တဲ့။ ဘုန်းကြီးတော့ ပျံလွန်တော်မူတယ်တဲ့။ ရှင်ဘုရင်တော့ နတ်ရွာစံသတဲ့. . . စတဲ့ ဘုန်းကြီးပျံနဲ့ ဆက်နွယ်ရာ စကားတွေပြောသည်။ ထို့နောက် ထုံးစံအတိုင်း ထိုးဇာတ်ကလေးခင်းကျင်းပြီး ဧယင်ကျုံး၏။

ထိုးဇာတ်ကလေးက ရွှေ့ထွက်မင်းသမီးက ဧယင်ကျုံးနှင့်ပြီး မင်းသမီးမြင့်မြင့်သန်းနှင့် လူရွှင်တော်ပေါစိန်က ဘုန်းကြီးတူမနှင့်တူအဖြစ် မြို့ကဘကြီးဘုန်းကြီးဆီ အမောတကောလာကြသည်။ ဘကြီးဘုန်းကြီးမမာတာ သတင်းကြားလို့ ဘုန်းကြီးကြိုက်တတ်တဲ့ တောကသီးနှံလေး၊ ပျားရည်လေးနှင့် ဘုန်းကြီးကို ပြုစုလိုက်မဟဲ့ဆိုပြီး ဖုံထောက်နဲ့ ပျော်ပျော်ပါးပါးလာကြသည်။ သည်မှာ ဘုန်းကြီးကပျံတော်မူနှင့်ပြီ။ ကျောင်းရောက်၍ ဘုန်းဘုန်း ဘယ်မှာလဲ အပေါ်ထပ်မှာလား၊ ဘုရားခန်းမှာလား၊ ဘုန်းဘုန်းအတွက် ပျားရည်လေးဘုရာ့၊ ပြုတ်ပြီးရေပွလုပ်ရအောင် ပဲကြားလေးလည်းပါရဲ့။ နွားနို့စစ်စစ်လေး ရောပါရဲ့။ သခွားသီးလေးလည်း ဘုန်းပေးဖို့ခွဲလိုက်မယ် ဘုရာ့ဆိုပြီး ကျောင်းပေါ်အတက်အလောင်းပြင်ထားတာ တွေ့ပြီးငိုရမှာကိုး။

မင်းသမီးမြင့်မြင့်သန်းက ဘုန်းကြီးပျံဆိုလျှင် ထိုးဇာတ်လေးနှင့်ဧယင်ကျုံး၏။ သူ့ရုပ်ရည်ကလည်း ခပ်ညိုညို၊ ခပ်ကြမ်းကြမ်းမို့ ဆံရစ်ဝိုင်း၊ ဆံထောက်ချ၊ ပါးကွက်ကြားက နှစ်နံစပ်လုံချည် ဖျင်အင်္ကျီနှင့်ဆိုလျှင် တကယ့်တောသူမ။ သို့သော် အသံနှင့်အနုပညာက အံ့မခန်း၊ သူကဧယင်ကျုံးလျှင်ခက်ပေ့ဆိုသည့် ရှစ်ဆယ်ပေါ်တေးထပ်ကြီးများကို သီဆိုလေ့ရှိ၏။

"ထက်နတ်ပြည်ရွာ အဝင်စောလို့ နှမြောတသ ငိုညည်းမှိုင် . . .၊ သောကလောင်မီးမသိမ်းနိုင်သည်၊ ယိမ်းနွဲ့ခွေယိုင်ပူပုံဆန်း၊ ဖြေလည်းပြေပဲ ပွေကဲပေသည်။ ရွှေသည်းကြွေအောင် ပူမီးထိန်လို့လျှမ်း. . . .။

မုချရှုတ်လှမနုဿနယ်တွင်၊ ဒုက္ခသွယ်သွယ်ရစ်ကွယ်လွှမ်း၊ ငေးတွေတွေးလေ ဆွေးပွေသန်း မရွှင်လန်းနိုင်သည် အစဉ်နွမ်းယိုင်တော့သည်"

စတဲ့ရှစ်ဆယ်ပေါ် တေးထပ်ကြီးများကို ဌာန်ကရိုဏ်းကျကျ လျှာနှင့်အာနှင့် သီဆို ဧယင်ကျုံး၏။

ကျွန်တော်တို့မှာ ဧယင်ကျုံးမင်းသမီးနှင့်ဖုံထောက်မှာ ပျော်လိုက်၊ ကျောင်းပေါက်အရောက် အပြေးအလွှားဝင်တော့ရင်ဖိုလိုက်၊ ဘုန်းကြီးအလောင်းတွေ့၍ ပစ်လှဲကာ ငိုချင်းချတော့ ဝမ်းနည်းလိုက်. . ။

" ငွေမင်ပြေလွင် ဝေဟင်ယံထက် နန်းထက်နန်း၊ မြတ်ဒေဝီ နတ်ပြည်ဆီ မှတ်ရွှေရည် ဘုန်းဘာကြောင့်မြန်း"

ဟူသော ကောင်းကင်ကြိုးတွင်လည်း လွင့်မျောပါလိုက်နှင့် ဗဟိုညွှန့်ခံမဏ္ဍပ်မှာ မြင့်မြင့်သန်းတို့ ဧယင်ကျုံးပြီးတော့ ညနေ ၃ နာရီကျော်ပြီ. . .။

မဏ္ဍပ်ထဲကထွက်လာမှ ဆာတာသတိရ၊ ရုပ်ရှင်သွားကြည့်တဲ့ ဟိုမမတွေကို သတိရတော့သည်။ အဝင်ဝနှင့်နီးသော အိုးကြီးမုန့်ဟင်းခါးဆိုင်မှာဝင်ကာ မုန့်ဟင်းခါးတစ်ပွဲစီမှာပြီး ၄၅ တာ အဝင်လမ်းကို မကြာခဏမျှော်ကြည့်မိ၏။ ၄၅ တာကွင်းကြီးထဲမှာတော့ ဖုန်လုံးတွေဝေ့တက်နေတာ တစ်ကွင်းလုံး။ ဗိန်းမောင်းသံနှင့် ကျားရုပ်ကြီးက ခေါင်းမော့ကာ ခြေလှုပ်လက်လှုပ် အမြီးတရမ်းရမ်း။ စားနေတဲ့မုန့်ဟင်းခါးထဲမှာ သဲကတကျိုကျို။

သည်လိုနှင့် စက်ဘီးယူကာ ရုပ်ရှင်သွားကြည့်ကြသည့် သူငယ်ချင်းကျောင်းသူတစ်စုနှင့် တစ်ညလုံး မတွေ့ရတော့။ ကျွန်တော်တို့လည်း စက်ဘီးမပါဘဲ အိမ်မပြန်ဝံ့သည်နှင့်အတူ ဘုန်းကြီးပျံကွင်းမှာ ဟိုမဏ္ဍပ်ဝင်ငေးလိုက်၊ ပြာသာဒ်ကစားသည့်နောက် ပြေးကြည့်လိုက်၊ ကျားရုပ်ကြီးမော့လိုက်၊ ညမှာ မြို့မတူရိယာနှင့် အငြိမ့်ခန်းဝင်ထိုင်လိုက်နှင့် နံနက် ၄ နာရီထိုးတော့ တစ်ပါတည်း ဘုရားကြီးမျက်နှာသစ်တော်ရေအမီ ဝင်ကန်တော့ ပူဇော်ကြရင်း မိုးစင်စင်လင်းတော့သည်။

အိမ်ကို စက်ဘီးမပါဘဲဝင်ကာ ရေမိုးချိုး၊ နံနက်စာစားပြီး. . .။ စာတွေကျက်နေရလို့ သူငယ်ချင်းအိမ် စက်ဘီးထားခဲ့ရသလိုမျိုး ထိုးဇာတ်ခင်းကာ ကျောင်းသို့ ဘတ်စ်ကားနှင့် ပြန်ပြေးရ၏။ မြတ်မွန်ဆောင်ရောက်တော့ ကိုယ်တော်မတွေက တဟားဟား။

သူတို့က ရုပ်ရှင်ကြည့်ပြီး ဘုရားကြီးပြန်မလာဘဲ အဆောင်တန်းပြန်ကြတာတဲ့. . .။ ကဲ. . . လုပ်ပုံ။

တင့်တင့်စီးသွားသော မိမိစက်ဘီးမှာ ထိုင်ခုံအစွပ်အသစ်ကို ဘလိတ်ဓားနှင့်ခွဲထားရတာလည်း ခံရသေးသည်။ ရုပ်ရှင်ရုံမှာ ဘယ်သူခွဲသွားမှန်း မသိဘူးတဲ့. . .။

ကျွန်တော်တို့သည် ဗိုလ်ဗထူးလမ်း အရှေ့ခြမ်းမှ အရှေ့ ၄၅ တာကွင်းကြီးဆီရောက်တိုင်း ကျောင်းတုန်းက ထိုအဖြစ်အပျက်ကို သတိရမိ၏။ ထို့ပြင် အရှေ့ ၄၅တာ ကွင်းကြီးကိုသတိရနေတာ တစ်ခုရှိသေး၏။ ထိုမြင်ကွင်းမျိုးလည်း အခုမမြင်တော့. . . မြင်ရဖို့လည်း မလွယ်. . .။

အရှေ့ ၄၅ တာတွင် ဘောလုံးကွင်းတစ်ကွင်းရှိခဲ့ဖူးသည်ဟု ပြောခဲ့ပါပကော . . .။ ထိုဘောလုံးကွင်းက မန္တလေးဘောလုံးရာဇဝင်တွင်လျှင် တစ်ခန်းတစ်ကဏ္ဍ မှတ်မှတ်သားသားရေးရမည့် ဘောလုံးကွင်းဖြစ်သည်။ ထိုဘောလုံးကွင်းတွင် နှစ်စဉ်ဘုရားကြီးသံဃာတော်များ ဦးစီးပြီး ၄ ပေ ၃လက်မတန်း၊ ၄ပေ ခြောက်လက်မတန်း ကလေးဘောလုံးပြိုင်ပွဲကျင်းပပေး၏။

ထိုပြိုင်ပွဲက မန္တလေးဘောလုံးဝါသနာအိုးတိုင်း လက်မလွတ်ကြ။ မန္တလေးမြို့ပေါ်သာမက နယ်ရှိ ကလေးဘောလုံးအသင်းများပါ တကူးတကလာရောက်ယှဉ်ပြိုင်ကြသဖြင့် ဗထူးကွင်းမှ ဒိုင်လူကြီးများ၊ လိုင်းစမင်းကိုခေါ်ကာ ပွဲစဉ်ဇယား စနစ်တကျဆွဲပြီး သံဃာတော်များကြီးကြပ်ကာ ယှဉ်ပြိုင်စေခြင်းဖြစ်၏။ ပြိုင်ပွဲဝင်ကြသော အသင်းများတွင် သံဃာတော်များ ဖွဲ့စည်းပေးထားသော မိုးကြိုးလူငယ်အသင်းက နာမည်ကြီးလှသည်။

ကလေးဘောလုံးအသင်းဖြစ်သော်လည်း ဘောလုံးပညာအခြေခံစနစ်များညက်ကျေကာ ပညာသားပါပါ၊ ကစားကွက်လှလှဖြင့် ကစားသည့်အသင်းဖြစ်၏။

အရှေ့ ၄၅ တာ ဘောလုံးပြိုင်ပွဲများမှာ မန္တလေးမလွန်ကွင်းဒုတိယတန်းလက်ရွေးစင်၊ ဗထူးကွင်း ပထမတန်းလက်ရွေးစင်မှသည် တိုင်းနှင့်ပြည်နယ်လက်ရွေးစင်ဖြစ်သွားကြသူမရှား. . .။ ထိုအထဲမှာ မြန်မာ့လက်ရွေးစင်ဖြစ်သွားကြတာလည်း မရှား။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# အင်းလေးဖောင်တော်ဦးဘုရား သီတင်းကျွတ်လဆန်း ၁ ရက်နေ့တွင်(၂၄)ဌာန ဒေသစာရီကြွချီမည်

သတင်းဆောင်းပါး-မြင့်မြတ်သစ္စာ
ဓာတ်ပုံ-စည်သူ



အင်းလေးဒေသ၏ယုံကြည်မှုတစ်ရပ်ဖြစ်သော အင်းလေးဖောင်တော်ဦးဘုရားဒေသစာရီကြွချီချိန်တွင် နည်းနေသောအင်းလေးရေသည် ရုတ်တရက်မိုးကြောင့် အင်းရေပြည့်လာတတ်သည့်အတွက် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် နှစ်စဉ်ကျင်းပလာလျက်ရှိရာ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့အထိ (၂၄) ဌာနသို့ အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက်မှ ၃၁ ရက်အထိ အင်းလေးဖောင်တော်ဦးဘုရားတွင် ကိန်းဝပ်စံပယ်တော်မူသော ဘုရားငါးဆူမှ လေးဆူသည် အင်းလေးဒေသအတွင်းရှိ ကျောင်းတော်ရာ(၂၄)ဌာနသို့ ဒေသစာရီကြွချီမည်ဖြစ်ရာ အောက်တိုဘာ ၁၄ ရက် နံနက် ၄ နာရီတွင် ဖောင်တော်ဦးကျောင်းတော်၌ ဒေသစာရီကြွချီမည့်အခမ်းအနားကို ဖွင့်လှစ်မည်ဖြစ်သည်။

ဖောင်တော်ဦးဘုရားရုပ်တုတော်မြတ်ငါးဆူတွင် လေးဆူမှာ ညောင်ရွှေစော်ဘွားကြီး အပ်နှံထားသော သရက္ခာန်ရုပ်တုတော်မြတ်လေးဆူဖြစ်ပြီး သက္ကရာဇ် ၄၈၂ ခုနှစ်တွင် အင်းတိန်ဘုရား အသီတော်ဖြစ်သော မဟာဂါမရွာကျောင်းတော်၌ နာရပတိစည်သူမင်း အပ်နှင်းပေးထားသော မြတ်ပေါင်းမဉ္ဇူဘုရား ရုပ်တုတော်မြတ်တစ်ဆူဖြစ်သည်။ လေးဆူသာ ပင့်ဆောင်ရခြင်းမှာ ဒေသစာရီကြွချီသည့်အပူဇော်ခံပွဲ၌ ငါးဆူစလုံးပင့်ဆောင်ခဲ့ရာ ညောင်ရွှေမြို့သို့အကြွ လင်းကင်းရွာအရှေ့ အင်းလယ်သို့အရောက်တွင် လေကြီးမိုးကြီးရွာသွန်းတိုက်ခတ်မှုကြောင့် လှေတော်နစ်မြုပ်ရာ ရုပ်တုတော်မြတ်ငါးဆူအနက်လေးဆူသာ ရှာဖွေတွေ့ရှိခဲ့သည်။ ဒေသစာရီကြွချီသည့် ပွဲတော်ပြီး၍ ဘုရားလေးဆူအား ဂန္ဓကုဋိတိုက်သို့ ကိန်းဝပ်စံပယ်ချိန်တွင် ရေထဲတွင်ကျန်ခဲ့သော လက်ျာရံရဟန္တာတစ်ဆူမှာ ဦးခေါင်းတော်၌ ရေမှော်များတင်လျက် ဂန္ဓကုဋိတိုက်၌ ပြန်လည်ရောက်ရှိ ကိန်းဝပ်စံပယ်နေသည်ကို အံ့သြဖွယ်တွေ့ရှိခဲ့ရပြီး ဒေသစာရီကြွချီသည့်ပွဲတော်သို့ ရောက်ရှိချိန်တွင် ဘုရားငါးဆူအား ပင့်ယူကြွချီရာ မိုးသည်းထန်၍ လေပြင်းတိုက်ခတ်သောကြောင့် ညတွင်းချင်း ကျောင်းတော်သို့ လက်ျာရံရဟန္တာတစ်ဆူအား ပြန်လည်ပင့်ဆောင်ခဲ့ရာ မိုးလေကင်းစင်၍ ကျန်သောလေးဆူဖြင့် အင်းလေးဒေသအတွင်း ဒေသစာရီကြွချီခဲ့သည်မှာ ယနေ့ချိန်အထိပင်ဖြစ်သည်။

မူလက(၆)ဌာနသို့ ကြွချီတော်မူ၍(၈)ဌာနတွင် ပွဲတော်များ ကျင်းပခဲ့ကြပြီး မိမိတို့ရပ်ရွာတွင် နေ့ဆွမ်းကပ်လှူရန်နှင့် ညဘက်ကိန်းတော်မူရန် ဒေသခံတို့က ခွင့်ပန်လျှောက်တင်သောကြောင့် (၁၂)ဌာနသို့ တိုးမြှင့်လှည့်လည်ခဲ့ရာ ဌာနပေါင်း ၁၉ ခု၊ ရက်ပေါင်း ၁၅ ရက်မျှ ကြွချီခဲ့သည်။ ယခုနောက်ပိုင်းတွင် အင်းလေးဒေသအတွင်းရှိ ကျောင်းပေါင်း ၂၁ ကျောင်းသို့ ဖောင်တော်ဦးဘုရားလေးဆူ ဒေသစာရီကြွချီလျက်ရှိပြီး မြန်မာပြည်တွင် တောင်ပေါ်ဒေသ အင်းလေးဖောင်တော်ဦးဘုရားပွဲနှင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် ပြည်တွင်း ပြည်ပခရီးသွားများ အများဆုံးလာရောက်လည်ပတ်သောပွဲတော်အဖြစ် ကျော်ကြားနေဆဲဖြစ်သည်။

အင်းလေးဖောင်တော်ဦးကျောင်းတော်မှ ဘုရားလေးဆူအား အင်းလေးဝန်းကျင်ရှိဒေသများရှိ ကျောင်းပေါင်း ၁၇ ကျောင်း၌ညပိုင်းတွင် ကိန်းစက်တော်မူမည်ဖြစ်ပြီး ကျောင်းခုနစ်ကျောင်းတွင် နေ့ဆွမ်းဘုန်းပေးတော်မူမည်ဖြစ်သည်။ အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီတွင် အင်းတိန်ကြေးပေါခုံကျောင်းသို့ စတင်ဒေသစာရီကြွချီမည်ဖြစ်၍အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီတွင် ရေသာကျောင်း၌ ညပိုင်းကျိန်းခဲ့သော ဖောင်တော်ဦးဘုရားလေးဆူအား အင်းလေးဖောင်တော်ဦးကျောင်းတော်သို့ ပြန်လည်ဝင်ရောက်ကိန်းဝပ်စံပယ်မည်ဖြစ်ရာ ယင်းနေ့သည် ကျောင်းတော်ရာသို့ပြန်လည်ဝင်ရောက်သောနေ့ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်သောဘုရားဖူးများဖြင့် အစည်ကားဆုံးနေ့ဖြစ်ပြီး ဒေသခံတို့၏ ရိုးရာပစ္စည်းနှင့် ရိုးရာအစားအစာများ အရောင်းအဝယ်စည်ကားသောနေ့ဖြစ်သည်။

ဖောင်တော်ဦးဘုရားပွဲတော်သို့ နိုင်ငံခြားခရီးသွားများ နှစ်စဉ်လာရောက်လည်ပတ်သည့်အတွက် ငွေထည်ပစ္စည်း၊ ကြေးထည်ပစ္စည်း၊ ရိုးရာရက်ကန်းအဝတ်အထည်နှင့် အင်းလေးရိုးရာဟင်းလျာဖြစ်သော ကျောက်ငါးပေါင်း ငါးဒုက္ခငါးပေါင်း(အရိုးလွတ်)အပါအဝင် အခြားဟင်းလျာများသည် အင်းလေးဒေသ၏ဆွဲဆောင်မှုကိုပေးလျက်ရှိသည်။

သိကြားမင်းက အလောင်းစည်သူမင်းကြီးထံ သာသနာတော်တည်သမျှလူသတ္တဝါ အပေါင်းကိုးကွယ်နိုင်စေရန် သရက္ခာန်အသားဖြင့် ရုပ်တုတော်မြတ်ငါးဆူထုလုပ်ပြီး သီတဓာတ်တော်တစ်ဆူ၊ သရိယဓာတ်တော်မြတ်တစ်ဆူကို ထည့်သွင်းဌာပနာကာ ပေးအပ်ခဲ့သည်။ သရက္ခာန်၊ သပြေ၊ ဗောဓိစသည့် သုံးမျိုးစုပေါင်း၍ စီရင်ထားသောကြောင့် မြတ်ပေါင်းမဉ္ဇူဘုရားဟု ဘွဲ့တော်ရှိခဲ့ပြီး ထိုဘုရားတွင် သီတမွေတော်တစ်ဆူ၊ နှစ်လုံးတော်တစ်ဆူ ကိုလည်း ဌာပနာသွင်းထားခဲ့သည်။ အထက်ပါ သရက္ခာန်ရုပ်တုတော်မြတ်ငါးဆူနှင့် မြတ်ပေါင်းမဉ္ဇူတစ်ဆူ၊ ရှင်ဖြူ-ရှင်လှနှစ်ဆူစသည့်ရှစ်ဆူကို သိကြားမင်းက ထုဆစ်၍မင်းကြီးထံ ဆက်သခဲ့ခြင်းဖြစ်သည်။

ရုပ်တုတော်မြတ်ငါးဆူသည် သရက္ခာန်ရုပ်တုတော်မြတ်လေးဆူနှင့် သက္ကရာဇ် ၄၈၂ ခုနှစ်တွင် အင်းတိန်ဘုရား၌ စောင့်ရှောက်ထိန်းသိမ်းထားသော မဟာဂါမရွာကျောင်းတော်၌ နရပတိစည်သူမင်းကြီးအပ်နှင်းထားသည့် မြတ်ပေါင်းမဉ္ဇူဘုရားရုပ်တုတော်မြတ်တစ်ဆူ စုစုပေါင်းငါးဆူဖြစ်သည်။ သက္ကရာဇ် ၇၂၁ ခုနှစ်တွင် ညောင်ရွှေမြို့ စော်ဘွားကြီး စီဆိုင်ဖလက်ထက်တွင် သန်းထောင်အရပ်၌တစ်ခုသောနေရာတွင် ဘုရားရောင်ခြည်တော်များ ကွန့်မြူးနေသည်ကိုဖူးတွေ့သဖြင့် ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းခုတ်ထွင်စေပြီး ဘုရားရုပ်တုတော်မြတ်လေးဆူကို ဖူးတွေ့ပင့်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုလေးဆူသည် အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီအပူဇော်ခံမည့် လေးဆူပင်ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ အထင်ကရပွဲတော်ကြီးဖြစ်သော အင်းလေးဖောင်တော်ဦးဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် သီတင်းကျွတ်လဆန်း ၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။



နေပြည်တော်ကောင်စီနယ်မြေရှိ တပ်ကုန်း-ပိန်းတော ကွန်ကရစ်တံတားကြီးကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်၍ အောက်တိုဘာ ၄ ရက်က ခေတ္တသွားလာခွင့်ပြုခဲ့ရာ ရဟန်းရှင်လူပြည်သူများ ပျော်ရွှင်စွာဖြတ်သန်းနေမှုကိုတွေ့ရစဉ်။

တင်ထွန်းတာ

# ပျော်ဘွယ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဆင့်ပွားသင်တန်းဖွင့်

**ပျော်ဘွယ် အောက်တိုဘာ ၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် လွှတ်တော်အသီးသီး၏ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရပ်ကွက်/ ကျေးရွာ အုပ်စုအလိုက် မဲရုံများ သတ်မှတ်၍ လျှို့ဝှက်ဆန္ဒမဲပေးသည့် စနစ်ကျင့်သုံးကာ ဆောင်ရွက်သွားနိုင်ရေးအတွက် မဲရုံများ ကြီးကြပ်ရန် မဲရုံမှူး၊ ဒုတိယမဲရုံမှူး ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၅ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစံတင့်က အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းကို ဆက်လက်ပို့ချရာမဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ လုပ်ငန်းညွှန်ကြားချက်များအပြင် လက်တွေ့သရုပ်ပြသခြင်းတို့ကိုပါ ပြုလုပ်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၅ ရက်တွင် အမှတ်(၁) မဲဆန္ဒနယ်မှ သင်တန်းသား ၁၈၀၊ အောက်တိုဘာ ၆ ရက်တွင် အမှတ်(၂) မဲဆန္ဒနယ်မှ သင်တန်းသား ၁၂၀ တို့ကို ပို့ချခဲ့ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ်အတွင်း အမှတ်(၁) မဲဆန္ဒနယ်တွင် မဲရုံပေါင်း ၁၅၀၊ အမှတ် (၂) မဲဆန္ဒနယ်တွင် မဲရုံပေါင်း ၁၄၁ ရုံ စုစုပေါင်း မဲရုံပေါင်း ၂၉၁ ရုံ သတ်မှတ်ထားကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# မိတ္ထီလာပြည်သူ့ဆေးရုံအနီး နွေးတန်ဖိုးသင့်ညစာ ရောင်းချပေးလျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၆**

မိတ္ထီလာမြို့နယ် ပြည်သူ့ဆေးရုံ အရေးပေါ် ပြင်ပလူနာဌာနအနီး၌ ဆေးရုံတက် လူနာမိသားစုဝင်များ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ အဖိတ်နေ့၊ ဥပုသ်နေ့များမှအပ နေ့စဉ် နွေးတန်ဖိုးသင့်ညစာများ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ “အဓိကကတော့ ဆေးရုံကိုလာရောက်တက်တဲ့ လူနာတွေနဲ့ လူနာမိသားစုဝင်တွေ အဖိုးအခနည်းနည်းနဲ့ ညစာကို ဝယ်ယူစားသုံးနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ ရောင်းချပေးတာပါ။ လူတစ်ဦးစာ ညစာတစ်နပ် ဝက်သားဟင်း၊ အာလူးနှပ်တစ်ပွဲ ငွေကျပ် ၅၀၀၊ ကြက်သားဟင်းနဲ့ အာလူးနှပ်လည်း ငွေကျပ် ၅၀၀ ပါပဲ။ သီးစုံပဲကုလားဟင်းနဲ့ဆိုရင် ထမင်းပါ လူတစ်ဦးစာ ငွေကျပ်၂၀၀ ရောင်းချပေးပါတယ်။ နေ့စဉ် အကျိုးအမြတ်တော့ မကျန်ပါဘူး။ အရှုံးခံပြီးပဲ ကုသိုလ်ရအောင် ရောင်းချပေးနေတဲ့ သဘောပါ”ဟု နွေးတန်ဖိုးသင့်ညစာရောင်းချပေးသူ ဒေါ်ဥမ္မာစိုးက ပြောသည်။

တန်ဖိုးသင့် ညစာလာရောက်ဝယ်ယူစားသုံးသူ ဆေးရုံတက်လူနာများနှင့် လူနာမိသားစုဝင်များအား တစ်ခါတစ်ရံ အလှူရှင်များက လှူဒါန်းသည့် မုန့်ပဲသရေစာနှင့် ရေသန့်ဘူးငယ်များကို အခမဲ့ ကျွေးမွေးလှူဒါန်းကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု အပိုင်း(၂)

## (Asia Environmental Enforcement Award- AEEA)

သတင်းဆောင်းပါး
ဒေါက်တာလပြည့်ခင်

**၂၀၁၄ ခုနှစ်အတွက် အာရှဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တရားဥပဒေစိုးမိုးရေးဆု (AEEA Award )ရရှိခဲ့သော နိုင်ငံများနှင့်ဆောင်ရွက်ချက်များအား အများပြည်သူ လေ့လာသိရှိနိုင်စေရန် ဆက်လက်တင်ပြလိုက်ရပါသည်။**

**ဖိလစ်ပိုင်နိုင်ငံ အကောက်ခွန်ဌာန လုံခြုံရေးနှင့် အရေးယူဆောင်ရွက်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့သည် ၂၀၁၄ ခုနှစ်အတွင်း ဓာတုပစ္စည်းများ၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများပါဝင်သော ကွန်တိန်နာ အလုံး ၉၀ နှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများပါဝင်သည့် ကွန်တိန်နာ ၅၅ လုံးကို ဖမ်းဆီးနိုင်ခဲ့**

တွန်ဂါနိုင်ငံ အခွန်တော်နှင့် အကောက်ခွန်ရေးရာ ဝန်ကြီးဌာနတို့ပူးပေါင်း၍ နိုင်ငံအတွင်းဝင်ရောက်သည့် ရေခဲသေတ္တာသုံးပစ္စည်းများ တင်သွင်းခြင်းကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံစာတင်ပြခြင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း တွန်ဂါ အကောက်ခွန်ဦးစီးဌာနမှ ရေခဲသေတ္တာသုံးပစ္စည်းများဖြစ်သော Hydrochlorofluorocarbon-HCFC (R-22) ဆလင်ဒါအိုး အလုံး ၃၀ ဖမ်းဆီးရရှိခဲ့ခြင်းတို့ကြောင့် **အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆု**ကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်ကျင်းခရိုင် အကောက်ခွန်ဌာနသည် စွန့်ပစ်ပစ္စည်း တရားမဝင် သယ်ဆောင်မှုအား အရေးယူခြင်းလုပ်ငန်းကို ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၏ စွန့်ပစ်ပစ္စည်းများ တရားမဝင် နယ်စပ်ဖြတ်ကျော်မှု တားဆီးရေး စီမံချက် Demeter စီမံချက်(၁-၃)နှင့် Green Fence စီမံချက်များဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း စွန့်ပစ်ပစ္စည်းတရားမဝင် သယ်ဆောင်ခြင်းအမှု ၄၈ မှုအား စုံစမ်းဖော်ထုတ်နိုင်ခဲ့ခြင်း၊ စွန့်ပစ်ပစ္စည်း မှောင်ခိုသွင်းထုတ်သည့် အဖွဲ့ ၃၁ ဖွဲ့အား ဖျက်သိမ်းနိုင်ခဲ့ခြင်း၊ သံသယရှိသူ ဦးရေ ၁၅၀ ကျော်အား ဖမ်းဆီးခြင်းနှင့် စွန့်ပစ်ပစ္စည်း အမျိုးမျိုး တန်ပေါင်း နှစ်သိန်းကျော်ကို ဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် **အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများအရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆု** ကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ၊ အခွန်တော်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး ညွှန်ကြားမှုဦးစီးဌာနသည် စန္ဒကူးအနီ သစ်မျိုးများ အိန္ဒိယနိုင်ငံပြင်ပသို့ တရားမဝင်မှောင်ခိုခိုးထုတ်မှုများအား ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍စစ်ဆေးခဲ့ရာ ၂၀၁၂ ခုနှစ်အထိ စန္ဒကူးအနီ ၈၄၅ တန်ဖမ်းဆီးရပြီး အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဖြစ်သည့် ဆလင်ဒါအိုး ၄၅၇၉၀၊ အလေးချိန် ၆၂၂၇၄၄ ကီလိုဂရမ်အား ဖမ်းဆီးနိုင်ခဲ့ခြင်းတို့ကြောင့် **အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆု** ကိုလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ အကောက်ခွန်ဌာန လုံခြုံရေးနှင့် အရေးယူဆောင်ရွက်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့သည် ၂၀၁၄ ခုနှစ်အတွင်း ဓာတုပစ္စည်းများ၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ ပါဝင်သော ကွန်တိန်နာအလုံး ၉၀ နှင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများပါဝင်သည့် ကွန်တိန်နာ ၅၅ လုံးကို ဖမ်းဆီးနိုင်ခဲ့ခြင်း၊ ပြစ်မှုကျူးလွန်သူများအား အရေးယူရန် တရားရုံးတွင် အမှုဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကြောင့် **အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆု**ကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၊ အာရှနှင့်ပစိဖိတ်ဒေသ ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၏ ဒေသတွင်းစုံစမ်းစစ်ဆေးရေးဆိုင်ရာ ဆက်သွယ်ရေးရုံးမှ Sky Hole Patching စီမံချက်အရ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းနှင့် ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးလုပ်ငန်းကို ၂၀၀၆ ခုနှစ်မှ စတင်၍ နိုင်ငံများစွာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဆိုပါစီမံချက်ဖြင့် စွန့်ပစ်ပစ္စည်းများကို သင်္ဘောဖြင့် သယ်ဆောင်မှု အကြိမ် ၃၄၀၊ တန် ၃၀၀၀၀ နှင့် **အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို** သင်္ဘောဖြင့် သယ်ဆောင်မှု အကြိမ် ၇၀ ၊ တန် ၁၀၀၀ တို့အား ဖမ်းဆီးနိုင်ခဲ့ခြင်း၊ ထို့နောက် တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ပိတ်ဆို့ကာကွယ်နိုင်ရန်အတွက် Cobra 1 နှင့် 2 စီမံချက်ဖြင့် စီမံချက်ကာလအတွင်း ဆက်သွယ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ကိန်းဂဏန်းအချက်အလက်များအား စိစစ်ခြင်းတို့ကြောင့် **အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အသင်းအဖွဲ့ဆု**ကို လည်းကောင်း၊ **အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ တစ်ဦးချင်းဆုအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ** အကောက်ခွန်ဌာန လုံခြုံရေးနှင့် အရေးယူဆောင်ရွက်ရေးလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့ကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော Chief/ Special Police Major ဖြစ်သူ Mr. Nicomedes Petallo Enad က ရရှိခဲ့ပြီး ၄င်းအဖွဲ့သည် ယခုအခါတွင် ဓာတုပစ္စည်းများနှင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရာတွင် အကောက်ခွန်ဌာန၏ အရေးပါသည့်အဖွဲ့တစ်ခုဖြစ်ခြင်း၊ ၂၀၁၄ ခုနှစ်တွင် ပတ်ဝန်းကျင်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ချိုးဖောက်သည့် ဓာတုပစ္စည်းများ၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် တရားမဝင် စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာသော ကွန်တိန်နာ ၉၀ ပါဝင်သော သင်္ဘောအား ဖမ်းဆီးနိုင်ခဲ့ခြင်းနှင့် တာရှည်ခံ ပလတ်စတစ်ပါဝင်သော ကွန်တိန်နာ ၅၅ လုံးအား ဖမ်းဆီးနိုင်ခဲ့ခြင်းတို့ကြောင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၊ အာရှနှင့် ပစိဖိတ်ဒေသ ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၏ ဒေသတွင်း စုံစမ်းစစ်ဆေးရေးဆိုင်ရာဆက်သွယ်ရေးရုံးမှ Intelligence Analyst ဖြစ်သူ Mr. Wang Liang သည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းစီမံချက်လုပ်ငန်းများဖြစ်သော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများသုံးစွဲပြီး ကားအစိတ်အပိုင်းနှင့် တာယာများ၊ ချည်ထည်များနှင့် လျှပ်စစ်သုံးစွန့်ပစ်ပစ္စည်းများပါဝင်သော တရားမဝင် စွန့်ပစ်ပစ္စည်း တန်ချိန် ၇၀၀၀ ကျော်အား ဖမ်းဆီးရမိခဲ့သည့် ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း၏ စွန့်ပစ်ပစ္စည်းများ တရားမဝင်နယ်စပ်ဖြတ်ကျော်မှု တားဆီးရေးစီမံချက် (Demeter III) တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ တရားမဝင်တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားမှု တားဆီးရေးစီမံချက် Cobra II တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း၊ SkyHole Patching စီမံကိန်းအောက်ရှိ စွန့်ပစ်ပစ္စည်းများ မူရင်းနိုင်ငံသို့ပြန်ပို့မှု စောင့်ကြည့်သည့်စနစ်၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ ဒေသတွင်းတရားမဝင်ရောင်းဝယ်ဖောက်ကားမှု ထိန်းချုပ်ခြင်းနှင့် စောင့်ကြည့်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သူဖြစ်ခြင်း၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် ဓာတုပစ္စည်းများအတွက် အစိမ်းရောင် အကောက်ခွန်လုပ်ငန်းဖွံ့ဖြိုးရေးနှင့် ဒေသတွင်း အရေးယူဆောင်ရွက်မှုကွန်ရက်ကဲ့သို့သော စီမံကိန်းများတွင် နည်းပညာဆိုင်ရာ အကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် **အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်း များဆိုင်ရာ တစ်ဦးချင်းဆု**ကို ရရှိခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ ငွေမဲခဝါချမှုတိုက်ဖျက်ရေးရုံးမှ ၂၀၁၄ ခုနှစ် မေလတွင် ထိုင်းနိုင်ငံအတွင်း ထိုင်းမျိုးရင်း တမလန်းသစ်နှင့် အခြားတောရိုင်းတိရစ္ဆာန်များ တရားမဝင်မှောင်ခိုရောင်းဝယ်ဖောက်ကားမှုများကို စုံစမ်းစစ်ဆေးခဲ့ရာ ရလဒ်အနေဖြင့် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၄ သန်းနှင့် ညီမျှသော ပစ္စည်းများကို ဖမ်းဆီးနိုင်ခဲ့ခြင်းနှင့် ဤဖမ်းဆီးမှုသည် ကာကွယ်ထားသော တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်များရောင်းဝယ်ဖောက်ကားမှု ဆိုင်ရာ ပြစ်မှုများအား ထိန်းချုပ်ရာတွင် များစွာအထောက်အကူပြုခြင်းတို့ဖြင့် **တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာအဖွဲ့အစည်းဆု** ကိုရရှိခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့၏ ရေကြောင်းထိန်းသိမ်းရေးအဖွဲ့မှ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း အဆိုပါအဖွဲ့သည် ငါးလုပ်ငန်းဥပဒေ၊ သစ်တောဥပဒေနှင့် တောရိုင်းတိရစ္ဆာန်ဥပဒေတို့ကို ချိုးဖောက်မှုများ တိုက်ဖျက်သည့် စစ်ဆင်ရေးလုပ်ငန်း အကြိမ် ၁၅၀၀ ကို ဆောင်ရွက်ခဲ့ရာ ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရေနေသတ္တဝါမျိုးစိတ်များဖမ်းဆီးခြင်း အကြိမ် ၉၀၀၀ ခန့်နှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသုံးသိန်းထက်ပိုသော ဒဏ်ကြေးများရရှိခဲ့ခြင်းတို့ကြောင့် **တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အဖွဲ့အစည်းဆု** ကို ရရှိခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ တောရိုင်းတိရစ္ဆာန်များ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့သည် နိုင်ငံတွင်း ထင်ရှားသည့် တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဦးဆောင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အပြင် ဖနွမ်းပင်မြို့ စားသောက်ဆိုင်များရှိ တောရိုင်းတိရစ္ဆာန်အသားများပါဝင်သည့် အစားအသောက်စာရင်းများ ပယ်ဖျက်ရာတွင် ကူညီဆောင်ရွက်ခဲ့ခြင်း၊ အသက်ရှင်လျက်ရှိသော တောရိုင်းတိရစ္ဆာန်ကောင်ရေ ၆၀၀၀၀အား ကယ်ဆယ်နိုင်ခဲ့ခြင်း၊ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းတန် ၃၀ ခန့်အား ဖမ်းဆီးနိုင်ခဲ့ခြင်းနှင့် ပြစ်မှုကျူးလွန်သူ ၃၀၀၀ ခန့်အား ဒဏ်ငွေချမှတ်နိုင်ခဲ့ခြင်းတို့ကြောင့် **တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ အဖွဲ့အစည်းဆု** ကို ရရှိခဲ့ပါသည်။

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ ရေကြောင်းထိန်းသိမ်းရေးအဖွဲ့မှ ဖိလစ်ပိုင်ရေကြောင်း အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ရဲချုပ်ဖြစ်သူ Osmundo Dupagon Salibo က ဖိလစ်ပိုင်ရေကြောင်းအဖွဲ့၏ အထူးစစ်ဆင်ရေး စက်လှေအဖွဲ့အား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဦးဆောင်ခဲ့ပြီး ပတ်ဝန်းကျင်ဥပဒေချိုးဖောက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ကာကွယ်ရေးလုပ်ငန်းများတွင် ကျော်ကြားခဲ့သူတစ်ဦးဖြစ်ခြင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အထူးစစ်ဆင်ရေး စက်လှေအဖွဲ့အနေဖြင့် ရှားပါးပြီးမျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသော လိပ်ကောင်ရေ ၉၀၀ နှင့် ပင်လယ်လိပ်ဥ ၉၀၀၀ ကျော်တို့အား ဖမ်းဆီးရမိခဲ့ခြင်းတို့ကြောင့် **တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ တစ်ဦးချင်းဆု** ကို ရရှိခဲ့သည်။

ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့ ရေကြောင်းထိန်းသိမ်းရေးအဖွဲ့၏ စစ်ဆင်ရေး ဒုတိယညွှန်ကြားရေးမှူး Police Senior Supreintendent Johnathan Viernes V. Ablang က အဏ္ဏဝါသဘာဝနယ်မြေတည်ထောင်ခြင်း၊ ဒေသခံငါးဖမ်းလုပ်သား ၆၇၉ ဦးနှင့် အခြားလူမှုအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များအား အဏ္ဏဝါသဘာဝနယ်မြေတွင် လုံခြုံရေးဝန်ထမ်းအဖြစ် ခန့်ထားခြင်းနှင့် သင်တန်းပေးခြင်းလုပ်ငန်းများတွင် ဦးဆောင်ခဲ့သူဖြစ်ခြင်း၊ ၄င်းဦးဆောင်မှုအောက်တွင် တရားမဝင်ငါးဖမ်းခြင်းနှင့် အဏ္ဏဝါညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ဒေသခံပြည်သူ ပူးပေါင်းပါဝင်နိုင်မည့် စာတိုပို့စနစ် (SMS Hotline) တစ်ခုအား တည်ထောင်နိုင်ခဲ့ခြင်း၊ ယင်းစနစ်ဖြင့် ယနေ့အထိ တရားမဝင် ငါးဖမ်းခြင်းနှင့် အဏ္ဏဝါညစ်ညမ်းမှုနှင့် ပတ်သက်သည့် သံသယရှိသူ ၁၀၀၀ ကျော် ခန့်အား ဖမ်းဆီးအရေးယူနိုင်ခဲ့သည့် သတင်းအချက်အလက်များနှင့် ဖုန်းခေါ်ဆိုမှု အကြိမ် ၁၀၀ ခန့် လက်ခံရရှိခဲ့ခြင်းနှင့် တရားရုံးတွင် အမှု ၁၀၀ ခန့်အား အမှုဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကြောင့် **တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ တစ်ဦးချင်းဆု** ကိုရရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်အကောက်ခွန်ဌာနခွဲ မန်နေဂျာ Mr. Do Thanh Quang သည် အမေရိကန်ဒေါ်လာ ၈၃၀၀၀၀ နှင့် တန်ဖိုးညီမျှသည့် ဆင်စွယ်များအပါအဝင် တောရိုင်းတိရစ္ဆာန်များ တရားမဝင် နယ်စပ်ဖြတ်ကျော် သယ်ဆောင်မှုအား ဖမ်းဆီးရာတွင် ဦးဆောင်ခဲ့သူတစ်ဦးဖြစ်ခြင်းကြောင့် **တောရိုင်းတိရစ္ဆာန်များ အရေးယူဆောင်ရွက်ခြင်းဆိုင်ရာတစ်ဦးချင်းဆု**ကို ရရှိခဲ့သည်။

---

## မြစိမ်းရောင်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**ကျိုက်ထို အောက်တိုဘာ ၆**

မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သည့် ပျဉ်းကတိုးကုန်းကျေးရွာသို့ အောက်တိုဘာလပထမပတ်က ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဝင်းနှင့် တာဝန်ရှိသူများက ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့နှင့်တွေ့ဆုံပြီး လစဉ်ဆောင်ရွက်ရမည့် စာရင်းဇယားများ မှန်ကန်မှုရှိရေး၊ ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ တိုးတက်မှုတို့ကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝေဝေ**

## မန္တလေး၌ စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၃ ရက်က ကွယ်လွန်ခဲ့သော GM ဇော်ဝင်းလေးအမှတ်တရ စစ်တုရင်ပြိုင်ပွဲဆုပေးပွဲကို အောက်တိုဘာ ၄ ရက်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ကော်မတီဝင်များ၊ ပြိုင်ပွဲဝင် စစ်တုရင်အားကစားသမားများ တက်ရောက်ကြသည်။

ပြိုင်ပွဲအပြီးတွင် အသက် ၁၈ နှစ်အောက် လူငယ်ပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အသက် ၅၀ နှစ်အထက် ပြိုင်ပွဲ၊ ဒေသခံပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အလွတ်တန်းပြိုင်ပွဲတွင် ပထမဆုရ ဦးကျော်ထွန်း (မန္တလေး)၊ ဒုတိယဆုရ သက်နောင်(မန္တလေး)နှင့် တတိယဆုရ အောင်လွင်စိုး (မန္တလေး)တို့ကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လီဗာပူးနည်းပြဖြစ်လာဖို့ ရေပန်းစားလာတဲ့ ဂျာဂျင်ကလော့

ရာသီအစဆိုးရွားတဲ့ ရလဒ်တွေနဲ့ကြုံတွေ့နေရတဲ့အတွက် နည်းပြဘရီဒန်းရော်ဂျာထွက်ခွာပြီးတဲ့နောက် ဂျာဂျင်ကတော့ဟာ လီဗာပူးနည်းပြဖြစ်ဖို့ ရေပန်းစားနေပါတယ်။ လီဗာပူးအသင်းဟာ ကစားသမားခေါ်ယူရေးကာလမှာ ကစားသမားသစ်တွေ ခေါ်ယူဖြည့်ဆည်းခဲ့ပေမယ့် ရာသီအစအောင်မြင်မှုတွေ မရခဲ့ပါဘူး။ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်မှာ သုံးပွဲနိုင်ပြီး တနင်္ဂနွေနေ့က အဲဗာတန်နဲ့ သရေပွဲဖြစ်ခဲ့ပါတယ်။

လက်ရှိအချိန်မှာ လီဗာပူးတို့ ဒီရလဒ်တွေကြောင့် အမှတ်ပေးဇယားနံပါတ် ၁၀ မှာ ရပ်တည်နိုင်ခဲ့ပါတယ်။ နည်းပြ ရော်ဂျာဟာ ၂၀၁၂ ခုနှစ် ဇွန်လက ဆွမ်ဆီးမှ ပြောင်းလာပြီးကတည်းက အောင်မြင်နေတဲ့ နည်းပြဖြစ်ခဲ့ပေမယ့် ယခုနှစ်မှာတော့ ဆိုးရွားတဲ့ရလဒ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ လွန်ခဲ့တဲ့နှစ်က နည်းပြရော်ဂျာကို လေးနှစ်စာချုပ်သစ်ချုပ်ဆိုခဲ့ပါတယ်။ လီဗာပူးနည်းပြကို အသင်းပိုင်ရှင်တွေက အလုပ်ဖြုတ်လိုက်ပြီ ဖြစ်ပါတယ်။ ဒေါ့မွန်နည်းပြဟောင်း ဂျာဂျင်ကလော့ကို စာချုပ်ဖို့ ရေပန်းစားနေတဲ့လို့ သတင်းတွေထွက်ပေါ် နေပါတယ်။



# မန်ယူကိုအနိုင်ကစားခြင်းဟာ ဝင်းဂါးရဲ့ နည်းစနစ်သစ်ဟုဆို

ပရီမီယာလိဂ်ပွဲစဉ်(၈)အဖြစ် အာဆင်နယ်က မန်ယူကို သုံးဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့ပါတယ်။ အာဆင်နယ်ကစားသမားတွေဟာ ပွဲစသည်နဲ့ မန်ယူနောက်တန်းကို တရစပ်ထိုးဖောက်တိုက်စစ်ဆင်ပြီး ဂိုးတွေသွင်းယူသွားခဲ့ပါတယ်။ ဆန်ချက်ဇ်နဲ့ အိုဇေးလ်တို့က လျှပ်တစ်ပြက်ဂိုးတွေသွင်းယူခဲ့တဲ့အတွက် မန်ယူကစားသမားတွေဟာ ပြင်ဆင်ချိန်မရဘဲ ဂိုးတွေပေးလိုက်ရပါတယ်။ ဒီလို လျှပ်တစ်ပြက်တိုက်စစ်ဆင်ကစားပြီး ဂိုးတွေရအောင်လုပ်နိုင်ခဲ့တာဟာ နည်းပြ အာစင်ဝင်းဂါးက သူ့ရဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်နည်းဗျူဟာဖြစ်တယ်လို့ ဆိုပါတယ်။

ဒီပွဲမှာ အနိုင်ကစားနိုင်ဖို့ နည်းဗျူဟာသစ်တွေ ချမှတ်ဆောင်ရွက်ခဲ့တဲ့အတွက် ဂိုးတွေရခဲ့တာပါလို့ နည်းပြ အာစင်ဝင်းဂါးက ဆိုပါတယ်။ ဗန်ဟားလ်ကတော့ သူ့ရဲ့ မန်ယူကစားသမားတွေဟာ အာဆင်နယ်ကို နိုင်အောင်ကစားဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးလို့ ဒေါသကြီးစွာ ပြောဆိုခဲ့ပါတယ်။





# အနိုင်ဆိုတာ အင်္ဂလန်တို့အတွက်ပဲဖြစ်မယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ

**မိုးမြင့်လင်းလက်**

***ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကို အောက်တိုဘာ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး စပိန်နဲ့ လူဇင်ဘတ်၊ အင်္ဂလန်နဲ့ အက်စ်တိုးနီးယားတို့ပွဲတွေ အပါအဝင် စိတ်ဝင်စားစရာကောင်းတဲ့ ယှဉ်ပြိုင်မှုတွေကို မြင်တွေ့ရပါဦးမယ်။ ဒီပြိုင်ပွဲမှာ ခြေစစ်ပွဲအောင်ဖို့ သေချာနေပြီဖြစ်တဲ့အသင်းတွေရဲ့ ဂုဏ်သိက္ခာအရ ကြိုးစားအားထုတ်မယ့် ပုံရိပ်တွေကို အကဲခတ်ခွင့်ရဦးမှာဖြစ်ပြီး အသင်းငယ်တွေရဲ့ အားကြိုးမာန်တက်ယှဉ်ပြိုင်မှု ခြေစွမ်းတွေကိုလည်း မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။***

**စပိန်နှင့် လူဇင်ဘတ်**

အုပ်စု(C)မှာ စပိန်တို့ ရှစ်ပွဲကစားပြီးချိန်အထိ ၂၁ မှတ်ရပြီး ထိပ်ဆုံးကဦးဆောင်နေပါတယ်။ ယူရိုလက်ရှိချန်ပီယံစပိန်တို့ဟာ လူဇင်ဘတ်နဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် လေးဂိုးပြတ်နဲ့နိုင်ပွဲရထားပါတယ်။ မက်ဆီဒိုးနီးယား၊ ဆလိုဗက်ကီးယားနဲ့ ဘီလာရုစ်အသင်းတွေကို နိုင်ပွဲဆက်တိုက်ရအောင် ကစားထားတဲ့ စပိန်ဟာ အခုပွဲကိုလည်း ဂိုးပြတ်သွင်းပြီး အောင်ပွဲခံပါလိမ့်မယ်။ မက်ဆီဒိုးနီးယားကို နိုင်ပွဲရထားပေမယ့် ယူကရိန်းနဲ့ ဘီလာရုစ်ကို ရှုံးပွဲကြုံထားတဲ့ လူဇင်ဘတ်တို့ အခုပွဲမှာ တစ်မှတ်ရဖို့တောင် မလွယ်တဲ့ အနေအထားဖြစ်ပြီး ဂိုးမပြတ်အောင်ဘဲ အာရုံစိုက်ရမှာဖြစ်ပါတယ်။

**အင်္ဂလန်နှင့် အက်စ်တိုးနီးယား**

အုပ်စု(E)မှာ အင်္ဂလန်တို့လည်း ရှစ်ပွဲကစားပြီးချိန်အထိ သရေပွဲ၊ ရှုံးပွဲမရှိဘဲ နိုင်ပွဲတွေချည်း ရယူထားနိုင်တာမို့ အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။ အက်စ်တိုးနီးယားတို့ကတော့ ရှစ်ပွဲကစား၊ ၁၀ မှတ်နဲ့ အုပ်စုတတိယနေရာမှာ ရပ်တည်နေပြီး အင်္ဂလန်ရဲ့ နိုင်ပွဲတွေကို ဒီပွဲမှာရပ်တန့်ပစ်ဖို့ ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် အင်္ဂလန်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာမို့ ဒီပွဲမှာလည်း တိုက်စစ်ခြေစွမ်းပြမှုတွေနဲ့ အတူ အင်္ဂလန်တို့ နိုင်ပွဲဆက်ဦးမှာဖြစ်ပါတယ်။

**မော်လ်ဒိုဗာနှင့် ရုရှား**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုပွဲရလဒ်က တစ်ဂိုးစီသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ အိမ်ရှင်တို့ ရုရှားကို ဘယ်လိုဟန့်တားထိန်းချုပ်မှုတွေပြုလုပ်လာမလဲ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေတဲ့ ရုရှားတို့က ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ကို ရှင်သန်စေဖို့အတွက် မော်လ်ဒိုဗာကွင်းမှာ ဖြစ်ပေမယ့် အနိုင်ရလဒ်ပြတ်သားအောင် ခြေကုန်ဖွင့်လာပါလိမ့်မယ်။

**ဆွစ်ဇာလန်နှင့် ဆန်မာရီနို**

အုပ်စု(E)မှာ ဆွစ်ဇာလန်တို့ အုပ်စုဒုတိယနေရာမှာ ရပ်တည်နေပြီး ဆန်မာရီနိုတို့ကတော့ ခြေစစ်ပွဲအောင်ဖို့ မလွယ်တဲ့အနေအထားရှိပါတယ်။ ပွဲတိုင်းရှုံးနေတဲ့ ဆန်မာရီနိုကို ဆွစ်ဇာလန်ပြတ်သားတဲ့ အဖြေထုတ်ပြီး အနိုင်ရလဒ်သိမ်းပိုက်ကာ အုပ်စုဒုတိယနေရာကို ခိုင်ခိုင်မြဲမြဲ ရပ်တည်နိုင်အောင် ကြိုးစားပါလိမ့်မယ်။

**လက်ချင်စတိန်းနှင့် ဆွီဒင်**

ပထမအကျော့ ဆွီဒင်ကွင်းမှာ ကစားခဲ့တဲ့ပွဲမှာ ဆွီဒင်တို့က နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့တာမို့ အခုပွဲမှာ လက်ချက်စတိန်းတို့ ကစားအားတင်ဖို့ရှိပါလိမ့်မယ်။ ဒါပေမယ့် ဆွီဒင်တို့ကလည်း အခုလောလောဆယ်မှာ ရှုံးပွဲတွေဆက်တိုက်ဖြစ်ပေါ်နေတာမို့ လူစုံထုတ်ကစားမှုရပါလိမ့်မယ်။ လက်ချင်စတိန်းတို့ကတော့ ဒီပွဲမှာ ဂိုးမပြတ်ရေးကို အာရုံစိုက်ရမှာမို့ ဆွီဒင်ရဲ့ ကြိုးစားအားထုတ်မှုအပေါ်မှာပဲ ရလဒ်အပြောင်းအလဲဖြစ်ပေါ်ပါလိမ့်မယ်။

# စီရော်နယ်ဒိုထက် ခြေစွမ်းပြလာတယ်ဆိုတဲ့ ဂါရက်ဘေးလ်

အက်သလက်တီကိုနဲ့ ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဂါရက်ဘေးလ်က စီရော်နယ်ဒိုထက် ခြေစွမ်းပြကစားလာတယ်လို့ ဆိုပါတယ်။ ဒီပွဲမှာ ဘင်ဇီမာက ရီးရဲမက်ဒရစ်အတွက် စောစီးစွာဂိုးသွင်းယူပေးနိုင်ခဲ့ပေမယ့် အက်သလက်တီကိုရဲ့ နောက်ကျချေပဂိုးကြောင့် ရီးရဲမက်ဒရစ်အသင်းဟာ ဇယားထိပ်မှာ ပြန်လည်ဦးဆောင်နိုင်မယ့်အခွင့်အရေးနဲ့ လွဲချော်သွားခဲ့ရပါတယ်။



ဒီပွဲမှာ ဂါရက်ဘေးလ်ဟာ အထူးခြေစွမ်းပြကစားလာတာတွေ့ရပါတယ်။ ဂါရက်ဘေးလ်ဟာ ရီးရဲမက်ဒရစ်ရဲ့ အဓိကကစားသမားဖြစ်လာနိုင်ဖွယ်ရှိနေပါတယ်။ သူဟာ ဒဏ်ရာရပြီး ပြန်လာတဲ့နောက် ခြေစွမ်းပြကစားလာတဲ့အတွက် အနာဂတ်မှာ ရီးရဲမက်ဒရစ်ရဲ့ အဓိကကစားသမားဖြစ်လာဖွယ်ရှိနေပါတယ်။ စီရော်နယ်ဒိုရဲ့ ခြေစွမ်းထက်ပိုအောင် ကစားနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဘင်ဇီမာ ဂိုးသွင်းနိုင်အောင်လည်း ဂါရက်ဘေးလ်က အဓိကပံ့ပိုးမှုတွေပြုလုပ်ပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

**ကောင်းမြတ်သူ ➢ ➢ စုစည်းသည်။**

# မေမြို့ကို ဘာကြောင့် ဒုတိယအင်္ဂလန်ဟုခေါ်

ဆောင်းပါး-သက်နိုင်(ပြင်ဦးလွင်)

အင်္ဂလိပ်တို့သည် ၁၈၈၅ ခုတွင် တတိယကျူးကျော်စစ်ဖြင့် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပြီး နွေရာသီ ဘုရင်ခံရုံးစိုက်ရာမြို့အဖြစ် အင်္ဂလန်နှင့် ရေမြေတောတောင်ရာသီဥတု ကိုက်ညီမှုရှိသည့် ပြင်ဦးလွင် ရှမ်းခနဲ့ရွာလေးကို ရွေးချယ်ကာ မေမြို့အဖြစ် မြို့ပြစီမံကိန်းဖော်ဆောင်ပြီးမြို့တည်ခဲ့သည်။ မေမြို့ မြို့တည်ရာတွင် ထိုအချိန်က အင်္ဂလန်တွင် ရှိနေသည့် တိုက်တာနေအိမ်အဆောက်အအုံများ၊ လမ်းနာမည်များနှင့် အနီးစပ်ဆုံး တူညီအောင် ဆောင်ရွက်ခဲ့ကြသလို ချယ်ရီ၊ ယူကလစ်၊ ပင်လယ်အုန်း(ခါတော်မီ) ပင်များမှအစ စတော်ဘယ်ရီ၊ ဒေစီ၊ ဒေလီယာ စသည့် သစ်ပင်ပန်းပင်တို့ကို အင်္ဂလန်မှ မှာယူစိုက်ပျိုးစေခဲ့သည်။

မေမြို့အဖြစ် ၁၈၉၆ ခုနှစ်တွင် စတင်မြို့တည်ဆောက်၍ ဥရောပပုံစံအဆောက်အအုံများ ဆောက်လုပ်သည့် အထဲတွင် ၁၉၀၆ ခုနှစ်ကတည်းက ဆောက်ခဲ့သော ပြည်သူ့ဆေးရုံကြီးသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ထိုအချိန်က ပြည်သူ့ဆေးရုံကြီးကို ဥရောပတိုက်သားများအတွက် အဆောင် (Europeon Word )နှင့် အာရှတိုက်သားများအတွက် (Asian Word)ဟူ၍ ခွဲခြားဆောက်လုပ်စေခဲ့သည်။ ဆေးရုံကြီး၌ ဥရောပတိုက်သားများအတွက် ငွေပေးချေစနစ် ၁၃ နေရာနှင့် အာရှတိုက်သားများအတွက် လေးနေရာထားပေးခဲ့သည်။

ဆေးရုံကြီး၌ ဥရောပတိုက်သား ဆရာဝန်ကြီးတစ်ဦးကို အုပ်ချုပ်စေ၍ လက်ထောက် ဆရာဝန် နှစ်ဦး၊ ဥရောပအမျိုးသမီးသူနာပြု လေးဦးတို့ကို ထားရှိခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီနိုင်ငံတစ်ခုဖြစ်နေရာ မြန်မာပြည်အနှံ့အပြားတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြသော အင်္ဂလိပ်မျက်နှာဖြူတို့သည် မိမိတို့၏ ကလေးများ မီးဖွားသန့်စင်ရာတွင် 'ကိုလိုနီကျွန်' နိုင်ငံတွင် မမွေးဖွားဘူးဟုဆိုကာ အင်္ဂလန်အထိပြန်၍ မွေးဖွားခဲ့ကြရသည်။ သို့သော်လည်း ထိုခေတ်ထိုအချိန်က ယခုကဲ့သို့ လေယာဉ်များ ပေါများစွာမရှိသေးဘဲ ပင်လယ်ရေကြောင်း ခရီးမှပင် သင်္ဘောများနှင့် ရက်ရှည်လများစွာ သွားရသောကြောင့် လမ်းခရီးတွင် အန္တရာယ်များပြီး အချိန်ကြန့်ကြာမှုများ ဖြစ်ခဲ့ရသည်။

ထို့ကြောင့်လည်း အင်္ဂလိပ်အစိုးရသည် ထိုအခက်အခဲများကို ပြေလည်စေရန် မြန်မာပြည်အရပ်ရပ်ရှိ ဥရောပတိုက်သူများ ကလေးမွေးဖွားမည်ဆိုလျှင် မေမြို့ပြည်သူ့ဆေးရုံကြီး၌ လာရောက်မွေးဖွားပါက မွေးစာရင်းတွင် Born in England အင်္ဂလန်တွင် မွေးဖွားသည်ဟု ထည့်သွင်းမှတ်တမ်းတင်ပေးခဲ့သည်။ ယခင်ကတည်းက အင်္ဂလန်နှင့် တောတောင်ရေမြေ ရာသီဥတု တူညီခဲ့သည့် မေမြို့သည်လည်း ထိုအချိန်မှစ၍ ဒုတိယအင်္ဂလန်ဟု ထင်ပေါ်ကျော်ကြားလူသိများခဲ့ရသည်။



မေမြို့ ပြည်သူ့ဆေးရုံကြီးသည် မြန်မာနိုင်ငံသို့ ဂျပန်များ ဝင်ရောက် သိမ်းပိုက်ခဲ့သည့် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်တို့၏ ဆောင်ကြာမြိုင်အဖြစ် အသုံးပြုခံခဲ့ရပြီး ၁၉၄၅ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် မေမြို့ကို အင်္ဂလိပ်တို့ ပြန်လည်သိမ်းပိုက်ပြီးချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ သို့သော်လည်း လက်ရှိနေရာတွင် ဖွင့်လှစ်နိုင်ခြင်းမရှိသေးဘဲ ခုတင် ၄၀ ဆံ့ ယာယီဆေးရုံအဖြစ် Craddock Court (ယခုနန်းမြိုင်ဟိုတယ်)၌ ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၄၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ထပ်မံ၍ စိန်မိုက်ကယ်ကျောင်း (ယခု အထက-၄)သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရ၍ ထိုဆေးရုံကို ကက်စ်ဘီ (၁၃) ဆေးရုံဟု ခေါ်ခဲ့ကြသည်။ ယခုဆေးရုံကြီးနေရာအား ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှသာ အပြီးအပိုင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ပေသည်။

မည်သို့ပင်ဖြစ်စေ တစ်ခေတ်တစ်ခါက ပြင်ဦးလွင်(ခေါ်) မေမြို့သည် ဒုတိယ အင်္ဂလန်ဖြစ်ခဲ့ရပြီး အဆိုပါ ဒုတိယ အင်္ဂလန်ဖွား ဥရောပတိုက်သားများသည် ယနေ့အချိန်အထိ အင်္ဂလန်တွင် သက်ရှိထင်ရှားရှိနေကြသေးကြောင်း သိရသည်။

# ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**ပြည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားကို ပြည်ခရိုင်ရဲတပ်ဖွဲ့ နဝင်းရဲရိပ်သာ၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။




အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သည့် သဝဏ်လွှာကို ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်သက်နိုင်က ဖတ်ကြားသည်။ ဆက်လက်၍ မှုခင်းဖြစ်ပွားမှု လျှော့ချနိုင်မှု အကောင်းဆုံးဆုနှင့် လောင်းကစားမှု အများဆုံးဖမ်းဆီးနိုင်မှုဆုရရှိသော ပေါင်းတည်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမျိုးအားလည်းကောင်း၊ပြေးလေးပြေးအများဆုံးဖမ်းဆီးနိုင်မှုဆုရရှိသော သဲကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမြင့်ကိုအားလည်းကောင်း၊ ရဲတပ်သားသစ်အရေအတွက် အများဆုံးစုဆောင်းနိုင်မှုဆု ရရှိသော ခရိုင်မှုခင်းအကူဌာနစိတ်မှ ရဲအုပ်စိုးမင်းအားလည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများမှ ယဉ်ကျေးလိမ္မာသင်တန်း(အလယ်တန်းဆင့်နှင့် မူလတန်းအဆင့်)တွင် ဆုများရရှိသူများကိုလည်းကောင်း၊ (သားကောင်းမိခင်)ဆုများကိုလည်းကောင်း ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးက ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# သန်းခေါင်စာရင်းဆိုင်ရာများ ပညာပေးအလုပ်ရုံဆွေးနွေး

**ကျောက်ဆည် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သန်းခေါင်စာရင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးအောင်ကျော်က သန်းခေါင်စာရင်းအချက်အလက်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခုတွင် ဆက်လက် ဖြန့်ဝေပေးသွားမည့် အစီအစဉ်များကိုလည်းကောင်း၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းများကောက်ယူခြင်း၊ စာရင်းများပြုစုခြင်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းစသည့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့ပုံများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးက တာဝန်ရှိသူများအား သန်းခေါင်စာရင်းအချက်အလက် မှတ်တမ်းစာအုပ်များ ပေးအပ်ခဲ့သည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

# မိုးရွာသွန်း၍ နောက်ကျစပါးစိုက်တောင်သူများ အဆင်ပြေ

**ရေတာရှည် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အောက်တိုဘာ ၄ ရက် ညနေက နေရာအနှံ့အပြား၌ မိုးထစ်ချုန်းရွာသွန်းခဲ့သည့်အတွက် နောက်ကျစပါးစိုက်ပျိုးမည့် တောင်သူများအတွက် အဆင်ပြေခဲ့ကြောင်း သိရသည်။

"မနေ့ကမိုးရွာတော့ တောင်သူတွေအတွက် ရွှေမိုးငွေမိုးပဲ။ ခုမှထွက်မယ့် စပါးတွေရော၊ ထွက်ဆဲစပါးခင်းတွေပါ အောင်ရေရသွားပြီ။ ဒါမှလည်း စပါးအထွက်နှုန်းကောင်းမှာ"ဟု စပါးစိုက်တောင်သူတစ်ဦးကပြောသည်။

ယခုနှစ်တွင် ရေတာရှည်မြို့နယ်အတွင်း မိုးစပါးဧက ရှစ်သောင်းကျော် စိုက်ပျိုးထားပြီး သက်ရင့်စပါးမျိုးဖြစ်သည့် ထိုင်းကောက်စပါးများ ရိတ်သိမ်းနေကြပြီဖြစ်သည်။ သို့သော် သက်လတ်စပါးများဖြစ်သည့် ရတနာတိုးနှင့်သုခ(၂) စပါးမျိုးများမှာ ယခုမှအနှံထွက်ချိန်ဖြစ်ရာ ရေတာရှည်မြို့နယ်အတွင်း ယခင်ရက်များက နေ့အပူချိန်မြင့်တက်ခဲ့မှုကြောင့် အောက်ခံတတ်ဆုတ်ပြီး အောင်ရေလိုအပ်နေချိန်တွင် မိုးရွာသွန်းခဲ့ခြင်းဖြစ်သဖြင့် တောင်သူများ လိုအပ်နေသော အောင်ရေအတွက် များစွာအဆင်ပြေသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စိုက်ပျိုးရေးသုတေသနခြံ၌ သီးနှံသရုပ်ပြပွဲကျင်းပ

**မိုးညှင်း အောက်တိုဘာ ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံ(DAR)၌ စိုက်ပျိုးထားသည့် အထွက်တိုးစပါးမျိုးများအပါအဝင် သီးနှံအမျိုးမျိုး သရုပ်ပြပွဲကို အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

သီးနှံသရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အမှာစကားပြောကြားပြီး (DAR) စိုက်ပျိုးရေးသုတေသနခြံမန်နေဂျာ ဦးမြင့်သောင်းက သီးနှံသရုပ်ပြပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အကျိုးဆောင်တောင်သူ ဦးအောင်ဗလက အထွက်တိုးစပါးမျိုးဖြစ်သော ဆင်းဧကရီ(၃)ကို မူလစိုက်ပျိုးခဲ့စဉ်က ထွက်ရှိသည့်နှုန်းထားများ၊ စိုက်ပျိုးရေးသုတေသနခြံမှ ကူညီပေးသည့် နည်းစနစ်များဖြင့် စိုက်ပျိုးပြီးနောက် အထွက်တိုးလာပုံများ၊ စိုက်ပျိုးရေးသုတေသနခြံမှ နည်းပညာကူညီပံ့ပိုးမှုကြောင့် မျိုးသန့်စပါးများကို ဝန်းသို၊ အင်းတော်၊ ထီးချိုင့်မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးဌာနများကပါ လာရောက်ဝယ်ယူ စိုက်ပျိုးနေကြသည်အထိ အောင်မြင်မှုရရှိနေပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနခြံတွင် စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းနေသည့် ဆင်းဧကရီ(၃)မိုးစပါး မိဘမျိုးစေ့၊ ဆင့်ပွားမျိုးစေ့၊ မျိုးသန့်မျိုးပွားမျိုးစေ့၊ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ စပါး စိုက်ခင်းများကိုလည်းကောင်း၊ ပုလဲသွယ်၊ ကိုရီးယားစသည့် စမ်းသပ်စပါးမျိုး စိုက်ခင်းများကိုလည်းကောင်း၊ ခင်းကျင်းပြသထားသည့် စပါးမျိုးစေ့နမူနာများကိုလည်းကောင်း၊ ပဲပုပ်မျိုးစေ့နမူနာများကိုလည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံများနှင့်တကွ သရုပ်ပြခဲ့သည်။

သရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မျိုးစပါးထုတ်လုပ်ရေး အကျိုးဆောင်တောင်သူများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့ပြီး ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မိုးအောင်(ကချင်မြေ)**

## ကျေးရွာသောက်သုံးရေကန် တူးဖော်လျက်ရှိ

**ကျွန်းလှ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် စံပြကျေးရွာ၌ သောက်သုံးရေလုံလောက်စွာရရှိစေရန်အတွက် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေသားရေကန်ကို Melon ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အလျားပေ ၉၀၊ အနံပေ ၉၀နှင့် အနက် ငါးပေဖြစ်သည်။ ရေကန်တူးဖော်ခြင်းအပြင် ကျေးရွာအတွင်း ရေဂါလန် ၁၀၀၀ဆံ့ အုတ်ရေကန်နှင့် ရေပို့နိုင်ရန် ရေစက်၊ ရေပန့်များကို တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ခံဦးကိုကိုအေးထံမှ သိရသည်။

ယခင်က ကျေးရွာတွင် ရေတွင်းများရှိသော်လည်း အချို့ရေတွင်းများမှာ ထုံးဓာတ်ပါသောရေသာရရှိ၍ သောက်ရေအဖြစ် ရေကန်ဟောင်းမှရေကိုသာ သုံးစွဲရကြောင်း၊ ယခုလိုမြေသားရေကန်တူးပြီး ရွာတွင်းအထိပိုက်လိုင်းဖြင့် ပို့ပေးမည်ဖြစ်သည့်အတွက် သောက်ရေအတွက်အဆင်ပြေမည်ဖြစ်ကြောင်း ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝေက ပြောကြားသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



## မော်လမြိုင် သီရိမင်္ဂလာအိမ်ရာ ဒုတိယအဆင့် တိုက်ခန်းများအပ်နှံ

**မော်လမြိုင် အောက်တိုဘာ ၆**

မွန်ပြည်နယ်၏ ပထမဦးဆုံးသော အိမ်ရာစီမံကိန်းဖြစ်သည့် သီရိမင်္ဂလာအိမ်ရာစီမံကိန်း၏ ဒုတိယအဆင့် နေအိမ်တိုက်ခန်းများကို ပိုင်ရှင်များလက်သို့ အပ်နှံပွဲကို သီရိမင်္ဂလာရပ်ကွက်ရှိ အဆိုပါ အိမ်ရာစီမံကိန်း၌ အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး သီရိမင်္ဂလာအိမ်ရာစီမံကိန်း တည်ဆောက်ခဲ့သော UHM ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းအောင်ရွှေက စီမံကိန်းဆိုင်ရာ အချက်အလက်များကို မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်ထံ ပေးအပ်သည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်က လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူသူများကိုယ်စား တိုက်ခန်းဝယ်ယူနေထိုင်ခွင့်ရသူ သုံးဦးအား လည်းကောင်း၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် မွန်ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့က အငှားဝယ်စနစ်ဖြင့် တိုက်ခန်းဝယ်ယူသူကိုယ်စား ဝယ်ယူနေထိုင်ခွင့်ရသူနှစ်ဦးစီအား လည်းကောင်း အခန်းသော့များ ပေးအပ်ခဲ့ကြသည်။

"အခန်းတိုင်းကလည်း ထောင့်အခန်းချည်းပဲ၊ အကျယ်အဝန်းကလည်း ၆၀၀ စတုရန်းပေရှိတယ်။ ဈေး၊ ဘုရား၊ စာသင်ကျောင်းနဲ့ ရပ်ကွက်ဓမ္မာရုံ အနားမှာကပ်ပြီးရှိတဲ့အတွက် ဝယ်ရကျိုးနပ်တယ်"ဟု တိုက်ခန်းဝယ်ယူသူတစ်ဦးဖြစ်သော ဦးထွန်းထွန်းက ပြောသည်။

အဆိုပါ စီမံကိန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် ၂၀၁၄ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ပြီး မြေညီထပ်တစ်ခန်းလျှင် ငွေကျပ် ၁၃၅ သိန်း၊ ပထမထပ်တစ်ခန်းလျှင် ငွေကျပ်သိန်း ၁၃၀၊ ဒုတိယထပ် တစ်ခန်းလျှင် ၁၂၅ သိန်း၊ တတိယထပ်တစ်ခန်းလျှင် ငွေကျပ်သိန်း၁၂၀ နှုန်းဖြင့် လုပ်သက်ရင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမဟုတ်သော ရပ်ကွက်နေ ပြည်သူများအား ငါးနှစ်အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့သည်။ ပထမအဆင့်အနေဖြင့် ရှစ်ခန်းတွဲ လေးထပ် ငါးလုံး (အခန်းပေါင်း ၁၆၀)ကို မတ် ၂၇ ရက်က ရောင်းချအပ်နှံခဲ့ပြီး ယခု ဒုတိယအဆင့်အနေ ဖြင့် ရှစ်ခန်းတွဲ လေးထပ် ကိုးလုံး (အခန်းပေါင်း ၂၈၈ ခန်း) ကို ထပ်မံအပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုဆက်**

## အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်ရေး ပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) ရန်ကုန်မှကြီးမှူးကျင်းပသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် အမျိုးသမီးများ တွေ့ကြုံရသော အဟန့်အတားများ၊ ကိုယ်တွေ့ကြုံဖြစ်ရပ်များကို သုတေသနပြုခဲ့သည့် အကြောင်းများ၊ အမျိုးသမီးများအတွက် လူထုအသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဦးစောဝင်းက အမှာစကားပြောကြားပြီး အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးက အမျိုးသမီးများအတွက် လူထုအသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းပြခဲ့သည်။ ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များအဖွဲ့) တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းရွှေက တိတ်ဆိတ်ခြင်း၏နောက်ကွယ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ယင်းတို့၏ တုံ့ပြန်မှုများ ခေါင်းစဉ်ဖြင့် အမျိုးသမီးများ အိမ်တွင်း၊ အိမ်ပြင်၊ လိင်ကိစ္စအပါအဝင် အကြမ်းဖက်ခံရမှုများသည် အကြမ်းဖက်ခံရသူ အမျိုးသမီးသာမဟုတ်ဘဲ အကြမ်းဖက်သူအမျိုးသား မိသားစုနှင့် ပတ်ဝန်းကျင်ကိုပါ ထိခိုက်ရပုံများကို ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသူ အမျိုးသမီးများအား တွေ့ဆုံမေးမြန်း သုတေသနပြုထားချက်များကို အခြေခံ၍ ဗီဒီယိုဆလိုက်ထိုးပြကာ ရှောင်ရန်ဆောင်ရန်တို့ကို အသိပညာပေးဟောပြောသွားသည်။



ထို့နောက် အကြောအဆစ် အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဒေါ်သန်းသန်းဌေးက မသန်စွမ်းခြင်းမှ ကာကွယ်ဖို့ ပြည်သူအများသတိရှိစို့ ဟူသော ခေါင်းစဉ်ဖြင့် ကလေးငယ်များ မသန်စွမ်းခြင်းဖြစ်ပေါ်လာခဲ့ပုံ နည်းစနစ်များဖြင့် ကုသရပုံတို့ကို စိတ်ဝင်စားဖွယ် အသိပညာပေးဟောပြောသွားသည်။ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဒေါက်တာဒေါ်စန်းရွှေနှင့် ပါမောက္ခ ဒေါ်သန်းသန်းဌေးတို့က ပြန်လည်ဖြေကြားရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးဆောင်ရွက်

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့တွင် ဒေသခံပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ မြို့တွင်းသို့ ရေပေးဝေနေသည့် ရေလှောင်ကန်များ၊ စိမ့်ရေတွင်းများတွင် အောက်တိုဘာ ၄ ရက်က ကလိုရင်းဆေးများခတ်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း ဧရာဝတီမြစ် ရေကြီး ရေလျှံခဲ့မှုကြောင့် မင်းဘူးမြို့အတွင်း မြစ်ရေဝင်ရောက်ကာ မင်းဘူးမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် စိမ့်ရေတွင်းများအတွင်းသို့ မြစ်ရေဝင်ရောက်ခဲ့မှုများ ရှိခဲ့ကြောင်း၊ အဆိုပါ ရေတွင်းရေကန်များမှရေကို သောက်သုံးသော မင်းဘူးမြို့နေပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများ မဖြစ်စေရေးနှင့် ပိုးမွှားကင်းစင်ရေးအတွက် မင်းဘူးမြို့နယ် စည်ပင်သာရေးအဖွဲ့ပိုင် ရေတွင်းရေကန်များတွင် ဆေးခတ်ခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်တန်း ရေစက်ရုံဝင်းရှိ အနက် ၃၅ ပေ၊ အချင်း ၁၂ ပေရှိသော စိမ့်ရေတွင်းနှစ်တွင်းနှင့် အမှတ်(၁)ရပ်ကွက်ရှိ အောင်မြေရေလှောင်ကန်၊ အမှတ်(၄)ရပ်ကွက်ရှိ တာဘိုင်ရေလှောင်ကန်၊ အမှတ်(၃)ရပ်ကွက်ရှိ ကုလားကုန်းရေလှောင်ကန်များတွင် ကလိုရင်းဆေးများ ခတ်ခဲ့ကြောင်း မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရေတွင်းရေကန်များတွင် ကလိုရင်းဆေးခတ်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ပိုင် ရေတွင်း၊ ရေကန်များအပြင် ပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရေးအတွက် မြို့တွင်းရှိ ရေတွင်း ရေကန်များကိုလည်း တစ်လလျှင်နှစ်ကြိမ် ကလိုရင်းဆေးခတ်ပေးလျက်ရှိကြောင်း မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူက ပြောကြားသည်။

**ကျော်ဇေယျ**

## ကျောက်တန်းမြို့နယ်၌ ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အထက(၂)ကျောင်း သော်ကရတနာခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ခေတ္တပညာရေးမှူး ဆရာကြီးဦးတင်သောင်းက အမှာစကားပြောကြားပြီး ကန်တော့ခံ အငြိမ်းစား ဆရာ ဆရာမကြီးများက ဩဝါဒစကား ပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်းမှ အသက် ၇၀ အထက် အငြိမ်းစားဆရာ ဆရာမကြီး ၆၅ ဦးအား တစ်ဦးလျှင် ကန်တော့ငွေ ကျပ် ၂၈၀၀၀ စီကို မြို့နယ်ပညာရေးဌာနမှ မိသားစုများက ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသင်တန်းဖွင့်

**မုံရွာ အောက်တိုဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း (Konrad Adenauer Siftung)တို့ ပူးပေါင်းဖွင့်လှစ်သည့် Civil Service Training သင်တန်းကို မုံရွာမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ Civil Service Training သင်တန်းကို အောက်တိုဘာ ၅ ရက်မှ ၁၀ ရက်အထိ ခြောက်ရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် ပြည်တွင်းပြည်ပမှ သင်တန်းနည်းပြများက ပြည်သူ့ရေးရာစီမံခန့်ခွဲမှု အတတ်ပညာများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ သင်တန်းသို့ မုံရွာမြို့နယ်အတွင်း ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူအရာရှိ ၄၈ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ **ဖိုးချမ်း(မုံရွာ)**



## ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းယာဉ်များအား စနစ်တကျပြေးဆွဲရေး ထပ်ဆင့်ရှင်းလင်း

**ပုသိမ် အောက်တိုဘာ ၆**

ပုသိမ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း၌ ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်းယာဉ်များကို စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီမှ အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ခရိုင်နှင့်မြို့နယ်ကော်မတီအဆင့်ဆင့်သို့ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပသည်။ ဧရာဝတီတိုင်းဒေသကြီး မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ မော်တော်ယာဉ်နှင့်ပတ်သက်၍ ဥပဒေပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ် ညှိနှိုင်းမှုဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ်ကော်မတီဝင်များအား ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာ စာအုပ်များပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ကလေးဒေသ လယ်ယာကဏ္ဍပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်



**ကလေး အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသတွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုကြောင့် မိုးစပါးနှင့် မိုးသီးနှံအချို့ပျက်စီးပြီး လယ်ယာမြေများတွင် နွံဖုံးခြင်း၊ သဲဖုံးခြင်း၊ ရေစားကမ်းပြိုသဖြင့် ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရာ လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်မှ စိုက်ပျိုးရေးပညာရှင်များက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပျက်စီးလယ်ယာမြေများတွင် မိုးစပါး၊ မိုးသီးနှံများနှင့် ဆောင်းသီးနှံများပြန်လည်စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးမည့် လယ်ယာမြေများတွင် ကြုံတွေ့ရမည့် မြေဆီလွှာပြဿနာ၊ ပိုးမွှားရောဂါများ၊ အခက်အခဲများကို ကူညီဖြေရှင်းပြီး သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် နေပြည်တော်မှ စိုက်ပျိုးရေးသုတေသန ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ပညာရှင်များက ကလေးခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများမှ ပညာရှင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်နေခြင်းဖြစ်သည်။

ကလေးဒေသရှိ တောင်သူများ၏ စိုက်ပျိုးမည့် ဧရိယာများတွင် ကွင်းဆင်းကာ လက်ရှိသီးနှံများ ဖြစ်ထွန်းမှု၊ စိုက်ပျိုးထားရှိသည့် သီးနှံများကို မြေနမူနာယူ၍ ပိုးမွှားရောဂါကျရောက်မှုစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပညာပေးဟောပြောမှုများကို ကလေးမြို့နယ်အတွင်းရှိ စက္ကန့်၊ နန်းဇလူ၊ သာစည်၊ ခုံတိုးမြို့သာ၊ ရာဇဂြိုဟ်၊ ကံကြီး၊ ပြင်သာနှင့် ကျောင်းတိုက်ကျေးရွာများတွင် ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ကြည်ဝင်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးအောင်တို့ဦးဆောင်၍ နေပြည်တော်မှ စိုက်ပျိုးရေးသုတေသန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေး စိုက်ပျိုးရေးသုတေသန၊ သီးနှံကာကွယ်ရေး စိုက်ပျိုးရေးသုတေသန၊ ပဲတီစိမ်းအထူးစိုက်ပျိုးရေး သုတေသနများမှ တာဝန်ရှိသူများက ကွင်းဆင်း ပညာပေး ဆွေးနွေးဟောပြောခြင်းများ ပြုလုပ်ခဲ့ကြပြီး တောင်သူများ၏ အခက်အခဲများ ဖြေကြားခြင်း၊ စိုက်ပျိုးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများခြင်းများကို တောင်သူတို့နှင့် ထိတွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကျေးရွာစေတနာရှင်များမှ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ် ဖွင့်လှစ်

**ပြင်ဦးလွင် အောက်တိုဘာ ၆**

ပြင်ဦးလွင်မြို့နယ် အင်းကြီးကျေးရွာ မူလတန်းလွန်ကျောင်း၌ စေတနာရှင်များနှင့် ကျေးရွာသူကျေးရွာသားများ စုပေါင်းဆောက်လုပ်လှူဒါန်းသည့် အင်ကြင်းကျောင်းဆောင်သစ် ဖွင့်ပွဲကို အောက်တိုဘာ ၄ ရက်က ကျင်းပခဲ့သည်။

အင်ကြင်းကျောင်းဆောင်သစ်သည် နံကပ်အမျိုးအစားဖြစ်ပြီး အလျားပေ ၄၀၊ အနံပေ ၂၀ ရှိကာ အလှူရှင်နှင့် ကျေးရွာသူကျေးရွာသားများ စုပေါင်းထည့်ဝင်ငွေ ကျပ် ၁၅၁ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ကျောင်းဆောင်သစ်ကို ဒုတိယမြို့နယ်ပညာရေးမှူး၊ အလှူရှင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"သူများရွာက ကျောင်းကို သွားတက်ရတော့ ကျောင်းသားတွေလည်း ပင်ပန်းတယ်။ အကြိုအပို့ လုပ်ရရင်လည်း မိဘတွေအတွက်က အလုပ်ပိုဖြစ်တယ်။ ကျောင်းအဆင့်တိုးမြှင့်ပြီး ကျောင်းဆောင်သစ်လိုအပ်လို့ စုပေါင်းပြီး ဆောက်ခဲ့တာပါ။ နောင်ကျရင် အထက်တန်းအဆင့်အထိ တိုးချဲ့နိုင်ဖို့ အစီအစဉ်ရှိပါတယ်" ဟု အင်းကြီးကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အင်းကြီးကျေးရွာသည် ယခင်က မူလတန်းကျောင်းသာရှိခဲ့ပြီး ကျောင်းသူကျောင်းသားများ မူလတန်းအဆင့်ပြီးဆုံးပါက အနီးစခန်းနှင့် ပိန္နဲကုန်းကျေးရွာ အလယ်တန်းနှင့် အထက်တန်းပညာများကို တကူးတက သွားရောက်သင်ယူခဲ့ကြရပြီး ယခုနှစ်တွင် မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ကျေးရွာရှိ ကျောင်း၌ပင် ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသူကျောင်းသားများအတွက် ကျောင်းဆောင်များ လိုအပ်လျက်ရှိသောကြောင့် စေတနာရှင်များနှင့် ဒေသခံပြည်သူများ စုပေါင်းလှူဒါန်း၍ ကျောင်းဆောင်သစ်တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**တောင်ကြီး အောက်တိုဘာ ၆**

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကမ္ဘာ့ဆရာများနေ့မှာ ကျေးဇူးရှင် ဆရာဆရာမများ၏ကျေးဇူးကို သတိရဖော်ကျူးဂုဏ်ပြုခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိကြောင်း၊ ပညာတတ်ခြင်းသည် အလွန်အရေးကြီးပြီး ပညာတတ်အောင်သင်ယူကြရန် အထူးလိုအပ်ကြောင်း၊ ပညာတတ်အောင် သင်ကြားဖို့ရန် ဆရာများသည် အဓိကဖြစ်ပြီး ကျန်သည့်လူမှုအသိုင်းအဝိုင်း၏ ပံ့ပိုးကူညီမှုနှင့် ဆရာ၏စွမ်းရည်တို့ ပေါင်းစပ်နိုင်မှုသည် ပညာရေးတိုးတက်မှုကို ဖြစ်ပေါ်နိုင်စေကြောင်း၊ ၂၁ ရာစုစိန်ခေါ်မှုများကို ဆရာများနှင့်အတူ လက်တွဲရင်ဆိုင်ဖြေရှင်း ကျော်လွှားသွားကြရန်လိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဆရာကြီးဦးမြင့်အောင်က ဖတ်ကြားပြီး ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းတို့က ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကန်တော့ခံဆရာ ဆရာမကြီးများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်တော့ပစ္စည်းများ ပေးအပ်ပူဇော်ခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**ခမောက်ကြီး အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၁) ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ရပ်ကွက်အတွင်းရှိ ငါးနှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မှုအစီအစဉ်တစ်ရပ်ကို အောက်တိုဘာ ၃ ရက်တွင် ဆောင်ရွက်ခဲ့ကြသည်။



ခမောက်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ NGO အဖွဲ့များနှင့် အရန်သားဖွားဆရာမများ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ရပ်ကွက်အတွင်းရှိ ငါးနှစ်အောက် ကလေးငယ်များအား BCG သုံးမျိုးစပ် ကာကွယ်ဆေးများနှင့် ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ သံချဆေးနှင့်ဗီတာမင်အေးဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ခမောက်ကြီးမြို့နယ်အတွင်း မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဇီဝလောင်စာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၆**

ဇီဝလောင်စာစွမ်းအင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းက ကြီးမှူး၍ မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အမှာစကား ပြောကြားပြီး မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်က ဇီဝလောင်စာသုံးစွမ်းအင်များအကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါ်စိမ်းစိမ်း၊ ဦးစိုးတင့်အောင်၊ ဗဟိုကော်မတီဝင် ဦးစောဟန်ရှိန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် ဆန်းသစ်တည်ထွင်ရေးဦးစီးဌာနမှူး ဦးစောခူဆေးတို့က ဇီဝလောင်စာစွမ်းအင်ထုတ်လုပ်ခြင်းအကြောင်း၊ စွမ်းအားမြင့်မီးဖြင့် ကျေးလက်မီးလင်းရေး၊ ဒေသခံ ဆန်စက်လုပ်ငန်းရှင်များ၏ ဆန်စက်များအပါအဝင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်း(SME)များတွင် ပြန်ပြည့်မြဲစွမ်းအင်များ အသုံးပြုရေး၊ အများပြည်သူ၊ ပုဂ္ဂလိကနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပါဝင်မှုအခန်းကဏ္ဍများ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ဒေသခံ ဆန်စက်ပိုင်ရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး ဇီဝလောင်စာစွမ်းအင်များ အသုံးပြုခြင်းနှင့်ပတ်သက်၍ သိလိုသည်များကို လုပ်ငန်းရှင်များက မေးမြန်းဆွေးနွေးကာ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းမှ ပညာရှင်များက ပြန်လည်ဖြေကြားခဲ့သည်။

**မော်ကျွန်းမြင့်အောင်**

## သတင်းတိုများ

### မိုးစပါးစံပြစိုက်ခင်း ၁၀ ဧက အောင်မြင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲကျင်းပ

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တရုပ်ကောအုပ်စု ကွမ်းခြံစုကျေးရွာရှိ ကန်တော်ကြီးဆည်ရေသောက် လယ်မြေများတွင်စိုက်ပျိုးထားသည့် မိုစပါးစံပြစိုက်ခင်း ၁၀ ဧက အောင်မြင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၅ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး (စိုက်ပညာ)ဦးလှမြင့်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်နှင့် ဝန်ထမ်းများက ဒေသခံတောင်သူများအား စိုက်ပျိုးရေးနည်းပညာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကာ တောင်သူများ သိလိုသည့် မေးမြန်းချက်များကို ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **(ဝ၂၁)**

### မန္တလေးတက္ကသိုလ်တွင် တရုတ်စကားပြောသင်တန်းဖွင့်လှစ်

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် တရုတ်စကားပြောသင်တန်းကို မန္တလေးတက္ကသိုလ် တက္ကသိုလ်များသိပ္ပံသုတေသနဌာန(URC)၌ အောက်တိုဘာ ၅ ရက်က ဖွင့်လှစ်ရာ သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးပိုမြင့် (ပါမောက္ခချုပ်-ငြိမ်း)က အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီနှင့် သင်တန်းတာဝန်ခံ တရုတ်စာသင်တန်းကျောင်း(FITC) ကျောင်းအုပ်ကြီး ဒေါက်တာထွန်းနိုင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ သင်တန်းကို နိုဝင်ဘာ ၃၀ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး မန္တလေးတက္ကသိုလ် ဘာသာရပ်ဌာနများမှ ထူးချွန်ကျောင်းသား ကျောင်းသူ ၆၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်(MU)**

### စမ်းသပ်စပါးမျိုး ရိတ်သိမ်းပွဲပြုလုပ်

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ထီးဖိုးကိန်ကျေးရွာအုပ်စု ကျုံမဒီရွာမတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စမ်းသပ်စိုက်ပျိုးထားသည့် လုံ(၈) အဖိုလိုင်း(တရုတ်မျိုး) တောင်ယာမိုးစပါးများ ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါ တောင်ယာမိုးစပါးကို နယုန်လတွင်စိုက်ပြီး တော်သလင်းလတွင် ရိတ်သိမ်းရကြောင်းနှင့် တစ်ဧကအထွက်နှုန်းမှာ ၁၀၁ ဒသမ ၆၆ တင်းအထိ ထွက်ရှိခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြစ်ကမ်းပြိုကျမှုကြောင့် နေအိမ်များပြောင်းရွှေ့နေရ

**မိုးညို အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရွှေခဲကျေးရွာအုပ်စု ရွှေခဲရွာ၌ မြစ်မခမြစ်ရေတိုက်စားမှုကြောင့် ဒေသခံပြည်သူများမှာ နေအိမ်များမှ ရွှေ့ပြောင်းနေရကြောင်း သိရသည်။

ရွှေခဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆန်းက "ကျွန်တော်တို့ကျေးရွာမှာ ၂၀၁၃ ခုနှစ်ကစပြီး ယခုနှစ်အထိ သုံးနှစ်ဆက်တိုက်ဆိုသလို မြစ်ကမ်းပါးပြိုလို့ နေအိမ်တွေ ရွှေ့ပြောင်းနေရတယ်။ စီးပွားရေးအဆင်ပြေတဲ့သူတွေအဖို့ အခက်အခဲမရှိပေမယ့်လက်လုပ်လက်စားသမားမိသားစုတွေက အဆင်မပြေဘူး။ ပြီးတော့ ရွှေ့ပြောင်းရတဲ့အခါ မြေကွက်နေရာတွေက ဈေးကြီးတော့ တချို့မိသားစုတွေက ဆွေမျိုးတွေရဲ့ ခြံထဲမှာပဲ ကပ်ဆောက်ပြီး နေကြရတယ်။ အိမ်ခြေ ၁၂၂ အိမ် ရွှေ့ပြောင်းပြီးနေပါပြီ"ဟု အောက်တိုဘာ ၄ ရက်က ပြောသည်။



မြစ်ကမ်းပြိုကျမှုကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပြောင်းရွှေ့နေရသည့်အပြင် ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်းများလည်း ယခုအခါ မြစ်ကမ်းနှင့်ကပ်နေပြီဖြစ်ကြောင်း သိရသည်။

"ရွှေခဲ ဘုန်းတော်ကြီးကျောင်းလည်း မြစ်ကမ်းနဲ့ကပ်နေပြီ။ အခြေခံပညာအလယ်တန်းကျောင်းကတော့ ဖျက်ဆောက်တော့မယ်။ ဒါပေမယ့် ရွာမှာက ဆန္ဒနှစ်မျိုးဖြစ်နေတယ်။ တစ်မျိုးက သူတို့အပိုင်းနဲ့နီးတဲ့နေရာမှာ ဆောက်စေချင်ပြီး တချို့ကတော့ မြစ်ကမ်းနဲ့ဝေးတဲ့နေရာမှာ ဆောက်စေချင်ကြတယ်။ မြို့နယ်ပညာရေးမှူးက ရွာသားအများဆုံး သဘောတူတဲ့နေရာမှာ တည်ဆောက်ဖို့ ညှိနှိုင်းကြပါလို့ပြောပါတယ်။ ယခုလောလောဆယ်ကျောင်းဆောက်ဖို့မြေနေရာလည်း ရှာနေရတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ဆက်လက်ပြောသည်။

**ခင်လတ်(မိုးညို)**

# ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မန္တလာကြက်တောင်ရိုက်ကလပ်အသင်းတို့ ကြီးမှူး၍ တိုင်းဒေသကြီးအတွင်း မျိုးဆက်သစ်ကြက်တောင်အားကစားလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၄ ရက်က အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများတွင် အသက် ၁၄ နှစ်အောက် နှစ်ယောက်တွဲပြိုင်ပွဲ၊ လူသစ်တန်း နှစ်ယောက်တွဲ၊ သာမန်တန်း အသက် ၄၀ နှစ်အထက်၊ အသက် ၅၀ အထက်နှင့် အလွတ်တန်း(စိတ်ကြိုက်) နှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားကြသည်။



ပြိုင်ပွဲအပြီး နှစ်ယောက်တွဲပြိုင်ပွဲ အသက် ၁၄ နှစ်အောက်၊ လူသစ်တန်း သာမန်တန်း၊ အသက် ၄၀ အထက်၊ အသက် ၅၀ အထက်၊ အလွတ်တန်း(စိတ်ကြိုက်) နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရ အားကစားသမားများကို တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီးကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ပထမတံခွန်စိုက်ဆုတို့ကို ပေး အပ်ချီးမြှင့်ကြသည်။

ထို့နောက် အလွတ်တန်း(မဲချ)နှစ်ယောက်တွဲပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ မျိုးထက်အောင်(အောင်)+မိုးလှိုင်ဝင်း(အောက်မြေ)နှင့် ငြိမ်းပြည့်(အောင်မြေ) +အောင်ထိန်လင်း(အောင်)တို့အား တတိယဆုတံဆိပ်များ၊ ဒုတိယဆုရ အာကာချို(အောင်)+ ရဲနိုင်အောင်(ရဲဘုရင်)တို့အား ဒုတိယဆုတံဆိပ်များ၊ ပထမဗိုလ်စွဲသည့် မိုးကျော်(အောင်)+ဟိန်းစည်သူတိုး(အား/ကာသိပ္ပံ-မန်း) တို့ကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဝင်းလှိုင်က ပထမတံခွန်ဆုဖလားများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ ဖိတ်ခေါ် ကြက်တောင်ရိုက်ပြိုင်ပွဲ အတန်းများတွင် ရတနာပုံတက္ကသိုလ်၊ မန္တလာကောလိပ်၊ အား/ကာသိပ္ပံ-မန်း၊ မန္တလေးမြို့နှင့် မိုးကုတ်မြို့တို့ရှိ ကြက်တောင်ကလပ်အသင်းများမှ ပြိုင်ပွဲဝင်ကြက်တောင်အားကစားသမား ၂၀၀ ခန့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# သီးနှံများ စိုက်ပျိုးချိန်အမီစိုက်ပျိုးနိုင်ရန် စွမ်းအားမြင့်လယ်ထွန်းစက်ကြီးများ ငှားရမ်းအသုံးပြုလာ



**တပ်ကုန်း အောက်တိုဘာ ၆**

ယခုရက်ပိုင်းအတွင်း တပ်ကုန်းမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးရွာသွန်းခဲ့သဖြင့် တောင်သူများအနေဖြင့် သီးနှံများကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စွမ်းအားမြင့် လယ်ထွန်စက်ကြီးများကို ငှားရမ်းအသုံးပြုလာကြကြောင်း သိရသည်။

မိုးမရွာခင်ကပင် နွားထယ်များဖြင့်လည်းကောင်း၊ ထွန်စက်များဖြင့်လည်းကောင်း ထယ်ရေးလှန်ထားပြီး ချဉ်ပေါင်ပင်၊ ခရမ်းချဉ်ပင်များ စိုက်ပျိုးရန်စောင့်ဆိုင်းနေကြသည့် တောင်သူများမှာ မိုးရွာသွန်းမှုကြောင့် စိုက်ပျိုးနိုင်သည့် အခြေအနေရှိလာချိန်တွင် ထွန်စက်များကို ငှားရမ်းအသုံးပြု ထွန်ယက်လာကြခြင်းဖြစ်သည်။ စွမ်းအားမြင့်ထွန်စက်များကို ငှားရမ်းအသုံးပြုထွန်ယက်ကာ အချိန်မီစိုက်ပျိုးသည့်အတွက် ထွန်းစက်အငှားလိုက်သူများအနေဖြင့် ဝင်ငွေပိုမိုရရှိကာ တောင်သူများလည်း အဆင်ပြေလျက်ရှိကြောင်းသိရသည်။ **တင်စိုးလွင်**

# အရန်သားဖွားဆရာမသင်တန်း ဖွင့်လှစ်


**နတ်တလင်း အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ အရန်သားဖွားသင်တန်း(၂/၂၀၁၅)ဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းနုက မိမိတို့မြို့နယ်တွင် လူဦးရေ ၁၇၀၀၀၀ ကျော်ရှိရာ လူဦးရေတိုးပွားနှုန်းမှာ တစ်လပျမ်းမျှ ၁၇၃ ဦးရှိပြီး သေဆုံးမှုနှုန်းမှာ ပျမ်းမျှ ၁၄၃ ဦးရှိသဖြင့် တိုးပွားမှုနှုန်းနည်းနေသေးသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် မီးဖွားပြီးမိခင်များနှင့် ကလေးငယ်များ၏ ကျန်းမာရေးအတွက် ကျန်းမာရေးဆရာ ဆရာမများ၊ အရန်သားဖွားဆရာမများမှာ လွန်စွာအရေးပါကြောင်း၊ အရန်သားဖွားဆရာမများအနေဖြင့် ယခုဖွင့်လှစ်မည့် သင်တန်းခြောက်လအတွင်း စာတွေ့လက်တွေ့သင်ကြားမှုများကို ကြိုးစားမှတ်သားသင်ယူကြပြီး မိမိတို့ဒေသအတွက်ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မေတ္တာထား၍ ကူညီသွားကြလိုကြောင်း အမှာစကားပြောကြားသည်။ မြို့နယ်ဆရာဝန် ဒေါ်ရီရီခင်ကလည်း ကျန်းမာရေးဌာနအနေဖြင့် အတတ်နိုင်ဆုံးသင်ကြားပေးသွားမည်ဖြစ်ပြီး နားမလည်သောပညာရပ်များကို ပွင့်ပွင့်လင်းလင်းမေးမြန်းနိုင်ကြောင်း ပြောကြားကာ သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

**တင်မြင့်(နတ်တလင်း)**

# ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးရရန် ညောင်ဦး-မြင်းခြံကားလမ်းဘေးရှိ ကျေးရွာသုံးဆယ်ကျော်မှပြည်သူများ မျှော်လင့်



ရွာသစ်ကုန်းကျေးရွာ၌ ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး ကြိုတင်ဆောင်ရွက်ထားသော မီးလင်းရေး လုပ်ငန်းများ။

**ညောင်ဦး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း ညောင်ဦးမြင်းခြံလမ်းဘေးရှိ ကျေးရွာ ၃၀ ကျော်တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရန် ဒေသခံကျေးရွာနေပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းဘေးမှ ရွာသစ်ကုန်းကျေးရွာနှင့် ကံတောကျေးရွာနှစ်ရွာတွင် လျှပ်စစ်မီးရရှိရန်အတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် အားလုံးအသင့်ပြင်ဆင်ပြီးနေပြီ ဖြစ်သော်လည်း မီးမရရှိသေးသဖြင့် ယင်းကျေးရွာနှစ်ရွာမှ ပြည်သူများမှာ လျှပ်စစ်မီးရရန် မျှော်လင့်နေခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ကန်တောရွာက လျှပ်စစ်မီးလင်းဖို့ ပြင်ထားတာကြာပါပြီ။ လပတ်အစည်းအဝေးတိုင်းမှာလည်း ၂၀၁၅ အောက်တိုဘာလ မီးလင်းလိမ့်မယ်။ မဟာဓာတ်ခွဲလိုင်း ညောင်ဦးနှင့် မြင်းခြံလမ်းဘေးအတိုင်း ဆွဲမယ်။ လျှပ်စစ်ဓာတ်အားခွဲရုံကိုလည်း သစ်ထောင့်တောင်ရွာမှာ တည်မယ်။ သစ်ထောင့် မဟာဓာတ်ခွဲလိုင်း သွယ်တန်းပြီးရင် ကျေးရွာပေါင်း သုံးဆယ်ကျော်မီးလင်းပေးမယ်လို့ ပြောပေမယ့် အခု ၂၀၁၅ ၁၀ လပိုင်းအထိတော့ ဘာမှလုပ်တာမတွေ့သေးပါဘူး"ဟု ကန်တောကျေးရွာမှ လျှပ်စစ်မီးလင်းရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ကန်တော်ကျေးရွာ ဒေသခံပြည်သူများက မီးလင်းရေးလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ထား၍ မည်သည့်နည်းနှင့်ဖြစ်စေ မီးရရန် မျှော်လင့်နေကြသည်။

"ကျွန်တော် တို့ကန်တောရွာ လျှပ်စစ်မီးလင်းဖို့ ကျွန်တော်ကိုယ်တိုင် ဦးဆောင်ခဲ့ပါတယ်။ တစ်အိမ်ကို သုံးသိန်း ငါးသောင်းကျပ် ထည့်ရပါတယ်။ အခုထိ လျှပ်စစ်မီးဆိုတာ မမြင်ရသေးပါဘူး။ ကျေးရွာသူကျေးရွာသား အားလုံးကလည်း မီးလင်းဖို့မျှော်လင့်နေပါတယ်။ မီးလင်းဖို့အတွက် ကြိုးချင်းဆက်ဖို့ပဲ လိုပါတော့တယ်။ ပထမတော့ ကျွန်တော်တို့ရွာက မြစ်ရေတင် မီးလိုင်းနှင့် ကပ်နေတယ်ဆိုပြီး အားကြိုးမာန်တက် ကြိုးစားခဲ့ကြတယ်။ မြစ်ရေတင်ကလည်း သူတို့လိုင်းက အသွယ်မခံ ဖြစ်ခဲ့ပါတယ်။ ဘယ်ကနေ ဘယ်လို မီးလင်းလင်းရွာလျှပ်စစ်မီးလင်းပေးရင် သေပျော်ပါပြီ"ဟု ၄င်းက ဆက်ပြောသည်။

မီးလင်းရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားပြီးသည့် ရွာသစ်ကုန်းကျေးရွာမှ ပြည်သူတစ်ဦးကလည်း "ကျွန်တော်တို့ရွာက မီးလင်းဖို့ ပြင်ထားတာ ကြာပါပြီ။ အခုအချိန်ထိ မီးမရသေးတဲ့အတွက် မျှော်လင့်နေကြပါတယ်။ မီးလင်းဖို့အတွက် တစ်အိမ် သုံးသိန်းကျော်ကုန်ကျပါတယ်။ ကိုယ့်အားကိုယ်ကိုးနဲ့ လျှပ်စစ်မီးလင်းဖို့ ပြင်ဆင်ထားတာကြာပါပြီ"ဟု ပြောသည်။

ညောင်ဦး-မြင်းခြံကားလမ်းဘေးရှိ ရွာတစ်ရွာဖြစ်သော အောက်ညဉ့်ရွာမှ ဒေသခံတစ်ဦးကလည်း "ကျွန်တော်တို့ရွာတွေကို ၁၀ လပိုင်းရောက်ရင် လျှပ်စစ်မီးပေးမယ်လို့တော့ ပြောနေတာပဲ။ အခုတော့ ကန်တောနဲ့ ရွာသစ်ကုန်းရွာမှာ မီးလင်းခွင့်မရသေးတော့ နောက်ရွာတွေကလည်း မီးလင်းဖို့အတွက် ဦးမဆောင်ရဲဘဲဖြစ်နေတယ်"ဟုပြောသည်။

ထို့အတွက်ကြောင့် ကန်တောကျေးရွာနှင့် ရွာသစ်ကုန်းကျေးရွာနှစ်ရွာနှင့်အတူ ဒေသခံရွာ ၃၀ ကျော်မှ မဟာဓာတ်အားခွဲရုံ တည်ဆောက်ပြီး လျှပ်စစ်မီးလင်းပေးရန် မျှော်လင့်လျက်ရှိနေကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# မသန်စွမ်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**ရေကြည် အောက်တိုဘာ ၆**

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ မသန်စွမ်းသူပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရေကြည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ထုတ်ပေးခဲ့သည်။



ရေကြည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြတ်မြတ်တိုးနှင့် ဝန်ထမ်းများနှင့် ရွှေမင်းသားဖောင်ဒေးရှင်း ရေကြည်မြို့နယ် တာဝန်ခံအရာရှိ ဒေါ်ခင်ပြုံးရီနှင့် နယ်မြေတာဝန်ခံ ဦးမင်းဇော်ဦးတို့ ပူးပေါင်း၍ မိုးပွင့်(အထူး)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဝက်ရုပ်ကျေးရွာ၌ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံသား စိစစ်ရေးကတ်များ ဆောင်ရွက်ပေးရာတွင် ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ဒေါင့်ကြီးရိုးမဒေါ့ကျေးရွာအုပ်စု၊ ဝါးရုံလဟာကျေးရွာအုပ်စုနှင့် ဝက်ရုပ်ကျေးရွာအုပ်စုများမှ မသန်စွမ်းသူပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ရေကြည်မြို့နယ်အတွင်းမှ နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် မသန်စွမ်းသူများ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ရေကြည်)**

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**လားရှိုး**

၂၀၁၅ခုနှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ရှမ်းပြည်နယ် လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားခဲ့ပြီး ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ် ပညာရေးမှူးရုံး (ရုံးခွဲ) လားရှိုးမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး (စီမံ) ဦးဝင်းမောင်က ဖတ်ကြားသည်။ ယင်းနောက် ယူနက်စကိုမှ ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို လားရှိုးခရိုင် ပညာရေးမှူး ဒေါ်ခင်ဝင်းဆွေက ဖတ်ကြားခဲ့ပြီးနောက် အပူဇော်ခံ ဆရာ ဆရာမကြီး ၉၂ ဦးအား ကန်တော့ပစ္စည်းများပေးအပ်၍ ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**



**ဖလမ်း**

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ကို အောက်တိုဘာ ၅ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဇုန်လွှယ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် သဝဏ်လွှာကို မြို့နယ်ပညာရေးမှူး ဦးသိန်းဆွေမြင့်က ဖတ်ကြားသည်။ ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ပညာရေးမှူး (အငြိမ်းစား) ဆရာကြီး ဦးဗန်ကြီးနှင့် တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ကြသည်။ ထို့နောက် လိုင်လွန်ဖောင်ဒေးရှင်းက အင်္ဂလိပ်-ချင်း အဘိဓာန်စာအုပ်သုံးအုပ်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ ဒေါ်ညိုညိုဝင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက (၂) ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံယူသည်။

**(ခရိုင်ပြန်/ဆက်)**

**မိုင်းပန်**

ရှမ်းပြည်နယ် (တောင်ပိုင်း)လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက မိုင်းပန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းဟောင်း မောခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဌေးဝင်းက ကမ္ဘာ့ဆရာများနေ့ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းသည်။ ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန် ဆရာ ဆရာမများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**တင်မောင်ဦး(အလုံ)**

# ပျိုရွယ်သူ ကျန်းမာရေးဆိုင်ရာများနှင့် AIDS ရောဂါအကြောင်း ပညာပေးဟောပြော

**စဉ့်ကူး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီက နွယ်ရုံကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမေသိန်းရီက အမှာစကားပြောကြားပြီး အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား HIV/AIDS အကြောင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာမေးခွန်းများ၊ အရက်သေစာသောက်စားခြင်းဆိုင်ရာ မေးခွန်းများ၊ နေ့စဉ် စားသုံးနေသည့် အာဟာရများ၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်ခြင်းဆိုင်ရာများ၊ ပျိုဖော်ဝင်ချိန် ခန္ဓာကိုယ် ပြောင်းလဲလာမှုများနှင့်ပတ်သက်သည့် မေးခွန်းများ မေးမြန်းခြင်းများအပေါ် ဖြေကြားကြပြီး ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၏ အဖြေလွှာများနှင့်ပတ်သက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘချစ်နှင့် ကျန်းမာရေးဌာနမှ လူမှောင်ခိုလူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

**ဝင်းမောင်**

# စိုက်ပျိုးရေးပညာ (အပိုင်း-၆)

ဒေါက်တာမျိုးကြွယ်
(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ အကူအညီပေးသော စီမံကိန်းမှာ စိုက်ပျိုးရေးကဏ္ဍ၌ လူသားဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများ ခိုင်မာစေရေး လုပ်ငန်းစီမံကိန်း (The project for Strengthening Human Development Institutions in Agriculture)ဖြစ်သည်။

စီမံကိန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (YAU)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)၊ စိုက်ပျိုးရေးဦးစီးဌာန(DOA) အောက်ရှိ ဟင်းသီးဟင်းရွက် သစ်သီးဝလံသုတေသနဖွံ့ဖြိုးမှုဌာန(VFRDC)၊ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးသင်တန်းကျောင်း (CARTC)တို့တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ စီမံကိန်းစာချုပ်အရ ဂျပန်ယန်း ၁၀၀၈ သန်းနှင့်ညီမျှသော အထောက်အပံ့(Grand Aid)ကို ရရှိမည်ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အဓိကဌာနကြီး ခုနစ်ခုဖြစ်သောလယ်ယာသီးနှံဌာန (Agronomy Department)၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မနှင့် ဂေဟဗေဒဌာန (Plant Breeding, Physiology and Ecology Department)၊ မြေဆီလွှာနှင့်ရေသိပ္ပံပညာဌာန(Soil and Water Science Department)၊ အပင်ရောဂါဗေဒဌာန (Plant Pathology Department)၊ ကိမိလနှင့် သတ္တဗေဒဌာန (Entomology and Zoology Department)၊ ဥယျာဉ်ခြံနှင့် စိုက်ပျိုးဇီဝနည်းပညာဌာန (Horticulture and Agricultural Biotechnology Department)၊ စိုက်ပျိုးစီးပွားပညာဌာန (Agricultural Economics Department)တို့နှင့်အတူ စိုက်ပျိုးရေးအင်ဂျင်နီယာဌာန (Agricultural Engineering Department)နှင့် မွေးမြူရေးပညာဌာန (Animal Science Department) တို့ကို ဓာတ်ခွဲခန်းများတည်ဆောက်ပေးပြီး သင်ကြားရေးနှင့် သုတေသနအတွက် လိုအပ်သောဓာတ်ခွဲခန်းသုံးပစ္စည်းများ (Laboratory Equipments)ကိုလည်း တပ်ဆင်ပြီးဖြစ်၍ ဓာတ်ခွဲခန်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မကြာခင်ပြုလုပ်တော့မည်ဖြစ်ပါသည်။

အထောက်အပံ့အကူအညီ (Grant Aid) အစီအစဉ်ပြီးပါက လူသားအရင်းအမြစ်နှင့် နည်းပညာ တိုးတက်ရေးအစီအစဉ် (Technical Cooperation Project-TCP)ကို ၂၀၁၅ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ ငါးနှစ်စီမံကိန်းစတင်ပါမည်။ အဆင့်မြင့်စိုက်ပျိုးရေးပညာများသင်ကြားရေး(Teaching)၊ သုတေသနပြုရေး(Research)နှင့် နည်းပညာဖြန့်ဝေပေးရေး (Extension)တို့ အချိုးညီညီတိုးတက်ရန်အတွက် နောက်ဆုံးပေါ် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ ကျွမ်းကျင်သူလူသားအရင်းအမြစ်များကို နှစ်အလိုက်စီမံကိန်းဖြင့် မွေးထုတ်ပေးရန် လိုပါမည်။

မြန်မာနိုင်ငံရှိ လယ်ယာစိုက်ကွင်းများကို စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဖို့အတွက်(ဥပမာ- ခေတ်နှင့်အညီမြေသားပြုပြင်ပြောင်းလဲရန်)စိုက်ပျိုးရေး အင်ဂျင်နီယာ (Agricultural Engineering) ဘာသာရပ်ကျွမ်းကျင်ပညာရှင်များလည်း လိုအပ်ရာ ပြည်တွင်းပြည်ပတွင် နှစ်အလိုက်ပညာဆည်းပူးသင်ယူစေကာ မွေးထုတ်ပေးရပါမည်။

စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်မှာ အင်ဂျင်နီယာပညာ၏ ဘာသာရပ်အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မြို့ပြ၊ စက်မှု၊ လျှပ်စစ်နှင့် ဓာတုအင်ဂျင်နီယာဘာသာရပ်များကို လိုသလိုပေါင်းစပ်၍ စိုက်ပျိုးရေးအခြေခံပညာဗဟုသုတနှင့် ပေါင်းစည်းကာ စိုက်ပျိုးထုတ်လုပ်မှုပိုမိုတိုးတက်စေရန် အထောက်အပံ့ပေးသောဘာသာရပ်ဖြစ်ပါသည်။

စိုက်ပျိုးရေး အင်ဂျင်နီယာဘာသာရပ် တိုးတက်ဖွံ့ဖြိုးလာအောင် ဂျပန်နိုင်ငံတက္ကသိုလ်များမှ စိုက်ပျိုးရေးအင်ဂျင်နီယာပါမောက္ခများ၊ ပညာရှင်များက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် လာရောက်သင်ကြားပို့ချခြင်းဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးအင်ဂျင်နီယာဌာနမှ ဆရာ၊ ဆရာမများကို ဂျပန်နိုင်ငံသို့ ဘွဲ့လွန်သင်တန်းများစေလွှတ်၍လည်းကောင်း စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်ကို အထူးပြုဘာသာရပ်အဖြစ်ပို့ချနိုင်သည်အထိ JICA-TCP က ဆောင်ရွက်ပါမည်။ စိုက်ပျိုးရေးအင်ဂျင်နီယာမှာ ထယ်ထိုးထွန်မွှေ၊ တကာတွင် သတ်မှတ်ထားသော Agriculture ၏ အဓိပ္ပာယ်မှာ "The Science, Art, or Occupation concerned with cultivating land, Producing Crops, Raising Livestocks and Poultry, Marketing of these products"ဟု ဖြစ်ပါသည်။ သီးနှံများစိုက်ပျိုး၊ တိရစ္ဆာန်များ မွေးမြူထုတ်လုပ်၍ ဈေးကွက်ရရှိအောင် ဖြန့်ချိပေးရသည့် ပညာဖြစ်ပါသည်။



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ လက်တွေ့လေ့လာသင်ယူနေကြစဉ်။

ထွန်စက်ကိုင်တတ်ရုံ၊ ထွန်စက်ပျက်ပြင်ဆင်တတ်ရုံနှင့်ပြီးစီးသောဘာသာရပ်မဟုတ်ပါ။ ဥပမာ-ကောက်စိုက်စက်ဖြင့် ကောက်စိုက်ပါက ကောက်စိုက်စက်အကြောင်းသိရမည့် စက်မှုပညာအပြင် ပျိုးထောင်ရမည့်စပါးမျိုးစေ့၊ အငြောင့်ပေါက်ပုံအဆင့်ဆင့် (Seed Germination Process)၊ မျိုးစေ့များအတွင် လိုအပ်သောအလင်းရောင် (Light and Solar radiation)၊ အစိုဓာတ်၊ မြေဆီသြဇာ အာဟာရဓာတ်စသည်ဖြင့် စိုက်ပျိုးရေးဆိုင်ရာဗဟုသုတများကိုလည်း သိရှိရန်လိုပါလိမ့်မည်။

စပါးရိတ်သည့်အခါ ရိတ်သိမ်းခြွေလှေ့စက် (Combined Harvester)အသုံးပြုပါက စက်မှုပညာအပြင် စပါးရင့်မှည့်သည့်အချိန် (Maturity Time)၊ စိုက်ခင်းမြေဆီလွှာအနေအထား (Soil Physical Properties)၊ စပါးမျိုးစေ့အစိုဓာတ် (Seed Moisture)၊ ရိတ်သိမ်းပြီးပါက သိုလှောင်ရမည့် နေရာအနေအထား (Storage Condition) စသည့် ဗဟုသုတများကိုပါ သိရှိရပါလိမ့်မည်။ ထိုဘာသာရပ်များစွာကို ပေါင်းစပ်လေ့လာနိုင်အောင် JICA-TCP စီမံကိန်းက အကူအညီပေးပါလိမ့်မည်။

နောက်ထပ် အရေးကြီးသော ဘာသာရပ်တစ်ခုမှာ စိုက်ပျိုးရေးနှင့်တွဲဖက်နေသော မွေးမြူရေးသိပ္ပံပညာ (Animal Science) ဘာသာရပ်ဖြစ်ပါသည်။ နိုင်ငံ

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရှိ မွေးမြူရေးပညာဌာနရှိဆရာ ဆရာမများ၊ ပညာရှင်များကို Animal Science ဘာသာ၏ အထူးပြုဘာသာရပ်များဖြစ်သည့် (Animal Breeding and Genetics; Feed and Feeding; Animal Nutrition and Management; Dairy and Beef Cattle Production; Goat and Sheep Production; Pig Production)စသည်တို့ကို ပို့ချပေးနိုင်အောင်၊ သုတေသနများ ယခုထက်ပို၍ ပြုလုပ်နိုင်အောင် JICA-TCP စီမံကိန်းက လေ့ကျင့်ပညာပေးပါလိမ့်မည်။

နောင်တစ်ချိန်တွင် နိုင်ငံတကာတွင် သင်ကြားသုတေသနပြုလျက်ရှိသော စိုက်ပျိုးရေးဆိုင်ရာ ဘာသာရပ်အသစ်များကို ထပ်မံတိုးချဲ့လိုပါကလည်း နိုင်ငံတကာတက္ကသိုလ်များနည်းတူ ဘာသာရပ်ပေါင်းစုံ လေ့ကျင့်သင်ကြားပေးနိုင်သော တက္ကသိုလ်(Comprehensive University) ပုံစံဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာမဟာဌာန (Faculty of Agriculture)ကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် တက္ကသိုလ်တစ်ခုခုတွင် တိုးချဲ့ဖွင့်လှစ်နိုင်ပါက ပြောင်းလဲလာသောခေတ်စနစ်အရ ဘာသာရပ်အသစ်များ တဖြည်းဖြည်းချင်း တိုးချဲ့ဖွင့်လှစ်နိုင်ပါမည်။ ကျွန်တော့် စိတ်ကူးပါ။

**ဆက်လက်ဖော်ပြပါမည်**




သုတေသနနှင့် ဓာတ်ခွဲခန်းအဆောက်အအုံ(၂)

# လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချမည်

**သုံးခွ အောက်တိုဘာ ၆**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်းရှိတောင်သူလယ်သမားများအတွက် လယ်ယာသုံးလက်တွန်းထွန်စက်များကို မြို့နယ် သမဝါယမဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Daedong ကုမ္ပဏီတို့ ပူးပေါင်း၍ အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုခြင်းဖြင့် လုပ်သားရှားပါးမှုအခက်အခဲကို ပြေလည်စေခြင်း၊ အချိန်တိုအတွင်း လုပ်ငန်းများ ပြီးစီးစေခြင်း၊ မိမိတို့လယ်ယာမြေများကို ထွန်ယက်ပြီးပါက အခြားလယ်ယာမြေများသို့ စက်အငှားလိုက်ပေးခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း၊ ထွန်စက်အမျိုးမျိုးသာမက အခြားလယ်ယာသုံး စက်ကိရိယာအမျိုးမျိုးကိုလည်း အရစ်ကျရောင်းချပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောစုလှိုင်က သုံးခွမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ အောက်တိုဘာ ၂ ရက်က ကျင်းပသည့် Daedong လယ်ယာသုံးစက်ကိရိယာများ စက်စွမ်းရည်ပြပွဲနှင့် အရောင်းမြှင့်တင်ရေးရှင်းလင်းပွဲ၌ ပြောကြားကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ဝင်ငွေအပိုရရှိစေသည့် ပိန်းဥစိုက်ပျိုးသူ များလာ

**နတ်တလင်း အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရှိ ကျေးရွာများ၌ ဒေသခံပြည်သူများသည် အိမ်ထောင်စရိတ်တစ်ဖက်တစ်လမ်းမှ ကာမိစေရန် ခြံမြေကွက်နှင့် ကိုင်းကွက်များတွင် ပိန်းပင်များစိုက်ပျိုးလာကြကြောင်း သိရသည်။

သခွတ်တန်းရွာမှ ပိန်းစိုက်ပျိုးသူ ဦးကျော်ဦးက "ပိန်းပင်စိုက်ပျိုးရတာက အခြားအပင်တွေစိုက်ပျိုးသလို အလုပ်မများလှပါဘူး။ ပထမ မြေကွက်ကို ထွန်ယက်ပြီး ပိန်းဥမျိုးချပြီးတော့ မိုးဦးကျ မိုးလေး တစ်ပြိုက်နှစ်ပြိုက်လောက်ရွာပြီဆိုရင် စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်လည်း သက်သာတယ်။ ကရိကထမများဘူး။ တော်သလင်းလ၊ သီတင်းကျွတ်လဆိုရင် ပိန်းဥကို စပြီးဖော်လို့ရပြီ၊ ပြီးခဲ့တဲ့နှစ်က တစ်ပိဿာကို ဥကြီးက ၄၀၀ ကျပ်ဈေး၊ ဥသေးက ၂၀၀ ကျပ်ဈေး ရောင်းရတယ်၊ အခုနှစ်ဈေးက ဥကြီး တစ်ပိဿာကို ၆၀၀ကျပ်၊ ဥသေးက ၃၀၀ ကျပ်ပါ။ အရင်နှစ်ဈေးထက် ပိုရတယ်။ ပိန်းဥက အလေးချိန်စီးတဲ့အတွက် ပိဿာချိန် ၁၀၀ လောက်ထွက်တယ်" ဟု ပြောသည်။

ပိန်းစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ် သက်သာသလို တကူးတကအလုပ်များခြင်းလည်းမရှိဘဲ အပိုဝင်ငွေရသဖြင့် စိုက်ပျိုးမှုများလာခြင်းဖြစ်ကြောင်း၊ နတ်တလင်းမြို့နယ်ရှိ မြေနုသဲကျောရွာ၊ သခွတ် တန်းရွာ၊ ချောင်းကမ်းရွာ၊ကျောင်းကြီးရွာ စသည့် ကျေးရွာများမှ ပြည်သူများမှာ ပိန်းပင်များကို စိုက်ပျိုးကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

မြန်မာနိုင်ငံ၌ နိုင်ငံခြားသား အမြဲနေထိုင် ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ(၄/၂၀၁၅)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၅ ရက်က နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့်က မြန်မာနိုင်ငံ၌ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သော ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားဟောင်းများ နိုင်ငံအတွင်း နှစ်ရှည်လများ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ဆိုင်ရာ နည်းဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်အထိ လျှောက်ထားသူပေါင်း ၂၄၂ ဦးရှိကြောင်း၊ ယင်းတို့အနက် လျှောက်ထားသူ ၁၃၄ ဦးကို ပထမအကြိမ်စိစစ်၍ ၁၃၁ ဦးကို ခွင့်ပြုခဲ့ပြီး လူတွေ့မေးမြန်းရာတွင် လာရောက်သူ ၁၂၅ ဦးအား နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လျှောက်ထားသူ ၅၃ဦးကို ဒုတိယအကြိမ်အဖြစ်စိစစ်၍ ဗဟိုကော်မတီက ၄၆ဦးကို ပဏာမခွင့်ပြုခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များအနေဖြင့် လျှောက်ထားသူ ၅၅ဦးအား စိစစ်အတည်ပြုပေးကြရန် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူးကိုယ်စား လုပ်ငန်းတာဝန်ခံအရာရှိက နိုင်ငံခြားသား အမြဲနေထိုင်ခွင့် လျှောက်လွှာများ လက်ခံဆောင်ရွက်မှုနှင့် အမှတ်ပေးစနစ် စံသတ်မှတ်ချက်များနှင့် စိစစ်ရွေးချယ်နိုင်ရေးအတွက် သုံးသပ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# အများပြည်သူပန်းခြံနေရာတွင် စီးပွားရေးလုပ်ငန်းများအား ငှားရမ်းထားသဖြင့် ရှင်းလင်းပေးရန် ဒေသခံများဆန္ဒရှိနေ


**ဖျာပုံ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၁၂)ရပ်ကွက် ပြည်သူ့အားကစားကွင်းကြီးရှေ့ရှိ အများပြည်သူပန်းခြံနေရာတွင် စီးပွားရေးလုပ်ငန်းရှင်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြေများငှားရမ်းထားပြီး ဝပ်ရှော့၊ စားသောက်ဆိုင်နှင့် အုတ်သဲကျောက်ရောင်းဝယ်ရေးလုပ်ငန်းများ အခိုင်အမာလုပ်ကိုင်နေကြသဖြင့် ရှင်းလင်းဖယ်ရှားပေးရန် ပြည်သူများက ဆန္ဒရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့မှာ ပြည်သူများ အပန်းဖြေနားနေရာ တစ်ခုတည်းသော ပန်းခြံနေရာလေးက ဖျာပုံမြစ်ကမ်းဘေးမှာ တည်ရှိနေတာ နှစ်ပေါင်း ၁၀၀ ခန့်ကြာနေပါပြီ၊ ယခင်က ကလေးကစားကွင်း၊ ရောင်စုံမီးတွေနဲ့၊ ပန်းအလှ၊ ပန်းချုံအမျိုးမျိုးတည်ရှိပြီး ကျောင်းသား၊ ကျောင်းသူကလေးငယ်တွေ လာရောက်ဆော့ကစားတဲ့နေရာဖြစ်တဲ့အပြင် လွတ်လပ်ရေးနေ့နှင့် နေ့ထူးနေ့မြတ်တွေမှာ အလှဓာတ်ပုံရိုက်ဖို့ လေလံပေးခဲ့ရတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ အခုအခါမှာတော့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေကို အငှားမြေနေရာချထားပြီး တဖြည်းဖြည်းတိုးချဲ့လာတော့ ပန်းခြံမြေ နေရာပျောက်လုနီးပါးဖြစ်နေလို့ သက်ဆိုင်ရာက ရှင်းလင်းဖယ်ရှားပေးဖို့ လိုအပ်နေပါပြီ" ဟု မြို့နေပြည်သူတစ်ဦးက ပြောသည်။

ဖျာပုံမြို့၏ ခေတ်အဆက်ဆက်တည်ရှိခဲ့သော ပြည်သူများ အပန်းဖြေနားနေခဲ့သည့် ပြည်သူ့ပန်းခြံမြေနေရာသည် ယခင်ကာလက မြေနေရာများစွာ တည်ရှိခဲ့သော်လည်း ယခုအခါ မြစ်ကမ်းပါးပြိုကျမှုကြောင့် မြေနေရာပျောက်ဆုံးမှုများ ဖြစ်ပေါ်နေသည့်အပြင် ပန်းအလှ၊ ပန်းချုံများ စိုက်ပျိုးထားမှုနှင့် ရောင်စုံမီးများထားရှိမှုနည်းပါးခြင်းများအပြင် ပန်းခြံ အင်္ဂါရပ်နှင့်ညီညွတ်မှုမရှိသော မြေငှားရမ်းလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ မြေနေရာတိုးချဲ့လုပ်ကိုင်မှုများကြောင့် ပန်းခြံမြေနေရာ ပျောက်ဆုံးလုနီးပါးဖြစ်ပေါ်နေသည်ကို သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**(ဝ၇၁)**



# မြစ်ရေမြင့်တက်မှုကြောင့် ပျက်စီးခဲ့သော ကျေးလက်ကုန်ထုတ်လမ်းမကြီး ပြန်လည်ပြုပြင်မည်

**စဉ့်ကူး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ရှိ ရွှေပြည်-တောင်အင်း-ထုံးကြီးကုန်ထုတ်လမ်းမကြီး၏ လမ်းပိုင်းအချို့တွင် မိုးရွာသွန်းခြင်းနှင့် ဧရာဝတီမြစ်ရေမြင့်တက်ခြင်းတို့ကြောင့် ပျက်စီးခဲ့မှုများရှိခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျင်းမြေများပြန်လည်ခင်းကျင်းပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေပြည်-တောင်အင်း-ထုံးကြီးကုန်ထုတ်လမ်းမကြီးပေါ်ရှိ တောင်အင်း-ထုံးကြီးလမ်းပိုင်း အရှည်နှစ်မိုင်အတွင်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် မိဘအိမ်ကုမ္ပဏီက တာဝန်ယူပြုပြင်သွားမည်ဖြစ်ကာ ဂျင်းမြေများခင်းရန်အတွက် ပြင်ဆင်ထားမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ဇောနှင့်အဖွဲ့ အောက်တိုဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ဆရာများနေ့အခမ်းအနားများ ကျင်းပ

**ဖျာပုံ**

ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားနှင့် မြို့နယ်လုံးကျွတ်မြတ်ဆရာပူဇော်ပွဲကို ဖျာပုံမြို့ အထက(၁)ကျောင်း အောင်မြေခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဖျာပုံခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်စိန်မာအေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာကို မြို့နယ်ပညာရေးမှူး ဦးတိုးဝင်းက ဖတ်ကြားသည်။ ထို့နောက် ဖျာပုံမြို့နယ်အတွင်းရှိ အသက် ၇၀ နှစ်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီး ၆၁ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြပြီး စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူ ၁၂ ဦးကိုလည်း တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**သူဇာနွယ်(ဖျာပုံ)**

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက်ကကျင်းပခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးလှသန်းက ယူနက်စကိုမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ဆရာများနေ့အထိမ်းအမှတ်အဖြစ်ကျင်းပခဲ့သော အထက်တန်းနှင့် အလယ်တန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြပြီး ဆက်လက်၍ ဆရာကြီး ဆရာမကြီး ၇၅ ဦးအား ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်**

**သီပေါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အထက(၁)ကျောင်း မြည်ီလာခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ဖတ်ကြားပြီး ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်ပညာရေးမှူးဒေါ်မမလတ်က ဖတ်ကြားသည်။ ထို့နောက် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့သည်။ ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**စိုင်း(သီပေါ)**

**ညောင်လေးပင်**

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထက(ခွဲ)ကျောင်း၌ အောက်တိုဘာ ၅ ရက်က ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကန်တော့ခံဆရာကြီး ဆရာမကြီးများအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် မြို့နယ်ပညာရေးမှူးရုံး၊ အထက(၁)ကျောင်း၊ အထက(၂)ကျောင်းနှင့် အထက(ခွဲ)ညောင်လေးပင်ကျောင်းများအတွက် စကိုင်းနက်ရုပ်သံဖမ်းစက်များကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား လက်ဆောင်ပစ္စည်းများပေးအပ်ပူဇော်ကန်တော့ကြပြီး စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ခဲ့သည်။

**နေလင်း(ညောင်လေးပင်)**

# ရမည်းသင်းမြို့နယ်အတွင်း ရွေးကောက်ပွဲအတွက် ပညာရေးဌာနမှ ဝန်ထမ်း ၁၇၀၀ ကျော် ကူညီမည်

**ရမည်းသင်း အောက်တိုဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ရမည်းသင်းမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲရုံမှူးနှင့် ဒုမဲရုံမှူးများအဖြစ် ရမည်းသင်းမြို့နယ် ပညာရေးဌာနမှ ဆရာ ဆရာမပေါင်း ၁၇၀၀ ကျော်က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုပေါင်း ၆၈ အုပ်စုမှ ကျေးရွာ ၂၄၆ ရွာ၊ မဲရုံပေါင်း ၂၂၇ ရုံ၌ မဲရုံမှူးနှင့် ဒုမဲရုံမှူးများအဖြစ် ပညာရေးဌာနမှ ဆရာ ဆရာမ ၁၇၂၂ ဦးက တာဝန်ယူဆောင်ရွက်သွားကြမည်ဖြစ်သည်။ အဆိုပါ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများကိုလည်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်က ဆင့်ပွားသင်တန်းများ ပေးလျက်ရှိကြောင်း၊ အမှတ်(၁) မဲဆန္ဒနယ်မြေရှိ ဆရာ ဆရာမ ၂၅၀ ကို စက်တင်ဘာ ၂၇နှင့် ၂၈ ရက်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီး အမှတ်(၂)မဲဆန္ဒနယ်မြေရှိ ဆရာ ဆရာမ ၁၂၀၀ ကျော်ကိုလည်း ဆင့်ပွားသင်တန်းများ ထပ်မံပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်း၌ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၆၆၄၀၆ ဦးရှိကြောင်းလည်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ကြေညာထားချက်အရ သိရသည်။

**(ဝ၁၁)**



# အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဦးခင်မောင်ဝင်းမှ
## အသည်းရောင် ဘီပိုး၊ စီပိုး နောက်ဆုံးပေါ်ကုထုံးများအကြောင်း ဟောပြောပွဲ

စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ လာရောက် လေ့လာနိုင်ပါသည်။

နေ့ရက် - ၁၀.၁၀.၂၀၁၅ (စနေနေ့)
အချိန် - နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ အထိ
နေရာ - UMFCCI မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း
(အမှတ် - ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)

(မန္တလေးပြပွဲစိုရ်အသင်းတွင် ပါမောက္ခဦးခင်မောင်ဝင်း ဦးစီး၍ အသည်းရောင် ဘီပိုး၊ စီပိုးများကို အခမဲ့ ကုသပေးနေပါသည်။)

## ပညာရည်ချွန်ဆုချီးမြှင့်ရန်ဖိတ်ကြားခြင်း

၂၀၁၄-၂၀၁၅ စာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်အောင်မြင်ခဲ့သော 'တန်' မျိုးနွယ်ဝင်မိသားစုများ၏ သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**လျှောက်လွှာစတင်ထုတ်ပေးမည့်ရက်** - ၅-၁၀-၂၀၁၅ ရက်မှ ၂၁-၁၀-၂၀၁၅ရက် ထိ
နံနက်၉း၀၀နာရီ-၁၁း၀၀ နာရီ
ညနေ ၃း၀၀ နာရီ- ၅း၀၀ နာရီ

**လျှောက်လွှာထုတ်ပေးမည့်နေရာ** - အမှတ် (၅၇/၅၉)၊ လသာလမ်း (အောက်လမ်း)၊ အိမ်နီးချုန်းတောင်ဘုရားကျောင်း၊
ဖုန်း-၃၇၁၄၁၂

## Rain Travels & Tours
Good Quality Budget tours manage by Gandawun Shwe Bangan Travels

| | | |
|---|---|---|
| ဘန်ကောက် | (၅) ရက် | USD 470 |
| စင်ကာပူ | (၄) ရက် | USD 630 |
| မလေးရှား | (၄) ရက် | USD 650 |
| ဟောင်ကောင်၊မကာအို | (၅) ရက် | USD 1000 |
| ပီကင်း၊ရှန်ဟိုင်း | (၆) ရက် | USD 1200 |

ကျောက်မျက်ဆိုင်၊ တိုင်းရင်းဆေးဆိုင် လည်ပတ်ခြင်း မပါဝင်ပါ။
အမှတ် ၆၉၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။ ရန်ကုန်မြို့။ Ph: 01-510218, 09-252281456
အမှတ် ၈၁၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ Ph: 09- 3169 3339, 09- 730 13856

## မြင့်မြတ်
အမှတ်တံဆိပ်
## အမှုးပြေသောက်ဆေး

ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဦးခေါင်းတစ်ခုလုံးအုံခဲလေးလံပြီး နာကျင်ကိုက်ခဲခြင်း၊ နားထင်ကြောများကိုက်ခဲခြင်း၊ အာရုံကြောများအားနည်းခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-TMR 011342 (0118)
ပင်ရင်း - မကြာမင်းဆေးတိုက်နှင့် ဆေးကုဌာန - ဖုန်း - ၀၉ ၇၃၂၁၁၀၆၁၊ ၀၉ ၇၃၁၉၇၅၂၄၊ ၀၉ ၇၃၀၄၅၁၁၉။

## တစ်အိတ်ဝယ်ရင် ပို့ပေးပါတယ်
ပေါဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
09-43334111 ☎ 01-682844
09-43334222 ☎ 01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

## အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ အထက(ခမုံ) တက္ကသိုလ်ဝင်တန်းမှ မောင်ယဉ်ထက်ပိုင်၏ အမည်မှန်မှာ မောင်ဇင်ထက်ပိုင်ဖြစ်ပါသည်။
ဇင်ထက်ပိုင်

## ဒီဇယ်၊ဓာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၁အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေစီးပွိုင်အနီး၊ရန်ကုန်မြို့။
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

## ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-8623188
09-5195949

## ကိုကျော်စိုး
ရန်ကုန်မြို့တွင်း မြေကြီးအပိုရှိသည်
စက်ရုံနှင့်မြေကွက် မြေကြီးလိုအပ်သူများ
ဆက်သွယ်ပါရန်
ဖုန်း-၀၉-၂၀၁၀၀၀၆၊ ၀၉-၅၆၅၀၃၀၇၊
၀၉-၃၀၁၆၈၈၈၈



# Congratulations!
## Aye Yar River View Resort
Old Bagan, Myanmar
on receiving
"The Best Resort of the Year 2015"
Presented by **Mekong Tourism Alliance Awards 2015.**




- Asian Trails Tour Ltd.
- Destination Asia Travels & Tours Co., Ltd.
- EPG Travel Company Ltd.
- J T B Polestar Co., Ltd.
- Myanmar Polestar Travels & Tours
- Sai Travel Service (Myanmar) Co.,Ltd.
- Silk Road To Asia Travels & Tours Co., Ltd. Myanmar
- Tour Mandalay Travels & Tours Co., Ltd.

## ဂျပန်စာလေ့လာနေသူများအတွက်
ဂျပန်စာ(4Skills)အခြေခံ/အဆင့်မြင့်၊N5,N4,N3,N2 JLPT/NAT TEST စာမေးပွဲတန်းခွဲများ။Kanji သီးသန့်၊ Minna 1/2 ၊ဂျပန်စကားပြောအမြန်သီးသန့်တန်းခွဲများဖွင့်ပြီ။ ၊JLPT Level များအတွက် လေ့ကျင့်ရန်စာအုပ်များ၊ မေးခွန်းဟောင်းများ ဂျပန်သီချင်း/စကားပြောအခွေ+စာအုပ်များ ဝယ်နိုင်ပါသည်။
Ph: 09254903604 , 0973040610 , 098770096
EVER TOP ဘာသာစကားသင်တန်းများ
အမှတ်(၆၆/၆ခ)၊ဗျွလှာအင်းစိန်လမ်း၊ကမာရွတ် (စံရိပ်ငြိမ်မှတ်တိုင်၊လှည်းတန်းအနီး)


## ငါးမြှစ်ချင်း
၄၊ ၅၊ ၆ လကၠမ ရမည်။
နေရာ-မရှော၊ ထန်းတပင်မြို့နယ်၊
Ph-09 254258503

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 7E/3315, Toyota Caldina ST 210, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်အောင် ၆/ကသန(နိုင်)၀၀၄၃၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

# PadamyarFM
Taunggyi 92.2 MHz

## မွ်ႇသုင်ၶၢဝ်ႇ (မင်္ဂလာပါ)

ရှမ်းပြည်နယ်မှ နားဆင်သူ ပရိသတ်များအတွက် တောင်ကြီးမြို့ နှင့် အနီးတစ်ဝိုက်တွင် ပတ္တမြား FM မှ 92.2 MHz ဖြင့် စတင်ထုတ်လွှင့်နေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



### မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အလက ဖက်သန်းတောင်၊ အဌမတန်းမှ မောင်ဂျူနိုင်း၏ မိဘများအမည်မှန်မှာ ဦးနေမျိုးလင်း ၈/နမန(နိုင်)၁၂၁၆၃၀ နှင့် ဒေါ်တင်မာညို ၈/နမန(နိုင်)၁၂၉၅၇၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဖက်သန်းတောင်ကျေးရွာ အဌမတန်းမှ မကေသွယ်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်တင် ၁၃/ပတယ(နိုင်) ၀၄၇၁၄၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အလက ဖက်သန်းတောင် အဌမတန်းမှ မောင်အောင်ဟိန်းကျော်၏ ဖခင်အမည်မှန်မှာ ဦးအုံးမြင့် ၈/နမန(နိုင်)၀၉၁၉၇၇ ဖြစ်ပါကြောင်း။

### လူပျောက်ကြော်ငြာ



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၈ လမ်း၊အမှတ် ၉ (ပထမထပ်)နေ ဦးတင်မြင့်၏သမီး မသန္တာမြင့်သည် ၄-၁၀-၂၀၁၅ရက် နံနက် ၉း၃၀နာရီတွင် နေအိမ်မှ ရွှေ ငွေ လက်ဝတ်လက်စားများဝတ်ဆင်၍ ထွက်သွားရာ ပြန်မလာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ သွေးဆောင်ဖြားယောင်းထားသူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း။

ဖုန်း-၀၉-၉၇၄၀၃၄၀၃၀၊ ၀၁-၃၉၄၀၂၀

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ န၀ဒေးအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ မြေကွက်အမှတ်(၉၆၁)၊ ဧရိယာ ၀ဒသမ ၀၈၃ဧကရှိ မြေကွက်အား ဒေါ်နန်းဝင်းကြည်သိန်း ၃/ဘအန(နိုင်)၀၂၆၅၁၉ အမည်ဖြင့် မြေချပါမစ်ထုတ်ပေးထားပြီးဖြစ်ရာ ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်(မိတ္တူမှန်)ထုတ်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၃၆၈၃ Toyota Caldina ST 246, S/W (4x4) R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးခိုင်ဇော် ၁၂/တမန(နိုင်) ၁၀၃၆၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမှားပြင်ဆင်ခြင်း

၁၂-၉-၂၀၁၅ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၃ တွင် ဦးစံသိန်း(ကွယ်လွန်)၏ဇနီး ဒေါ်လက်ချ်မီး(ခ) ဒေါ်လှကြည် ၁၂/ဥကမ(ဧည့်)၀၀၀၀၈၁ဟုလည်းကောင်း၊ ဦးလှရွှေ(ကွယ်လွန်)၏ဇနီး ဒေါ်ခင်အေး ၁၂/ဥကမ(နိုင်)၀၇၆၆၈၀ ဟုလည်းကောင်း၊ ဒေါ်ခင်ရီ(အေဒီ-၀၃၀၇၀၄) ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## ဒေါ်မေရီညွန့် (မိုဘိုင်းဖုန်းရောင်းဝယ်ရေး)၊ အမှတ်(၈၇)၊ သနပ်ပင်လမ်း၊ အုန်းပင်တန်းရပ်၊ နန်းတော်ရာရပ်ကွက်နှင့် အများခပ်သိမ်းသူငှာ သိရှိစေရန် အသိပေးကြေညာချက်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ခရေအိမ်ရာ၊တိုက်အမှတ်(၅၆)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ဖြူဖြူဇော် (ဘ) ဦးဆန်းအောင် ၇/ပခန(နိုင်)၂၂၈၄၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ ဤနို့တစ်စာကို ချအပ်၍ အသိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်၏အမှုသည်ပိုင်ဆိုင်သော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ သနပ်ပင်လမ်း၊ အိမ်အမှတ်(၈၇)ဟုခေါ်တွင်သောအရပ်ရှိ နှစ်ထပ်တိုက်ခံအိမ်ကို လူကြီးမင်းက ကျွန်ုပ်၏အမှုသည်ထံမှ (Mobile) ဖုန်းရောင်းဝယ်ရေးဆိုင်ဖွင့်လှစ်ရန်အလို့ငှာ ငှားရမ်းထားခဲ့သည့်ကာလမှာ ၁၀-၉-၂၀၁၅ ရက်အထိသာဖြစ်ပါ၍ ထိုနေ့မှစပြီး အိမ်ရှင် အိမ်ငှားဆက်သွယ်မှုပြတ်တောက်သွားခဲ့ပြီဖြစ်ပါ၍ ၁၁-၉-၂၀၁၅ ရက်မှစပြီး ကျွန်ုပ်၏အမှုသည်ပိုင် ဥပစာအတွင်းရှိ အိမ်မှဖယ်ရှားထွက်ခွာပေးရန် ၈-၈-၂၀၁၅ ရက်စွဲပါစာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ အကြိမ်ကြိမ်အသိပေးအကြောင်းကြားပြီးဖြစ်ပါသော်လည်း လူကြီးမင်းအနေဖြင့် ယနေ့ထိတိုင် အပြီးအပိုင်ပြောင်းရွှေ့ဖယ်ရှား ထွက်ခွာပေးခြင်းမရှိပါ။

လူကြီးမင်းအနေဖြင့် ကျွန်ုပ်၏အမှုသည်ပိုင် ဥပစာအတွင်းမှ ဖယ်ရှားပေးခြင်းမပြုဘဲ ဥပဒေမဲ့ကျူးကျော်၍ ဆက်လက်နေထိုင်ခြင်းအတွက် ပျက်ကွက်သမျှရက်အားလုံးကို အိမ်လခအဖြစ် တစ်နေ့လျှင် ကျပ် ၁၀၀၀၀၀/-(ကျပ်တစ်သိန်းတိတိ)နှုန်းဖြင့် ပေးချေရမည်ဖြစ်ပါကြောင်းနှင့် တည်ဆဲတည်မြဲဥပဒေတို့အရ လူကြီးမင်းအပေါ် တရားစွဲဆို အရေးယူတော့မည်ဖြစ်ပါကြောင်း ဤနို့တစ်စာကိုချအပ်၍ အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ဖြူဖြူဇော် | ဒေါ်ယဉ်ကြွယ် | ဒေါ်ငုဝါခင် |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ | တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၉၉) | အထက်တန်းရှေ့နေ (စဉ်-၃၀၀၆၄) |

**အမှတ်(၃၆၂/၈)၊ ဘုရင့်နောင်လမ်း၊ ဉသာမြို့သစ်၊ ပဲခူးမြို့**

### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ထားဝယ်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇**

| | | |
|---|---|---|
| ဒေါ်အိအိမွန် | နှင့် | ၁။ ဒေါ်စန်းမြင့် |
| | | ၂။ ဦးအာလီ(ခ)ဦးတင့်လွင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ အနောက်ရပ်၊ ဦးဇို့လမ်း၊ အမှတ် ၂၂၄ နေ ဒေါ်စန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၁၅ရက်(၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ထားဝယ်မြို့နယ်တရားရုံး**

## လွမ်းဆွတ်သတိရအမှျပေးဝေခြင်း
## ဦးဝင်း (ညွှန်ကြားရေးမှူး)
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### စွမ်းအင်ဝန်ကြီးဌာန

ကွယ်လွန်သွားသည့် ကျေးဇူးရှင်ဖခင်ကြီး ဦးဝင်းအား ရည်စူး၍ အလှူဒါန ကောင်းမှုကုသိုလ်များကို မိသားစုများက နေ့စဉ်၊ အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်၊ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ပါသည်။

ယခု (၁၂)နှစ်မြောက်ဖြစ်သည့် ၂-၁၀-၂၀၁၅ ရက်တွင်လည်း သတိရအောက်မေ့တမ်းတစွာဖြင့် သုခနာရေးကူညီမှုအသင်း၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ ဦးလှထွန်းအေးရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၊ မဟာစည်သာသနာ့ဗိမာန် (ယိုးဒယားကျောင်း) နှင့် လှိုင်သာသနာအေး ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းမှု အစုစုပြုလုပ်ခဲ့ပါသည်။

ဖခင်ကြီး ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ မြင့်မြတ်သောဘုံဘဝရောက်ရှိနေပါလျှင်လည်း ဘုံစဉ်မြင့်သထက် မြင့်အောင် ကျင့်ကြံအားထုတ်နိုင်ပါစေ။

**ဇနီး - ဒေါ်လေးမိနှင့်**
**သားသမီးမြေးတစ်စု**
**SH-4B၊ ယုဇနလမ်း၊ အမှတ် (၅)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

---

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ ရေတွင်း၊
ရေကန် ဒါယိကာမကြီး
**ဒေါ်ခင်မေ (ဇယန်းကြီး လက်ဖက်စိုပွဲရုံ)**
**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ ၈၃လမ်း၊ ၂၉×၃၀လမ်းကြား၊ အမှတ် ၂၆၃နေ ပွဲစားကြီး (ဦးအောင်စိန်)၏ဇနီး၊ ဥက္ကဋ္ဌ ဦးတင်လတ်-ဒုဥက္ကဋ္ဌ ဒေါ်မာလာမြင့် (Silver Tiger Group of Co.,Ltd) ငွေကျားတိုက် လျှပ်စစ်၏ချစ်လှစွာသောမိခင်ကြီး၊ Managing Director ဘုန်းရာဇာစိုး၊ Excutive Director Dr. ပိုးမဒ္ဒီတင်လတ်၊ Director နိုင်အုပ်စိုးလတ်တို့၏ဘွားဘွားကြီး ပွဲကတော်ကြီး ဒေါ်ခင်မေ(ဇယန်းကြီး လက်ဖက်စိုပွဲရုံ)သည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၃၄နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူဝန်ထမ်းများမိသားစု(ရန်ကုန်)**
**ငွေကျားတိုက်(လျှပ်စစ်)**
**Silver Tiger Group of Companies**

---

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ ရေတွင်း၊
ရေကန် ဒါယိကာမကြီး
**ဒေါ်ခင်မေ (ဇယန်းကြီး လက်ဖက်စိုပွဲရုံ)**
**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ ၈၃လမ်း၊ ၂၉×၃၀လမ်းကြား၊ အမှတ် ၂၆၃နေ ပွဲစားကြီး (ဦးအောင်စိန်)၏ဇနီး၊ ဥက္ကဋ္ဌ ဦးတင်လတ်-ဒုဥက္ကဋ္ဌ ဒေါ်မာလာမြင့် (Silver Tiger Group of Co.,Ltd) ငွေကျားတိုက်လျှပ်စစ်၏ ချစ်လှစွာသောမိခင်ကြီး၊ Managing Director ဘုန်းရာဇာစိုး၊ Excutive Director Dr. ပိုးမဒ္ဒီတင်လတ်၊ Director နိုင်အုပ်စိုးလတ်တို့၏ဘွားဘွားကြီး ပွဲကတော်ကြီး ဒေါ်ခင်မေ(ဇယန်းကြီး လက်ဖက်စိုပွဲရုံ)သည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၃၄နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူဝန်ထမ်းများမိသားစု(မန္တလေး)**
**ငွေကျားတိုက်(လျှပ်စစ်)**
**Silver Tiger Group of Companies**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မေ
### အသက်(၈၈)နှစ်

ဦးတင်လတ်-ဒေါ်မာလာမြင့် (Silver Tiger Group of Co.,Ltd. ငွေကျားတိုက် လျှပ်စစ်)တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်မေသည် ၅-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်-ဒေါ်ငွေငွေခိုင်**
**ဧရာဝတီဘဏ်လီမိတက်**

---

### ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ခင်ခင်စိုး**
**ပုံဆွဲ(၂)၊ မြို့ပြ(ငြိမ်း)**
**အသက်(၆၃)နှစ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပုံဆွဲ(၂) မြို့ပြ(ငြိမ်း) ဒေါ်ခင်ခင်စိုးသည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လမ်းဦးစီးဌာန**

---

### ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့နေ ဒေသကောလိပ် ပထမအသုတ်မှ ကျောင်းနေဖက်သူငယ်ချင်း ကိုခင်မောင်ဇော် အသက်(၅၉)နှစ်သည် ၁-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်နှင့်နေပြည်တော်မှ ကျောင်းနေဖက်သူငယ်ချင်းများ**
**မန္တလေးဒေသကောလိပ် ပထမအသုတ်**
**(၁၉၇၇) သူငယ်ချင်းများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ ရေတွင်း
ရေကန်ဒါယိကာမကြီး
**ဒေါ်ခင်မေ (ဇယန်းကြီး လက်ဖက်စိုပွဲရုံ)**
**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ ၂၉×၃၀လမ်းကြား၊ ၈၃လမ်း၊ အမှတ် ၂၆၃နေ ပွဲစားကြီး (ဦးအောင်စိန်)၏ဇနီး၊ ဦးအုန်းသန်း-ဒေါ်သန်းသန်းဦး၊ ဦးဇော်ဝင်းမောင်၊ ဦးအောင်ကျော်မြတ်-ဒေါ်နန်းလှိုင်လှိုင်မြင့်(ရွက်နုလှိုင် ဂျပန်ဂျင်းနှင့်လက်ဖက်၊ ပဲနှစ်ပြန်ကြော်)၊ ဦးခင်မောင်မြင့်-ဒေါ်ဘေဘီ (မွေးစံပယ် ကိုးကန့်လက်ဖက်ခြောက်နှင့် ချည်ထည်ရောင်းဝယ်ရေး)၊ ဦးတင်လတ်-ဒေါ်မာလာမြင့် (Silver Tiger Group of Co., Ltd) ငွေကျားတိုက်လျှပ်စစ်၊ ဒေါ်သန်းသန်းနွယ် (Nice လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ယောက်တို့၏ဘွားဘွားကြီးသည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၃၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ် ယူနန်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ ရေတွင်း၊
ရေကန် ဒါယိကာမကြီး
**ဒေါ်ခင်မေ (ဇယန်းကြီး လက်ဖက်စိုပွဲရုံ)**
**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ ၈၃လမ်း၊ ၂၉×၃၀လမ်းကြား၊ အမှတ် ၂၆၃နေ ပွဲစားကြီး (ဦးအောင်စိန်)၏ဇနီး၊ ဥက္ကဋ္ဌ ဦးတင်လတ်-ဒုဥက္ကဋ္ဌ ဒေါ်မာလာမြင့် (Silver Tiger Group of Co.,Ltd) ငွေကျားတိုက်လျှပ်စစ်၏ ချစ်လှစွာသောမိခင်ကြီး၊ Managing Director ဘုန်းရာဇာစိုး၊ Excutive Director Dr. ပိုးမဒ္ဒီတင်လတ်၊ Director နိုင်အုပ်စိုးလတ်တို့၏ဘွားဘွားကြီး ပွဲကတော်ကြီး ဒေါ်ခင်မေ(ဇယန်းကြီး လက်ဖက်စိုပွဲရုံ)သည် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) ည ၇း၃၄နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူဝန်ထမ်းများမိသားစု(နေပြည်တော်)**
**ငွေကျားတိုက်(လျှပ်စစ်)**
**Silver Tiger Group of Companies**

---

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ ရေတွင်း
ရေကန် ဒါယိကာမကြီး
**ဒေါ်ခင်မေ (ဇယန်းကြီး လက်ဖက်စိုပွဲရုံ)**
**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ ၂၉×၃၀လမ်းကြား၊ ၈၃လမ်း၊ အမှတ် ၂၆၃နေ ပွဲစားကြီး (ဦးအောင်စိန်)၏ဇနီး၊ ဥက္ကဋ္ဌ ဦးတင်လတ်-ဒုဥက္ကဋ္ဌ ဒေါ်မာလာမြင့် (Silver Tiger Group of Co., Ltd) ငွေကျားတိုက်လျှပ်စစ်၏ ချစ်လှစွာသောမိခင်ကြီး၊ Managing Director ဘုန်းရာဇာစိုး၊ Excutive Director Dr. ပိုးမဒ္ဒီတင်လတ်၊ Director နိုင်အုပ်စိုးလတ်တို့၏ဘွားဘွားကြီးသည် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) ည ၇း၃၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူဝန်ထမ်းများမိသားစု(တောင်ကြီး)**
**ငွေကျားတိုက် (လျှပ်စစ်)**
**Silver Tiger Group of Companies**

---

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ ရေတွင်း၊
ရေကန် ဒါယိကာမကြီး
**ဒေါ်ခင်မေ (ဇယန်းကြီး လက်ဖက်စိုပွဲရုံ)**
**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ ၈၃လမ်း၊ ၂၉×၃၀လမ်းကြား၊ အမှတ် ၂၆၃နေ ပွဲစားကြီး (ဦးအောင်စိန်)၏ဇနီး၊ ဥက္ကဋ္ဌ ဦးတင်လတ်-ဒုဥက္ကဋ္ဌ ဒေါ်မာလာမြင့် (Silver Tiger Group of Co.,Ltd) ငွေကျားတိုက် လျှပ်စစ်၏ ချစ်လှစွာသောမိခင်ကြီး၊ Managing Director ဘုန်းရာဇာစိုး၊ Excutive Director Dr. ပိုးမဒ္ဒီတင်လတ်၊ Director နိုင်အုပ်စိုးလတ်တို့၏ဘွားဘွားကြီး ပွဲကတော်ကြီး ဒေါ်ခင်မေ(ဇယန်းကြီး လက်ဖက်စိုပွဲရုံ)သည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၃၄နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူဝန်ထမ်းများမိသားစု(စစ်တွေ)**
**ငွေကျားတိုက်(လျှပ်စစ်)**
**Silver Tiger Group of Companies**

---

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး၊ ရေတွင်း၊
ရေကန် ဒါယိကာမကြီး
**ဒေါ်ခင်မေ (ဇယန်းကြီး လက်ဖက်စိုပွဲရုံ)**
**အသက်(၈၈)နှစ်**

မန္တလေးမြို့၊ ၈၃လမ်း၊ ၂၉×၃၀လမ်းကြား၊ အမှတ် ၂၆၃နေ ပွဲစားကြီး (ဦးအောင်စိန်)၏ဇနီး၊ ဥက္ကဋ္ဌ ဦးတင်လတ်-ဒုဥက္ကဋ္ဌ ဒေါ်မာလာမြင့် (Silver Tiger Group of Co.,Ltd) ငွေကျားတိုက် လျှပ်စစ်၏ ချစ်လှစွာသောမိခင်ကြီး၊ Managing Director ဘုန်းရာဇာစိုး၊ Excutive Director Dr. ပိုးမဒ္ဒီတင်လတ်၊ Director နိုင်အုပ်စိုးလတ်တို့၏ဘွားဘွားကြီး ပွဲကတော်ကြီး ဒေါ်ခင်မေ(ဇယန်းကြီး လက်ဖက်စိုပွဲရုံ)သည် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) ည ၇း၃၄နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူဝန်ထမ်းများမိသားစု(မော်လမြိုင်)**
**ငွေကျားတိုက်(လျှပ်စစ်)**
**Silver Tiger Group of Companies**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်နု(ခ)ဒေါ်တင်အေး (ဓနုဖြူ)**
**အသက်(၈၁)နှစ်**

သတ္တုတွင်းဦးစီးဌာန၊ ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်သက် - ဒေါ်တင်တင်မြတ်တို့၏မိခင် ဒေါ်နု(ခ)ဒေါ်တင်အေးသည် ၅-၁၀-၂၀၁၅ရက်တွင် ဓနုဖြူမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MATA-အဖွဲ့ဝင်များ**
**အရပ်ဘက်အဖွဲ့အစည်း-EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဝင်းဝင်းမြင့်**
**(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးချုပ်၊ ငြိမ်း)**
**အသက်(၆၆)နှစ်**

သူငယ်ချင်း ယဉ်ဝေသန့်၏မိခင် ဒေါ်ဝင်းဝင်းမြင့်သည် ၃-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**YIE 2001 Intake သူငယ်ချင်းများ**

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
**ဦးထွန်းတင် (မြိတ်)**
**အသင်းဝင်အမှတ်(၆)**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ စိုက်ပျိုးမွေးမြူရေး (၁)ရပ်ကွက်၊ ဦးစလမ်း၊ အမှတ် ၂၅၇(ခ)နေ (ဒေါ်လေးလေးကြည်)၊ (ဒေါ်သန်းနွဲ့)တို့၏ခင်ပွန်းသည် ၄-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၅ရက်တွင် စစ်မှုထမ်းဟောင်းရွာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဒေါ်စိန်လှိုင်(ခ)ဒေါ်ယုလှိုင်
**(မှုံကတုံးကျေးရွာ)**
**အသက်(၇၈)နှစ်**

ဝေါမြို့၊ ညောင်ခါးရှည်မြို့နယ်၊ မှုံကတုံးကျေးရွာနေ (ဦးလောင်အင်း-ဒေါ်ကွယ်ပု)တို့၏သမီး၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၈၅နေ ဦးခင်-(ဒေါ်ထွေးကြည်)တို့၏ သမီးချွေးမ၊ ဦးကင်စင်း၏ ချစ်လှစွာသောဇနီး၊ ဦးညွန့်ဦး(ထာဝရမိဘမေတ္တာ) - ဒေါ်စောစန္ဒာအေး (မြန်မာဝင့်နဝရတ်)၊ ဦးသိန်းလွင်(ခ)မောင်မောင်တို့၏ ချစ်လှစွာသောမိခင်၊ ဦးဉာဏ်လင်းဦး(ပန်းဆေးပြည်သူ့စစ်)-ဒေါက်တာပွင့်ဖြူဦး (ပန်းသစ္စာ)၊ ဦးဝင့်ထယ်ဦးတို့၏ အဘွား၊ မသုန္ဒရီ၏ဘွားဘွားကြီးသည် ၅-၁၀-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အနောက်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၈၅နှင့်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပင်လုံလမ်း၊ ထာဝရမိဘမေတ္တာခြံရှေ့၊ အမှတ် ၅၂၉/၆ နေအိမ်တို့မှကားများ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးထွန်းထွန်းနိုင်(ခ)
## ငယ်ငယ် (ငြိမ်း)
**(တောင်ငူမြို့)**
**အသက်(၃၈)နှစ်**

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ အမှတ် ၁၆/၈၂နေ (ဦးကျော်စိန်-ဒေါ်သန်းရီ)၊ (ဦးစိန်မောင်-ဒေါ်ကျင်မြ)တို့၏မြေး၊ (ဦးသိန်းဆွေ)-ဒေါ်သန်းသန်းနွဲ့(ခ)မသူဇာတို့၏သား၊ ဦးသန်းလွင် - ဒေါ်အေဝမ်းကြည်တို့၏ သားသမက်၊ (ကိုမျိုးဇော်)-မတင်မင်းခိုင်တို့၏ညီ၊ကိုစည်သူသိန်း-မခင်မျိုးလွင်၊ ကိုအောင်သူသိန်း-မနန်းနွေးနွေးခမ်းတို့၏အစ်ကို၊ မဝေဇာလှိုင်း၏ခင်ပွန်း၊ ဆွေစင်ရှန်းလဲ့ဝေ၊ မောင်ဖုန်းကြည်ထွန်းတို့၏ဖခင်၊ တူ၊ တူမ လေးယောက်တို့၏ဦးလေးသည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးထွန်းထွန်းနိုင်(ခ)
## ငယ်ငယ် (ငြိမ်း)
**(တောင်ငူမြို့)**
**အသက်(၃၈)နှစ်**

တောင်ငူမြို့၊အမှတ် ၁၆/၈၂၊ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဦးသိန်းဆွေ)-မသန်းသန်းနွဲ့(ခ)မသူဇာတို့၏သား၊ (ဦးငွေသန်း)-ဒေါ်သန်းသန်းလှ၊ ဦးသန်းထွဋ်-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်မာလာ၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သန်း၊ဒေါက်တာကြည်ကြည်စိန်၊ ဦးအောင်တင့်-ဒေါ်ကြွယ်ကြွယ်စိန်တို့၏တူသည် ၅-၁၀-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## တပ်ကြပ်ကြီးဖြိုးဇော်ဝင်း
**(ဟိုင်းကြီးကျွန်း)**
**အသက်(၃၁)နှစ်**

ဟိုင်းကြီးကျွန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ရွှေယင်းမာလမ်းနေ (ဦးကြည်ဝင်း-ဒေါ်ငွေရီတို့၏သား၊ ဗိုလ်ကြီးအာကာဖြိုး၊ မသီတာဖြိုးတို့၏အစ်ကိုသည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းတင်
**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၉၄နေ (ဦးဂန်ကောက်)၏ဇနီး၊ ဒေါက်တာသက်ရွှေ(USA) - ဒေါက်တာသီသီမြင့်(USA)၊ ဒေါ်တင်တင်သန်း (KKW Collection ဗိုလ်ချုပ်ဈေး) - ဦးသိန်းအောင်၊ ဦးအောင်နိုင်-ဒေါ်ခင်ခင်ဖြူ(ဦးဝင်းနိုင်)၊ ဦးမောင်မောင်-ဒေါ်မိုးသူဇာ၊ ဦးထွန်းနိုင်-ဒေါ်အေးသန့်၊ ဦးတင်ဝင်း၊ ဒေါ်စုစုတင်(ရွှေလက်ခတ်သံ ဗိုလ်ချုပ်ဈေး)-Kelvin Sanတို့၏မိခင်၊ မအိသက်မွန်(USA)၊ မရွှန်းလဲ့မွန်(USA)၊ မောင်သုတမွန်(USA)၊ မဆုရွှေရည်အောင်၊ မောင်ဇော်ပြည့်မောင်၊ မမြမဉ္ဇူအောင်၊ မအေးကေသီ၊ မဟန်စုယဉ်၊ မောင်ကောင်းဆက်ဟန်၊ မအိကေသွယ်ခိုင်၊ မခိုင်ဆုဝေ၊ မခိုင်ယဉ်မင်းသန့်တို့၏အဘွား၊ မောင်အောင်ကောင်းပြည့်ဟိန်း၏ ဘွားဘွားကြီးသည် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးအုန်းလှိုင် (စာရင်းစစ်၊ ငြိမ်း)
**စိန်ငါးလုံးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့နေ [ဒေါ်ခင်ရီ(ကျောင်းဆရာမ၊ ငြိမ်း)]၏ခင်ပွန်း၊ ဦးမိုးကျော် (MD,Win Thin & Associates)-ဒေါ်ယဉ်မျိုးလှိုင်၊ ဦးမြတ်သူ-ဒေါ်ငြိမ်းနန္ဒာအောင်၊ ဦးသန့်ဇင်-ဒေါ်ခင်ဆွေဝင်း၊ ဦးသူရတင့်-ဒေါက်တာခင်မာလှိုင် (ကထိက၊ ကုန်ထုတ်ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ (ဦးနေလင်း)-ဒေါ်စန္ဒာဆွေ(နိုင်ငံတော်သမ္မတရုံး၊ သမ္မတဦးစီးရုံး)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၅-၁၀-၂၀၁၅ရက် နံနက် ၁၀နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၁၅ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်(၂)၊ ဂန္ဓမာလမ်း၊ အမှတ် ၅၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးလှဝင်း အသက်(၇၂)နှစ်
**သစ်လုပ်ငန်း(ငွေစာရင်းဌာန၊ ငြိမ်း)**

ရန်ကုန်မြို့၊ စက်မြေရပ်ကွက်၊ ထီးတန်း ၃လမ်း၊ အမှတ် ၁၆(မြေညီ-ခြေရင်းခန်း)နေ (ဦးဖိုးယား)-ဒေါ်ကျင်မေတို့၏သား၊ ဦးစိုးဝင်း-ဒေါ်ကျင်နုတို့၏ညီ၊ ဦးကောက်၊ ဒေါ်တင်ကြည်၊ ဒေါ်ဟုန်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ငြိမ်းတို့၏အစ်ကို၊ ဒေါ်စန်းဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုထွန်းအောင်ဝင်း၊ မဇင်မာလွင်(ခေတ္တ-ဂျပန်)၊ ကိုသက်အောင်ဝင်း-မဇင်မာမျိုး၊ မမေသန်းဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၇နာရီတွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ဇော်
**အလယ်တန်းပြ(ငြိမ်း)၊ အထက(၁)သန်လျင်**
**အသက်(၆၄)နှစ်**

သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ တာဝနေ (ဦးအေးဖေ-ဒေါ်သန်းရှင်)တို့၏သား၊ ဒေါ်ရီရီပြုံး၏ခင်ပွန်း၊ ကိုရွှေသန်း-မအိအိပြုံး၊ မတင်လွင်လွင်ဇော်တို့၏ဖခင်သည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အမိုးနီအအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်အေးမော်(ခ)ဒေါ်လီအောင်
**အိမ့် (ပုဂံအလှရှာပုံတော်)**
**အသက်(၆၄)နှစ်**

[ဗိုလ်ကြီးလှအောင်(ခ) S.လှအောင်(ငြိမ်း) - ဒေါ်ထားမြင့်(ခ)ဒေါ်ငွေကြည်]တို့၏သမီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ (၃၀)ရပ်ကွက်၊ ရန်ကုန်သစ်၊ ပန်းဝါလမ်း၊ အမှတ် ၃၁နေ ဦးစိုးအောင်(ဒုဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ဇနီး၊ (ဦးပြည့်စုံအောင်)၊ ဒေါက်တာဖြိုးမင်းအောင်-မဇင်ဇင်နွယ်၊ (ဦးမျိုးမင်းအောင်)၊ကိုအာကာထွန်း၊ မထူးထူးစံတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၄း၀၅နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၀-၁၀-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းရီ (ဝဲကြီးရွာ)
**(ကျုံပျော်မြို့)**
**အသက်(၅၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ တေဇရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၈နေ ဦးစိန်ဝင်း၏ချစ်လှစွာသောဇနီး၊ ဒေါ်တင်နွယ်ရီ(ခ)မာဦး၊ ဦးပြုံးမောင်မောင်၊ မလဲ့လဲ့ဝင်း၊ ကိုဇော်မျိုးထက်တို့၏မိခင်၊ မောင်စည်သူဟိန်း၏အဘွားသည် ၆-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၅ရက်တွင် ကျုံပျော်မြို့ အုန်းသုံးပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်ထိန်လင်းအောင်
### အသက်(၂၆)နှစ်

ဦးဇော်မင်းအောင်(ကြေးမုံသတင်းထောက်) - (ဒေါ်တင်လှိုင်)တို့၏သား မောင်ထိန်လင်းအောင်သည် ၄-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးနိုင်ဝင်းထွန်း-ဒေါ်အိအိမောင်**

# ရရှိထားသည့် ငြိမ်းချမ်းရေးခိုင်မာမှုကို အခြေခံပြီး ကရင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးကို တပ်မတော်အနေဖြင့် ဆောင်ရွက်သွားမည်

စာမျက်နှာ-၇

# မဟာချက်ကရီသီရိဒ္ဒံ မင်းသမီး ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ ကြည့်ရှုလေ့လာ



**ရန်ကုန်  အောက်တိုဘာ  ၆**

ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒံနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှတစ်ဆင့် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာပြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ သွားရောက်ကြည့်ရှုလေ့လာသည်။ **(ဓါတ်ပုံ)**

မဟာချက်ကရီသီရိဒ္ဒံ မင်းသမီးနှင့်အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ မဟာချက်ကရီသီရိဒ္ဒံ မင်းသမီးသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး ကျောင်းသား ကျောင်းသူလေးများက ကဗျာလွတ်အက၊ သွေးချင်းများပီပီ တိုင်းရင်းသားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မဟာချက်ကရီသီရိဒ္ဒံမင်းသမီးသည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုကာ ခရေပင်ကို အမှတ်တရစိုက်ပျိုးပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် အလုံမြို့နယ်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်း၏သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# ဆွေးနွေးပွဲများပြုလုပ်ပြီး ကြိုတင်ကာကွယ်မှုများ ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်မည့် သဘာဝတောင်ပြိုရေကန်အန္တရာယ်

ချင်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မြေပြိုမှုနှင့် တောင်ပြိုမှုများဖြစ်ပေါ်ခဲ့ပြီး တောင်ပေါ်ဒေသအချို့တွင် သဘာဝတောင်ပြိုရေကန် ဖြစ်ပေါ်မှုများရှိခဲ့သည်။ယင်းသို့ သဘာဝတောင်ပေါ်တောင်ပြိုရေကန်များ ပြိုကျနိုင်မှု ရှိ၊ မရှိနှင့် စိုးရိမ်စရာအခြေအနေ ရှိ၊ မရှိကို ဆည်မြောင်းဦးစီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့များက သွားရောက်ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ရာ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း စီးဝင်သည့် နေရဥ္စရာချောင်း၏ ချောင်းလက်တက်ဖြစ်သော တွီးလုံချောင်းဖျားတွင် တောင်ပြိုသဖြင့် ချောင်းပိတ်ပြီး သဘာဝတောင်ပြိုရေကန်ကြီးတစ်ခုနှင့် ရေကန်ငယ်လေးခုကို တွေ့ရှိခဲ့ကြသည်။

အဆိုပါ ရာဇဂြိုဟ်ဆည်အထက်ပိုင်းတွင်ဖြစ်ပေါ်နေသော သဘာဝတောင်ပြိုရေကန်အနေအထားမှာ ပြိုကျရန်အခြေအနေမရှိဘဲ စိုးရိမ်စရာအနေအထားမရှိကြောင်း၊ အကယ်၍ ပြိုဆင်းမှုရှိပါကလည်း ရာဇဂြိုဟ်ရေလှောင်တမံမှ အခိုက်အတန့်အားဖြင့် ထိန်းသိမ်းထားနိုင်ပြီး ရေပိုလွှဲမှ ကျော်ကျမည်ဖြစ်သည့်အတွက် ထိခိုက်မှုမရှိနိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖




**ချင်းပြည်နယ် တွီးလုံချောင်းဖျားတွင် ဖြစ်ပေါ်ခဲ့သော သဘာဝတောင်ပြိုရေကန်အား ဆည်မြောင်းဦးစီးဌာနမှဝန်ထမ်းများ သွားရောက်စစ်ဆေးပြီး တိုင်းတာနေစဉ်။**

(ဓာတ်ပုံ-ဆည်/မြောင်း)




mmalin.mpt @ gmail.com,
www.facebook.com/MYANMAALINNEWS

# ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီက ၄င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခမ်အင်ထန်းက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာပါခင်ဗျား-**

ဒီကနေ့ မြန်မာနိုင်ငံရေးသမိုင်းမှာ ဇိုတိုင်းရင်းသားဆိုတဲ့နာမည်နှင့် ပထမဆုံးအကြိမ် အခုလိုပါဝင်ခွင့်ရရှိတဲ့အတွက် ဇိုတိုင်းရင်းသားများ ကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ဦးစွာဇိုတိုင်းရင်းသားဆိုတဲ့စကားရပ်ကို ရှင်းပြလိုပါတယ်။ အားလုံးသိရှိထားပြီးဖြစ်တဲ့အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးရှိပြီး ချင်းပြည်နယ်မှာ ၅၃ မျိုးအထိ ရှိပါတယ်။ အဲ့ဒီ ၅၃မျိုးထဲမှာ(ဇို) လူမျိုးစုဟာတစ်ခုအပါအဝင်ဖြစ်သလို တစ်ချိန်တည်းမှာပဲ "ဇို" ဆိုတဲ့စကားရပ်ဟာ ချင်းလူမျိုးစုအားလုံးကိုလည်း ကိုယ်စားပြုထားတဲ့အမည် ဖြစ်ပါတယ်။ ဥပမာအားဖြင့် ချင်းပြည်နယ်ကို Zogam၊ ချင်းတွင်းမြစ်ကို Zogun၊ ခေါင်ရည်ကို Zo zu၊ ချင်းလူမျိုးကို Zo Minam စသည်ဖြင့် ချင်းနှင့် သက်ဆိုင်တဲ့ဝေါဟာရရှေ့မှာ Zo ဆိုတဲ့စကားလုံးကို အမြဲသုံးစွဲလေ့ရှိပါတယ်။ တစ်နည်းအားဖြင့် ချင်းဆိုတာ မြန်မာနိုင်ငံသားအားလုံးနှင့် ကမ္ဘာကသိရှိထားတဲ့ လူမျိုးရဲ့အမည်နာမဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ်တော့ "ဇို" လို့ခေါ်ဝေါ်သုံးစွဲပါတယ်။ "ဇို" တိုင်းရင်းသားဆိုတာ ချင်းတိုင်းရင်းသားလို့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ တစ်နည်းပြောရရင် ချင်းလူမျိုးများရဲ့ မူရင်းနာမည်ဟာ "ဇို" ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာမှီတင်းနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးကို သုတေသနပြုမှတ်တမ်းတင်ခဲ့တဲ့ အင်္ဂလိပ်သမိုင်းသုတေသီတွေရဲ့မှတ်တမ်းမှာ အခုလိုဆိုထားပါတယ်။

**There were a few British officers who tried to understand the people they were dealing with: outstanding among whom was Tom Lewin , who said;**

**''The generic name of the whole nation is Zo"**

အဓိပ္ပာယ်ကတော့- အဲ့ဒီဒေသခံလူတွေအကြောင်း နားလည်အောင်ကြိုးပမ်းခဲ့တဲ့ အင်္ဂလိပ်အရာရှိ အနည်းငယ်ထဲက အထင်ရှားဆုံးတစ်ဦးဖြစ်သူ Tom Lewin ရဲ့အဆိုအရ-

အဲ့ဒီဒေသတစ်ခုလုံးရဲ့ယေဘုယျတူညီတဲ့ အခေါ်အဝေါ်ကတော့ Zo ဆိုတာပဲဖြစ်ပါတယ်လို့ ဖော်ပြထားပါတယ်။

ယခုအခါ Logo အကြောင်း အနည်းငယ်ရှင်းပြလိုပါတယ်။ Logo ရဲ့ပုံသဏ္ဌာန်ဟာ ဒိုင်းပုံကဏ္ဍာန်ဖြစ်ပြီး အကာအကွယ်ပြုခြင်းလို့ အဓိပ္ပာယ်ဆောင်ပါတယ်။ Logo ရဲ့ထိပ်ဆုံးမှာ အင်္ဂလိပ်စာလုံးနဲ့ Z.N.R.D ဆိုတဲ့ စာတန်းကိုတွေ့ရမှာဖြစ်ပါတယ်။ "ဇို" တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ Zo National Region Development Party ရဲ့ အတိုကောက်ဖြစ်ပါတယ်။ Logo ရဲ့အောက်ခံအနီရောင်ဟာ "ဇို" တိုင်းရင်းသားအထိမ်းအမှတ်ပန်းဖြစ်တဲ့ တောင်ဇလပ်ပန်းရဲ့အရောင်ဖြစ်ပါတယ်။ ရဲရင့်ခြင်းအဓိပ္ပာယ်ကိုလည်းဆောင်ပါတယ်။

Logo ရဲ့အလယ်မှာရှိတဲ့ နွားနောက်ချိုနှစ်ချောင်းရဲ့ကြား အဝါရောင်စက်ဝိုင်းထဲမှာ Zo ဆိုတဲ့စာလုံးကို တွေ့ရမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ တိုင်းနိုင်ငံအသီးသီးမှာ လူမျိုးကိုယ်စားပြုတိရစ္ဆာန် (National Animal) ဆိုတာရှိပါတယ်။ ကျွန်တော်တို့ချင်း(သို့မဟုတ်)"ဇို"တိုင်းရင်းသားများအနေနှင့် နွားနောက်(သို့မဟုတ်)အောက်ချင်းငှက်ကို လူမျိုးအထိမ်းအမှတ်တိရစ္ဆာန်အဖြစ် အသုံးပြုခဲ့ကြပါတယ်။ ဒါပေမယ့် နွားနောက်သင်္ကေတဟာ သမိုင်းအထောက်အထားများအရ ပိုပြီးရှေးကျတဲ့အတွက် နွားနောက်ချိုနှစ်ချောင်းကို ပါတီLogoအနေနဲ့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။အလွယ်တကူနားလည်နိုင်ဖို့အတွက် Zo စာလုံးကို အလယ်မှာ ရေးထည့်ထားခြင်းဖြစ်ပါတယ်။ အဲ့ဒါကတော့ ပါတီLogoနဲ့ပတ်သက်တဲ့ မှတ်သားဖွယ်ရာအချက်များ ဖြစ်ပါတယ်။


အခုအခါ "ဇို" တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီရဲ့ ရည်ရွယ်ချက် (သို့မဟုတ်) မူဝါဒကိုတင်ပြလိုပါတယ်။ ဘယ်ပါတီမဆို ပါတီရဲ့နာမည် အခေါ်အဝေါ်ကိုကြည့်လိုက်ရင် ပါတီရဲ့မူဝါဒကိုလည်း အကြမ်းဖျင်းခန့်မှန်းသိရှိနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ "ဇို" တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီဆိုရင်လည်း ဒေသဖွံ့ဖြိုးရေးဆိုတဲ့ဟာကို အခြေခံထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးဆိုတဲ့စကားကိုကြားလိုက်တာနဲ့ လူအများနားလည်တာက ကျောင်းဆောက်တာ၊ ဆေးရုံဆောက်တာ၊ တံတားဆောက်တာ၊ လမ်းဖောက်တာစတဲ့ ရုပ်ဝတ္ထုတိုးတက်မှုတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့မူဝါဒမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်မှုထက်ပိုပြီးတော့ အဓိကကျတဲ့ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကို အခြေခံထားပါတယ်။ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို တစ်နည်းအားဖြင့် နိုင်ငံရေးအတွေးအခေါ်လို့လည်း ပြောလို့ရပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ နိုင်ငံခေါင်းဆောင်ရဲ့ နိုင်ငံရေးအတွေးအခေါ် မူဝါဒအပေါ်မှာ လုံးဝအခြေခံထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံခေါင်းဆောင်တွေရဲ့ အတွေးအခေါ်နဲ့မူဝါဒကို လေ့လာကြည့်မယ်ဆိုရင် အခြေခံအားဖြင့် နှစ်မျိုးနှစ်စားရှိပါတယ်။ ပထမအမျိုးအစားကတော့ လူကိုအခြေခံတဲ့ အမျိုးသားရေးဝါဒဖြစ်ပါတယ်။ ဒုတိယအမျိုးအစားကတော့ နယ်မြေဒေသ(သို့မဟုတ်) တိုင်းပြည်ပိုင်နက်မြေကိုအခြေခံတဲ့ တိုင်းချစ်ပြည်ချစ်ဝါဒဖြစ်ပါတယ်။ အမျိုးသားရေးကိုအခြေခံတဲ့ အတွေးအခေါ်နဲ့ ဝါဒကြီးထွားလာတဲ့အခါမှာ လူမျိုးရေးနဲ့ဘာသာရေး အစွန်းရောက်ဝါဒီတွေဖြစ်လာကြပါတယ်။ အဲ့ဒီအမျိုးသားရေးအစွန်းရောက်ဝါဒကို အင်္ဂလိပ်ဘာသာနဲ့(Fascism)မြန်မာမှုပြုရင် ဖက်ဆစ်ဝါဒလို့ခေါ်ပါတယ်။ ကမ္ဘာ့သမိုင်းကိုပြန်ကြည့်ရင် အမျိုးသားရေးဝါဒ(သို့မဟုတ်) ဖက်ဆစ်ဝါဒရဲ့နိဂုံးဟာ ဘယ်လောက်ပဲအင်အားကြီးနေပါစေ ပျက်စီးခြင်းနဲ့ပဲ နိဂုံးချုပ်တာတွေ့ရမှာဖြစ်ပါတယ်။ အမျိုးသားရေးကို အခြေခံတဲ့ဥပဒေတွေဟာလည်း လူမျိုးတစ်မျိုးနဲ့ လူနည်းစုကောင်းကျိုးကိုပဲ ဦးစားပေးတဲ့အတွက် တည်တံ့ခိုင်မြဲခြင်းမရှိခဲ့ပါဘူး။ အကောင်းဆုံးဥပမာပေးရရင် ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမနီနဲ့ဂျပန်နိုင်ငံတို့ ဖြစ်ပါတယ်။ အမျိုးသားရေးဝါဒီတွေ ဦးဆောင်ခဲ့တဲ့ ဂျာမနီနှင့်ဂျပန်နိုင်ငံတို့ဟာ စစ်ရှုံးတဲ့အတွက် စစ်လျော်ကြေးပေးဖို့ ဒဏ်ခတ်ခြင်းခံခဲ့ရပြီး ဒီကနေ့ထိတိုင်အောင် မဟာမိတ်နိုင်ငံများရဲ့လက်အောက်မှာ ကြီးကြပ်ခံနိုင်ငံများအဖြစ် ရောက်ရှိခဲ့တာတွေ့ရမှာဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်အခါမှာ ကမ္ဘာအရပ်ရပ်မှာဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေရဲ့ အဓိကအကြောင်းအရင်းဟာလည်း အမျိုးသားရေးဝါဒပဲ ဖြစ်ပါတယ်။

အမှန်ပြောရရင် အမျိုးသားရေးဝါဒ၊ မျိုးချစ်ဝါဒဆိုတာဟာ ယဉ်ကျေးမှုနဲ့ လူမှုရေးနယ်ပယ်နဲ့ပဲ သက်ဆိုင်ပါတယ်။ ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့အတွက် အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ရှိဖို့ လိုအပ်ပါတယ်။ ယဉ်ကျေးမှုဆိုတာက လူမျိုးတစ်မျိုးနဲ့ သက်ဆိုင်တဲ့အရာဖြစ်ပါတယ်။ နိုင်ငံရေးနှင့်ဘာသာရေးဆိုတာ လူမျိုးတစ်မျိုးတည်းနဲ့ သက်ဆိုင်တာမဟုတ်ဘဲ လူမျိုးအားလုံးနဲ့ သက်ဆိုင်တဲ့အရာဖြစ်တဲ့အတွက် လူမျိုးတစ်မျိုးတည်းနဲ့ သက်ဆိုင်တဲ့ မျိုးချစ်စိတ်အမျိုးသားရေးဆိုတဲ့ဟာ ဝင်လာတာနဲ့ အဲ့ဒီနိုင်ငံရေးနဲ့ ဘာသာရေးအဖွဲ့အစည်းတွေဟာ ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်ပြီး ဆုတ်ယုတ်ပျက်စီးမှုများနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ခု၊ နယ်မြေဒေသ(သို့မဟုတ်) တိုင်းပြည်ပိုင်နက်မြေကို အခြေခံတဲ့ ဝါဒဆိုတာနဲ့ပတ်သက်လို့ တင်ပြလိုပါတယ်။ အဲ့ဒီဝါဒကို အဓိပ္ပာယ်ဖွင့်ရင် တိုင်းချစ်၊ ပြည်ချစ်ဝါဒ(သို့မဟုတ်) ဒီမိုကရေစီဝါဒလို့ အနက်ဖွင့်လို့ရပါတယ်။ နိုင်ငံအားလုံးမှာ ယဉ်ကျေးမှုနဲ့ဘာသာရေးအယူအဆမတူတဲ့ လူမျိုးပေါင်းစုံနေထိုင်လျက်ရှိကြတဲ့အတွက် တိုင်းပြည်၊ နယ်မြေဒေသကို အခြေပြုတဲ့ဝါဒ(သို့မဟုတ်) တိုင်းချစ်၊ ပြည်ချစ်ဝါဒ အခြေခံတဲ့အခါမှာ လူမျိုးအားလုံးအတူတကွ ပေါင်းစည်းပြီးသားဖြစ်သွားပါတယ်။ အဲ့ဒါကြောင့် ဒီမိုကရေစီထွန်းကားတဲ့နိုင်ငံတွေမှာ စည်းလုံးညီညွတ်ရေးဆိုတဲ့စကားကို မပြောကြတော့ဘဲ တိုးတက်ဖွံ့ဖြိုးရေးနဲ့ လူ့အခွင့်အရေးကျယ်ပြန့်ဖို့ကိစ္စကိုပဲ အဓိကထားလုပ်ဆောင်နေကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသားရေးဆိုတာ လူမျိုးတစ်မျိုးနှင့် လူနည်းစုရဲ့အကျိုးကိုသာရှေးရှုပြီး ဒီမိုကရေစီဆိုတာ လူမျိုးအားလုံးရဲ့ ကောင်းကျိုးနဲ့ သက်ဆိုင်တဲ့အတွက် ဖြစ်ပါတယ်။

အတိုချုပ်ပြောရရင် အမျိုးသားရေးဝါဒ(သို့မဟုတ်) မျိုးချစ်ဝါဒကို အခြေခံနေသမျှကာလပတ်လုံး ဒီမိုကရေစီမထွန်းကားနိုင်ဘူးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံမှာ နိုင်ငံတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဖော်ဆောင်ကြိုးပမ်းနေချိန်မှာ မြန်မာနိုင်ငံသား အားလုံးအနေနဲ့ အမျိုးသားရေးဝါဒ၊ မျိုးချစ်ဝါဒတွေကိုပစ်ပယ်ပြီး တိုင်းရင်းသားအားလုံးပါဝင်နိုင်တဲ့ တိုင်းချစ်၊ ပြည်ချစ်ဝါဒကို ပြောင်းလဲကျင့်သုံးဖို့ အချိန်တန်ပြီဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။




တိုင်းချစ်၊ ပြည်ချစ်ဝါဒကို အခြေခံလို့ တိုးတက်လာတဲ့နိုင်ငံအချို့ကို တင်ပြရမည်ဆိုလျှင်- အမေရိကန်၊ အိန္ဒိယ၊ စင်ကာပူ၊ အစ္စရေးစတဲ့နိုင်ငံတွေပဲ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံမှာလည်း တစ်ချိန်က ဖက်ဆစ်ဆန့်ကျင်ရေးဝါဒ(သို့မဟုတ်) အမျိုးသားရေးဝါဒဆန့်ကျင်ရေးစနစ်ထွန်းကားခဲ့ဖူးပါတယ်။ အချိန်ကာလအားဖြင့် ၁၉၄၈ ခုနှစ်ကစပြီး ၁၉၆၂ ခုနှစ်အထိ ၁၄ နှစ်ပဲ ကြာမြင့်ခဲ့ပါတယ်။ အဲ့ဒီခေတ်ကာလကို ရှေ့မီနောက်မီလူကြီးများက ခေတ်ကောင်းလို့ ခေါ်ဆိုခဲ့ကြပါတယ်။ အဲ့ဒီအချိန်က ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်လေဆိပ်စတာတွေဟာ အာရှမှာထိပ်တန်းဖြစ်ခဲ့ပါတယ်။ ရန်ကုန်မြို့တော်ဟာလည်းပဲ ကမ္ဘာ့အလှပဆုံးမြို့တော်စာရင်းဝင် ဖြစ်ခဲ့ပါတယ်။ အဲဒါတွေဟာ ပြည်ချစ်ဝါဒ ဒီမိုကရေစီရဲ့ အသီးအပွင့်တွေပဲ ဖြစ်ပါတယ်။

၁၉၆၂ ခုနှစ်ကစပြီး အမျိုးသားရေးဝါဒတစ်ဖန် ပြန်လည်ရှင်သန်ကြီးထွားလာခဲ့တဲ့အတွက် နောက်ဆက်တွဲအကျိုးဆက်တွေဖြစ်တဲ့ နိုင်ငံရေးမတည်ငြိမ်မှု၊ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများ အမြောက်အမြားပေါ်ထွက်လာပြီး မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံစာရင်းဝင်ဖြစ်ပွားခဲ့ရပါတယ်။ "ဇို" တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီအနေနဲ့ "ဇို" တိုင်းရင်းသားဒေသကိုအခြေပြုပြီး ပြည်ထောင်စုမြန်မာနိုင်ငံကြီး ကမ္ဘာ့အဆင့်မီ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် အရေးကြီးဆုံးအချက်ဖြစ်တဲ့ တိုင်းချစ်၊ ပြည်ချစ် ဝါဒပြန်လည်ရှင်သန်ရေးကို အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ တောင်ပေါ်ဒေသကစီးဆင်းလာတဲ့ မြစ်ငယ်၊ ချောင်းငယ်များစုပေါင်းပြီး မြန်မာနိုင်ငံရဲ့ အလှဂုဏ် ကျက်သရေဆောင် ဧရာဝတီမြစ်မကြီးဖြစ်လာသလို "ဇို" တိုင်းရင်းသားဒေသနေစတင်တဲ့ တိုင်းချစ်၊ ပြည်ချစ်ဝါဒဟာ မြန်မာနိုင်ငံရဲ့တိုးတက်ဖွံ့ဖြိုးမှုနဲ့ ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်လာလိမ့်မယ်လို့ အလေးအနက်ယုံကြည်ပါတယ်။ အထူးပြောကြားလိုတာကတော့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ နိုင်ငံတော်သီချင်းထဲမှာပါရှိတဲ့ စာသားများဟာ အလွန်အနှစ်သာရရှိပြီး ဒေသပိုင်နက်မြေကြီးကို အခြေခံထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်သီချင်းရဲ့ နောက်ဆုံးအပိုဒ်မှာ -

ဒို့ပြေ၊ ဒို့မြေအကျိုးကို၊ ညီညာစွာ ဒို့တစ်တွေ
ထမ်းဆောင်ပါစို့လေ၊ ဒို့တာဝန်ပေ

အဖိုးတန်မြေ။ ဆိုပြီး ကျွန်တော်တို့ရဲ့ ဘိုးဘွားမြေနှင့် တိုင်းပြည်ကို ချစ်တတ်ဖို့ ရည်ညွှန်းစပ်ဆိုထားပါတယ်။

အဲ့ဒီထဲမှာ ကိုယ့်အမျိုးအကျိုးကိုပဲ ထမ်းဆောင်ရမယ်၊ ကိုယ့်အမျိုးကိုပဲ ချစ်ရမယ်ဆိုတဲ့ စာသားမျိုးမရှိပါဘူး။ အဲ့ဒီနိုင်ငံတော်သီချင်းထဲမှာ ပါရှိတဲ့ စာသားတွေကို အဓိပ္ပာယ်ရှိရှိ လက်တွေ့အကောင်အထည်ဖော်မည်ဆိုလို့ရှိရင် မြန်မာနိုင်ငံဟာ ကျွန်တော်တို့အားလုံးမျှော်မှန်းကြတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ရောက်ရှိလာမှာမလွဲဧကန်ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ "ဇို" တိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီအနေနဲ့ ဒေသတစ်ခုအတွက် ကျောင်းဆောက်ပေးမယ်၊ တံတားဆောက်ပေးမယ်ဆိုတဲ့ ရုပ်ဝတ္ထုတိုးတက်မှုနဲ့သက်ဆိုင်တဲ့ ကတိကဝတ်တွေထက် တစ်တိုင်းပြည်လုံး တိုးတက်ဖို့ အရေးအကြီးဆုံးနဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မှန်ကန်တဲ့နိုင်ငံရေးအတွေးအခေါ်၊ မှန်ကန်တဲ့နိုင်ငံရေးဝါဒ ပြန်လည်ရှင်သန်လာရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသားအားလုံး ကိုယ့်အမျိုးကိုယ်သာမချစ်ဘဲ ကိုယ့်တိုင်းပြည်ကိုချစ်တဲ့ ပုဂ္ဂိုလ်များဖြစ်လာကြဖို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးရှင်းလင်း

**မိတ္ထီလာ အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ရှင်းလင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနောက် လုံခြုံရေးအသိပညာပေးရှင်းလင်းခြင်း အခမ်းအနားတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များ၌ ကျင်းပမည့် ရွေးကောက်ပွဲတွင် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားမှု အခြေအနေများ၊ အထူးရဲများဖွဲ့စည်းတာဝန်ပေးအပ်မည့်အခြေအနေများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စဝ်နေလင်းက ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို တင်ပြမေးမြန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



# အမျိုးသားတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**အမျိုးသားတိုးတက်ရေးပါတီဥက္ကဋ္ဌ ဒေါက်တာ နေဇင်လတ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ရဟန်းရှင်လူ၊ မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေ။ မကြာမီမှာ မြန်မာနိုင်ငံအနာဂတ်အတွက် အဆုံးအဖြတ်ပေးမယ့် ရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်များရဲ့အဆုံးအဖြတ်ဟာ နိုင်ငံနဲ့လူမျိုးရဲ့ အနာဂတ်ဖြစ်တယ်လို့ အမျိုးသားတိုးတက်ရေးပါတီက ခံယူထားပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကိုလေ့လာရင် သူ့နိုင်ငံ၊ သူ့လူမျိုးအကျိုးစီးပွားအပေါ် ရပ်တည်လာခဲ့ကြတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လာမယ့် ရွေးကောက်ပွဲမှာဘယ်နိုင်ငံရေးပါတီတွေ၊ ဘယ်ကိုယ်စားလှယ်တွေက ကိုယ့်အမျိုးသား အကျိုးစီးပွားနဲ့ကိုယ့်ဘာသာသာသနာ၊ ကိုယ့်ယဉ်ကျေးမှုအပေါ် ဘယ်လောက် ဆောင်ရွက်ပေးနိုင်မလဲဆိုတာကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ဖို့လိုပါလိမ့်မယ်။ ဒါကြောင့်မို့ မဲပေးရာမှာပါတီကိုလည်းလေ့လာ၊ ဦးဆောင်သူကိုလည်း လေ့လာ၊ ကိုယ်စားလှယ်လောင်းကိုလည်းလေ့လာပြီး လေ့လာခြင်း(၃)မျိုးနဲ့ ဆန္ဒမဲပေးကြရင် မှန်ကန်တဲ့ရွေးချယ်မှုဖြစ်မှာမို့ မြန်မာ့အနာဂတ်ကို အပြောင်းအလဲပြုနိုင်မယ့်သူတွေ ပိုပြီးပါဝင်လာနိုင်မှာ ဖြစ်ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ ဘာထူးခြားသလဲလို့မေးလာရင် နိုင်ငံတစ်ခုမှာ အရေးအကြီးဆုံးဖြစ်တဲ့ (၁)နိုင်ငံရေးစီမံခန့်ခွဲမှု (၂) ပြည်သူ့ ရေးရာစီမံခန့်ခွဲမှု (၃) စီးပွားရေးစီမံခန့်ခွဲမှု စတဲ့ပညာရပ်သုံးမျိုးလုံးအပေါ် စာတွေ့လက်တွေ့မဟာဘွဲ့တွေအထိ အတွေ့အကြုံအများကြီး ပြည့်စုံထား ကြသူများနဲ့ဖွဲ့စည်းထားပြီး နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်အောင် ပညာကို အခြေပြုပြီးပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်သွားမယ့် ပညာအခြေခံ ရည်မှန်းချက်နဲ့စုဖွဲ့ထားတဲ့ နိုင်ငံရေးပါတီတစ်ခုဖြစ်ပါတယ်လို့ ရဟန်းရှင်လူ မိဘပြည်သူတွေကို ဦးစွာအသိပေးလိုပါတယ်။

နောက်ထူးခြားချက်က ပါတီရဲ့ရည်မှန်းချက်က 'အာဏာ' မဟုတ်ပါဘူး။ နိုင်ငံရဲ့အနာဂတ်ဟာ လူငယ်တွေလက်ထဲမှာ ရှိနေတယ်ဆိုတဲ့ရည်မှန်းချက် တစ်ခုတည်းသာဖြစ်ပါတယ်။ ဒီနေ့အနာဂတ်ဝေဝါးနေတဲ့ လူငယ်မျိုးဆက် သစ်တွေရဲ့လက်ထဲကို နိုင်ငံရဲ့အနာဂတ်ထည့်ပေးသွားဖို့ ကြိုးစားသွား မှာပါ။ နိုင်ငံရဲ့အနာဂတ်ခေါင်းဆောင်ငယ်တွေကို လေ့ကျင့်မွေးထုတ်ပေး သွားပြီး ပါတီကတစ်ဆင့် နိုင်ငံတာဝန်တွေကို ကျရာနေရာကတစ်ဆင့်ချင်း တက်လှမ်းထမ်းဆောင်စေနိုင်ဖို့၊ ဒီမိုကရေစီယဉ်ကျေးမှုကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ဖို့ ကြိုးစားသွားမှာပါ။

နောက်ထူးခြားချက်က ပြည်သူရွေးချယ်ထားတဲ့ ကိုယ်စားလှယ်ကို ပြည်သူတွေကျေနပ်မှုမရှိတဲ့အခါ ကိုယ်စားလှယ်အဖြစ် ပြန်လည်ရုပ်သိမ်း ခွင့်၊ အရွေးချယ်ခံကိုယ်စားလှယ်များရဲ့ပိုင်ဆိုင်မှုကို အများသိကြေညာ ပေးခြင်း၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအကြားပျောက်ဆုံး နေတဲ့ အပြန်အလှန်ထိန်းကြောင်းစနစ်တွေကို အမျိုးသားတိုးတက်ရေး ပါတီအနေနဲ့ ပြည်သူ့အကျိုးအပေါ်အခြေခံပြီး ပြုပြင်ပြောင်းလဲရေးတွေကို ဦးဆုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူကို အမှန်တကယ်အကျိုး ဖြစ်ထွန်းစေမယ့်မူဝါဒနဲ့ဥပဒေတွေကို ကဏ္ဍအလိုက် ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ကို ဆောင်ရွက်သွားပါ့မယ်။

**ပါတီရဲ့အခြေခံရပ်တည်ချက်** အနေနဲ့ (၁၃၅) မျိုးလုံးသော တိုင်းရင်း သားတွေရဲ့အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံသွားမှာ ဖြစ်ပါတယ်။ အမျိုးသားအကျိုးစီးပွားဆိုတာ (နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ဘာသာရေး) စတာတွေအားလုံးပါဝင်ပါတယ်။ နိုင်ငံအသီးသီးက သူ့နိုင်ငံ အကျိုးစီးပွားအပေါ် ရပ်တည်နေကြတာကြောင့် အမျိုးသားတိုးတက်ရေး ပါတီအနေနဲ့လည်း ကိုယ့်နိုင်ငံအကျိုးစီးပွားအပေါ် ပြတ်ပြတ်သားသား ရပ်တည်သွားမှာဖြစ်ပါတယ်။ မူဝါဒ၊ အခြေခံရပ်တည်ချက်တူညီတဲ့ အခြား မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများနဲ့မဆို ပူးပေါင်းဆောင်ရွက်သွား နိုင်ဖို့ကိုလည်း ကြိုဆိုထားပါတယ်။

**မူဝါဒအားဖြင့်** တိုင်းရင်းသားများအကြားတန်းတူညီမျှ အခွင့်အရေး ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စု၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးစတဲ့ ပဋိပက္ခ များချုပ်ငြိမ်းစေပြီး အားလုံးလက်တွဲတူညီစွာနဲ့ နိုင်ငံတော်ကို တည်ဆောက် သွားကြဖို့၊ အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် နိုင်ငံရေးဝန်းကျင်သစ်၊ နိုင်ငံရေးယဉ်ကျေးမှုသစ်တွေ ဖန်တီးပေးခဲ့ဖို့ ဖြစ်ပါတယ်။

**အမျိုးသားရေးကဏ္ဍ** အနေနဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်သွားမှာဖြစ်ပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်တွေကို မှန်မှန် ကန်ကန်ပြုစုပျိုးထောင်ပေးသွားမှာပါ။

**တိုင်းရင်းသားများကဏ္ဍ**ဟာ မြန်မာနိုင်ငံအတွက်အလွန်အရေးကြီးပါ တယ်။ လူမျိုးကြီး၊ လူမျိုးစွဲ၊ ဒေသစွဲများကိုပျောက်ကင်းစေပြီး One Vision One Myanmar ဆိုတဲ့ မြန်မာနိုင်ငံတစ်ခုတည်းရည်မှန်းချက်တစ်ခုတည်း ဆိုတဲ့ပန်းတိုင်ကို ဖော်ဆောင်သွားပါ့မယ်။

**စီးပွားရေးကဏ္ဍ** ဟာ နိုင်ငံတစ်ခုမှာ အရေးအကြီးဆုံးထဲက တစ်ခု ဖြစ်ပါတယ်။ မှားယွင်းနေတဲ့၊ လက်တွေ့မကျတဲ့ စီးပွားရေးမူဝါဒတွေကို ပြန်လည်ပြင်ဆင်သွားပါ့မယ်၊ မှန်ကန်ပြီး ယှဉ်ပြိုင်မှုရှိတဲ့ ဈေးကွက်စီးပွား ရေးကို ကျင့်သုံးသွားရပါမယ်။ လူတန်းစား(၃)ရပ်စလုံးကို သက်ဆိုင်ရာ လူတန်းစားများအလိုက် သိသိသာသာတိုးတက်အောင် ဆောင်ရွက်သွား ပါ့မယ်၊ မြန်မာနိုင်ငံဟာ တောင်သူလယ်သမား (၇၀%) ကျော် နေထိုင်ရာ နိုင်ငံဖြစ်တဲ့အတွက် အထူးအလေးပေးဆောင်ရွက်ရပါလိမ့်မယ်။ နည်း ပညာရယူပြီး အထွက်တိုးရေး၊ ဈေးကွက်ကို တောင်သူလယ်သမားများနဲ့ တိုက်ရိုက်ချိတ်ဆက်ပေးရေး၊ လုံလောက်တဲ့ချေးငွေရရှိနိုင်ရေး၊ စိုက်ပျိုးရေး ပညာများ ဖြန့်ဖြူးပေးရေးစတဲ့နည်းစနစ်တွေကို ထိထိရောက်ရောက် အသုံးချသွားနိုင်ရင် တောင်သူလယ်သမားတွေရဲ့ ဘဝဟာကြီးကြီးမားမား သိသိသာသာ ပြောင်းလဲသွားလာပါလိမ့်မယ်။

လူလတ်တန်းစားများကိုလည်း လုပ်ငန်းသစ်များ ဖော်ထုတ်ပေးခြင်း၊ နည်းပညာနဲ့ အရင်းအနှီးရယူပေးခြင်း၊ နိုင်ငံတကာဈေးကွက်နဲ့ချိတ်ဆက် ပေးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိအောင် ပညာရပ်များဖြန့်ဖြူးပေးခြင်း၊ ကျွမ်းကျင်သင်တန်းများပို့ချပေးခြင်းနဲ့ လူလတ်တန်းစားအလွှာ ပိုမို ကျယ်ပြန့်၊ တိုးတက်သွားအောင်ဆောင်ရွက်သွားမှသာ မြန်မာ့စီးပွားရေး ဦးမော့နိုင်မှာ ဖြစ်ပါတယ်။

အပေါ်လွှာမှာရှိတဲ့ လုပ်ငန်းရှင်ကြီးများကိုလည်း နိုင်ငံတကာရင်းနှီး မြှုပ်နှံသူတွေနဲ့ ချိတ်ဆက်ပေးပြီး၊ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်၊ စီမံခန့်ခွဲမှုအတတ်ပညာများ ဖြည့်တင်းပေးရင်းနဲ့ သူတို့ရဲ့ လုပ်ငန်း ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ပေးနိုင်ရင် သူတို့လုပ်ငန်း ကျယ်ပြန့်လာတာနဲ့ အလုပ်လက်မဲ့ရာနှုန်းလျော့ကျစေပြီး၊ ဆင်းရဲမှုကို လျှော့ချသွားနိုင်ပါလိမ့်မယ်။ အမျိုးသားတိုးတက်ရေးပါတီအနေနဲ့ လူတန်း စား(၃)ရပ်လုံးကို သင့်လျော်ရာနည်းလမ်းတွေနဲ့ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးသွားမယ့်နည်းလမ်းတွေရှိထားပြီး၊ စီးပွားရေးမှာ နိုင်ငံ တော်ရဲ့ ကဏ္ဍလျှော့ချရင်း ပုဂ္ဂလိကကဏ္ဍကို အလေးပေးဆောင်ရွက်သွား မှာဖြစ်ပါတယ်။

**ပညာရေးနဲ့ကျန်းမာရေးကဏ္ဍ** က မျိုးဆက်သစ်တွေအတွက် ရေရှည် စီမံကိန်းအဖြစ် အလွန်အရေးကြီးပါတယ်။ မှားယွင်းနေတဲ့သင်ကြားရေး စနစ်ကို မူကြိုကအစ ပါရဂူတန်းတွေအထိ အကြီးအကျယ်ပြင်ဆင်ပါလိမ့် မယ်။ သင်ရိုးညွှန်းတမ်းကအစ ပြင်ဆင်ခြင်း၊ သင်ကြားစနစ်ပြောင်းလဲခြင်း၊ ဆရာ-ဆရာမများအရည်အသွေးမြှင့်တင်ခြင်း၊ သင်ကြားရေးထောက်ကူ ပစ္စည်းများပံ့ပိုးခြင်း၊ နိုင်ငံတကာနဲ့ချိတ်ဆက်ပြီး ပညာတော်သင်များစေလွှတ် ခြင်း၊ နိုင်ငံတကာ ဆရာ-ဆရာမများကို လာရောက်သင်ကြားစေခြင်း စတဲ့ အခြေခံကျကျပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးပိုင်းမှာလည်း ကုသရေးပိုင်း၊ စောင့်ရှောက်ရေးပိုင်း၊ ကာကွယ် ရေးပိုင်းတွေအပြင် နောက်ဆုံး သက်ကြီးရွယ်အိုများစောင့်ရှောက်ပေးခြင်း စတဲ့ ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍ**ဟာ မြန်မာနိုင်ငံရဲ့ အခြေခံအကျဆုံးကဏ္ဍ ဖြစ်ပါတယ်။ အဲဒီကဏ္ဍကိုတိုးတက်အောင် မလုပ် နိုင်သရွေ့ မြန်မာနိုင်ငံတိုးတက်နိုင်မှာမဟုတ်ပါဘူး။ စာရွက်အပေါ်မှာသာ မဟုတ်ဘဲလက်တွေ့ကျကျ လယ်လုပ်သူတွေ "လယ်လုပ်ပိုင်ခွင့်ရှိစေရမယ်၊ လွတ်လပ်စွာသီးနှံစိုက်ပျိုးနိုင်ရမယ်၊ လွတ်လပ်စွာရောင်းချနိုင်ရမယ်" စတဲ့ အချက်တွေကိုအာမခံချက်ပေးမှာဖြစ်ပြီး နည်းပညာ၊ စိုက်စရိတ်၊ ဈေးကွက် ချိတ်ဆက်ပေးခြင်းစတာတွေကို ရေတို၊ ရေလတ်၊ ရေရှည်အဖြစ်စီမံကိန်း တွေချမှတ်ဆောင်ရွက်ပေးသွားရမှာဖြစ်ပါတယ်။

အလုပ်သမားများကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပေးနိုင် ရင် ဝင်ငွေပိုကောင်းစေနိုင်ပါတယ်။ အဲဒီကတစ်ဆင့် စီမံခန့်ခွဲသူများ အဖြစ် လေ့ကျင့်တိုးတက်စေပြီး နောက်ဆုံးထူးချွန်သူတွေအနေနဲ့ကိုယ်တိုင် လုပ်ငန်းရှင်များအဖြစ် ရောက်ရှိနိုင်ရေးကို ကူညီဆောင်ရွက်ပေးသွားပြီး သိသိသာသာဝင်ငွေတိုးပွားအောင် ဆောင်ရွက်ပေးသွားမယ့် နည်းလမ်းတွေ အမျိုးသားတိုးတက်ရေးပါတီမှာ ရှိနေပြီးဖြစ်ပါတယ်။

**အုပ်ချုပ်ရေးကဏ္ဍအနေနဲ့** အစဉ်အလာအတွေးအခေါ်ကို စွန့်လွှတ် သွားကြရပါလိမ့်မယ်။ ဗျူရိုကရေစီကို ကြီးကြီးမားမားလျှော့ချဖို့၊ အမှန် တကယ်အရည်အချင်းရှိသူကိုသာ တာဝန်ထမ်းဆောင်စေဖို့၊ ကိုယ့်အမှား ကို ပြတ်ပြတ်သားသားတာဝန်ယူနိုင်ဖို့၊ လျော့နည်းနေတဲ့ ဦးဆောင်နိုင်စွမ်း တွေကို ပြန်လည်မြှင့်တင်ဖို့၊ နိုင်ငံတကာအတွေးအခေါ်၊ နိုင်ငံတကာ အလေ့အကျင့်တွေရရှိဖို့၊ နိုင်ငံတကာအုပ်ချုပ်ရေးစံနှုန်းတွေကို လိုက်ပါနိုင် အောင်ပြုပြင်ပြောင်းလဲသင့်တဲ့နည်းတွေ အမျိုးသားတိုးတက်ရေးပါတီမှာ ရှိနေပါတယ်။




ဥပဒေပြုရေးနဲ့တရားစီရင်ရေး ဘက်မှာလည်း ပြုပြင်ပြောင်းလဲမှု တွေကို အခြေခံကစပြီး အများကြီး ဆောင်ရွက်ဖို့လိုနေပါတယ်။ နိုင်ငံ စီးပွားရေးတိုးတက်ဖို့၊ လူငယ်များ စွမ်းရည် ပြန်လည်ထက်မြက်လာစေ ဖို့ လိုအပ်တဲ့ဥပဒေပြဋ္ဌာန်းမှုတွေ ဆောင်ရွက်သွားဖို့လိုပါမယ်။ တရား စီရင်ရေးပိုင်းမှာလည်း မှန်ကန်တဲ့ တရားစီရင်ရေးကို ပြည်သူတွေခံစား နိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။

**နိုင်ငံတကာ** ဆက်ဆံရေးမှာ ကြားနေဝါဒကို ဆက်လက်ကျင့်သုံးသွားပြီး နိုင်ငံကြီးတစ်ခုခုရဲ့နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးဩဇာအောက်မှ လွတ်ကင်းတဲ့နိုင်ငံဖြစ်ဖို့လိုပါတယ်။ နိုင်ငံတကာနိုင်ငံရေး၊ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာအချက်အချာကျတဲ့ အခြေအနေမှာ မြန်မာနိုင်ငံရှိနေတာကြောင့် အဲဒီအခွင့်အလမ်းကို အကောင်းဆုံးအသုံးချသွားပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှု ရေးတွေ မြှင့်တင်သွားနိုင်မယ့်မူဝါဒအပေါ် ရပ်တည်ထားပါတယ်။ ငြိမ်းချမ်း ရေးမရှိရင် နိုင်ငံမတိုးတက်နိုင်ပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးရရှိနိုင် အောင် နည်းဗျူဟာ၊ မဟာဗျူဟာအပြောင်းအလဲတွေနဲ့ ဆောင်ရွက်သွား နိုင်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

အမျိုးသားတိုးတက်ရေးပါတီရဲ့ ထူးခြားချက်နောက်တစ်ခုကတော့ လူငယ်တွေရဲ့အနာဂတ်ဟာ နိုင်ငံရဲ့အနာဂတ်ဆိုတာအပေါ် ယုံကြည်ထား တဲ့အတွက် အမျိုးသားတိုးတက်ရေးပါတီကို တစ်ဆင့်ချင်းလွှဲပြောင်း တာဝန်ထမ်းဆောင်နိုင်စေဖို့ အခုကထဲကပဲ အသက်အရွယ် ၁၀ နှစ်ခြား မျိုးဆက် (၃)ဆက်စာအတွက် လျာထားတည်ဆောက်ထားပြီး ဖြစ်ပါတယ်။

ပညာအခြေခံလူ့အဖွဲ့အစည်းကသာ နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင် မှာကို ယုံကြည်တဲ့အတွက်ကြောင့်လည်း မဟာဘွဲ့အများစုနဲ့ တည်ဆောက် ထားတဲ့ အမျိုးသားတိုးတက်ရေးပါတီကို လာမယ့် (၃)နှစ်အတွင်း လက်တွေ့ နဲ့ ပညာအခြေခံထားတဲ့ ပါရဂူအများစုနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီ အဖြစ် တည်ဆောက်သွားပြီး နိုင်ငံနဲ့လူမျိုးရဲ့စီးပွားရေးကို လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်သွားနိုင်စေဖို့ အစီအစဉ်ရေးဆွဲထားပြီးဖြစ်ပါတယ်။

အရွေးချယ်ခံကိုယ်စားလှယ်တွေကို ပြန်လည်စုဖွဲ့ပြီး သက်ဆိုင်ရာကဏ္ဍ အလိုက် အထူးပြုစေကြပြီး အရေးကြီးအရေးပါတဲ့ ဥပဒေတွေကို တွန်းတွန်း တိုက်တိုက်၊ ပြတ်ပြတ်သားသားပြင်ဆင်သွားရင်းနဲ့ လွှတ်တော်ရဲ့ယဉ်ကျေးမှု အပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်သွားမှာဖြစ်ပါတယ်။

**နိဂုံးချုပ်အနေနဲ့** ကျွန်တော်တင်ပြသွားချင်တာက ပထမအချက် အနေနဲ့ အမျိုးသားတိုးတက်ရေးပါတီဟာ နိုင်ငံတစ်ခုမှာ အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံရေးစီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု၊ စီးပွားရေးရာစီမံခန့်ခွဲမှု အထူးပြုလေ့ကျင့်ထားတဲ့သူတွေ အများစုနဲ့ဖွဲ့စည်းတည်ထောင်ထားတဲ့ နိုင်ငံရေးပါတီဖြစ်တာမို့ ကျွန်တော်တို့ပါတီအနေနဲ့ လုပ်ပိုင်ခွင့်တစ်စုံ တစ်ရာရရှိခဲ့မယ်ဆိုရင် ပညာကိုအခြေခံပြီး သိသာထင်ရှားတဲ့ ပြုပြင် ပြောင်းလဲမှုတွေကိုဆောင်ရွက်သွားမှာ ဖြစ်တာရယ်၊ ဒုတိယအချက်အနေနဲ့ လူမျိုး ၁၃၅ မျိုးလုံးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ အမျိုးသားရေးလက္ခဏာများကိုအခြေခံတဲ့ အမျိုးသားအကျိုး စီးပွားကို ဒီမိုကရေစီဘောင်ထဲက အလေးပေးဆောင်ရွက်သွားမှာဖြစ်တာ ရယ်၊ တတိယအချက်အနေနဲ့ နိုင်ငံရဲ့အနာဂတ်ကိုပိုင်ဆိုင်ကြမယ့် လူငယ် မျိုးဆက်သစ်တွေကို ထက်ထက်မြက်မြက်၊ မြော်မြော်မြင်မြင်ပညာကြီးမား တဲ့ခေါင်းဆောင်တွေအဖြစ် လေ့ကျင့်မွေးထုတ်ပေးသွားမယ့် နိုင်ငံရေးပါတီ ဖြစ်ကြောင်းရဟန်းရှင်လူ မိဘပြည်သူများကို လေးနက်စွာကတိပေးတင်ပြ လိုက်ရပါတယ်။

အဂတိလိုက်စားမှုနဲ့ သက်ဆိုင်ရာသူတွေ အရည်အချင်းမပြည့်ဝမှုဟာ နိုင်ငံမဖွံ့ဖြိုးရခြင်းရဲ့ အခြေခံအကျဆုံးသောအချက်တွေဖြစ်လို့ အမျိုးသား တိုးတက်ရေးပါတီအနေနဲ့ လက်ရှိအဲဒီအချက်ပေါ်မှာ အလေးအနက် ဆောင်ရွက်သွားမှာဖြစ်ပြီး လောလောဆယ်ပြည်သူတွေ ရင်ဆိုင်နေရတဲ့ ရာဇဝတ်မှုထူပြောခြင်း၊ မူးယစ်ဆေးဝါး ပျံ့နှံ့လွှမ်းနေခြင်းများကိုလည်း အခွင့်အရေးပေးရင် ထိထိရောက်ရောက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါ တယ်။

နောက်ဆုံးအနေနဲ့ မြန်မာနိုင်ငံကို စစ်စစ်မှန်မှန်တကယ် အပြောင်း အလဲဖြစ်တာကို မြင်ချင်တယ်ဆိုရင် တကယ့်စွမ်းရည်ရှိသူအများစုပါဝင် မှသာ အောင်မြင်မှာမို့ မိဘပြည်သူများမဲပေးကြရာမှာ ပါတီကိုလည်း ကြည့်ပါ၊ ဦးဆောင်သူကိုလည်းကြည့်ပါ၊ ကိုယ်စားလှယ်လောင်းကိုလည်း ကြည့်ပြီးမှ မှန်ကန်စွာမဲပေးနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

ရဟန်းရှင်လူမိဘပြည်သူအားလုံး ကျန်းမာချမ်းသာကြပါစေ။

# အမျိုးသမီးပါတီ(မွန်)က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၆

**အမျိုးသမီးပါတီ(မွန်)ဥက္ကဋ္ဌ မိလယိုင်မွန်(ခေါ်)မိသန်းရှင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်္ဂလာပါရှင်-**

ကျွန်မက အမျိုးသမီးပါတီ(မွန်) ဥက္ကဋ္ဌ မိလယိုင်မွန်(ခေါ်) မိသန်းရှင် ဖြစ်ပါတယ်။

လေးစားရပါသော မိဘပြည်သူများရှင် အခုလို အချိန်ခါသမယမှာ အမျိုးသမီးပါတီ(မွန်)ကိုယ်စား စကားပြောခွင့်ရသည့်အတွက် အမျိုးသမီးပါတီ(မွန်)အတွက်ရော အမျိုးသမီးထုအတွက်ပါ ကျေနပ်အားရမိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ အမျိုးသမီးပါတီ(မွန်)ကို ၈-၁၀-၂၀၁၅ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပါတယ်။ တည်ထောင်ပြီးပြီးချင်း ပြည်သူများ၏ ထောက်ခံမှုကို အရှိန်ဟုန်မြင့်မြင့်ရရှိခဲ့ပါတယ်။

**လေးစားရပါသော မိဘပြည်သူများရှင်-**

ကမ္ဘာ့လူဦးရေတွင် ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြသည်။ အဆိုပါ ထက်ဝက်ကျော်သော လူဦးရေတို့သည် အချို့သော ဒေသနိုင်ငံများတွင် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိခြင်း မရှိသေးသည်ကို တွေ့ရပါမည်။ အမျိုးသားနှင့် တန်းတူရည်တူ အခွင့်အရေးမရရှိကြသော်လည်း မိသားစုတိုင်း/နိုင်ငံများ၏ တာဝန်များကို အမျိုးသားများနည်းတူ ထမ်းရွက်ကြသည်။ လိင်နှင့်ဖွဲ့စည်းတည်ဆောက်မှုအရ အမျိုးသားများထက် အားနည်းမှုကြောင့် အနိုင်ကျင့်ခံရမှုများကို အမြဲတစေခံစားကြရသည်။ တန်းတူရေးအရလည်း အန္တရာယ်ပိုမိုခံစားရလွယ်သည့် အုပ်စုဖြစ်သည်။ ပဋိပက္ခ၊ လက်နက်ကိုင်ပဋိပက္ခများ၏ဒဏ်ကို အခံစားရဆုံးသောအုပ်စုလည်း ဖြစ်သည်။

အဆိုပါ အမျိုးသမီးများတွင် မိခင်နှင့်တူသော မေတ္တာများအပြည့်အဝရှိကြသည်။ သို့သော်လည်း အမျိုးသမီးများ၏ကဏ္ဍသည် နိုင်ငံခပ်များများတွင် လည်းကောင်း၊ လူ့အဖွဲ့အစည်းများတွင်လည်းကောင်း အရေးပေးခံရခြင်း အားနည်းလျက်ရှိပြီး အမျိုးသားများနည်းတူ တန်းတူရည်တူအခွင့်အရေးများ လက်လွှတ်ဆုံးရှုံးလျက်ရှိသည်။ သို့အတွက် ကမ္ဘာကြီးတစ်ခုလုံးတွင်ရှိသော အမျိုးသမီးထုကြီးသည် ခွဲခြားမှုတစ်စုံတစ်ရာ မရှိဘဲ အမျိုးသားများနည်းတူ အခွင့်အရေးရရှိရန်လိုအပ်ပါသည်။ ပုခက်လွှဲသော မိခင်များ၏လက်သည် ကမ္ဘာကို အုပ်စိုးနိုင်သည့်အတွက် အခြေခံအဖြစ် တန်းတူရည်တူ အခွင့်အရေးရရှိရေးသည် မလွဲမသွေ လိုအပ်လျက်ရှိပါသည်။

**အမျိုးသမီးပါတီ(မွန်)၏ ရည်ရွယ်ချက်-**

အမျိုးသမီးတို့၏ဘဝ၊ အမျိုးသမီးတို့၏ကဏ္ဍ မြှင့်တင်ရန်၊ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ မိမိတို့အစွမ်းအစများကို ဖော်ထုတ်နိုင်ရေး၊ ငြိမ်းချမ်းပြီး အေးချမ်းတည်ငြိမ်သော ကမ္ဘာကြီးဖြစ်လာစေရန် ကြိုးပမ်းရာတွင် အမျိုးသမီးများ၏ အမြင့်ဆုံးစွမ်းဆောင်နိုင်သည့် အရည်အချင်းများဖြင့် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ ကမ္ဘာကြီးကို အကျိုးပြုနိုင်ရန် ရည်ရွယ်ပါသည်။

**နိုင်ငံရေးမူဝါဒသဘောထား**

အမျိုးသမီးပါတီ(မွန်)၏ နိုင်ငံရေး မူဝါဒသဘောထားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသမီးတို့၏ ရပိုင်ခွင့်ကို လူသားတစ်ဦး၏ ရပိုင်ခွင့်အတိုင်း အပြည့်အဝရရှိစေရန်။
(ခ) မတူကွဲပြားသည့် မျိုးနွယ်များအကြား အမျိုးသမီးတို့၏ တန်းတူရည်တူ ရပိုင်ခွင့်အတိုင်း အမျိုးသမီးများအားလုံး အပြည့်အဝရရှိစေရန်။
(ဂ) ကမ္ဘာပေါ်ရှိ အမျိုးသမီးများအားလုံးနှင့် အမျိုးသမီးပါတီများအကြား ကွန်ရက်ဆက်သွယ်ဆောင်ရွက်သွားနိုင်ရန်။
(ဃ) အေးချမ်းတည်ငြိမ်ပြီး သာယာ ဝပြောသော လူ့ဘောင်ကြီး တည်ဆောက်ရန်။

**လေးစားရပါသော မိဘပြည်သူများရှင်-**

နိုင်ငံတစ်နိုင်ငံတွင် အမျိုးသား၊ အမျိုးသမီး တစ်ဝက်စီရှိကြပါသည်။ နိုင်ငံတည်ငြိမ်အောင် လုပ်သည့်နေရာမှာဖြစ်စေသည့်နေရာတွင်ဖြစ်စေ၊ လူမျိုးတိုးတက်အောင် လုပ်ဆောင်သည့်နေရာတွင်ဖြစ်စေ အမျိုးသားရော အမျိုးသမီးပါ ပါဝင်ရပါမည်။ နိုင်ငံခေါင်းဆောင်ရွေးချယ်သည့်နေရာတွင်လည်း အမျိုးသားရော အမျိုးသမီးပါရွေးချယ်မှသာ သင့်လျော်မှန်ကန်သော ရွေးချယ်မှုမျိုးဖြစ်မည်။ ထို့ကြောင့် လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသားရော အမျိုးသမီးပါ မျှမျှတတပါဝင်အောင် မဲထည့်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်ရှင်။

ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသမီးပါတီ(မွန်)မှ ပေးပို့သော သီချင်းစာသား အဓိပ္ပာယ်**

(တို့အမျိုးသမီးများဟာ အရည်အချင်းရှိတယ်။ ဖယောင်းအလင်းရောင်လို ထွန်းလင်းတောက်ပြောင်တယ်။ ရောင်ခြည်လည်းသန်းလာပြီး လောကကို အလင်းရောင်လည်းပေးမယ်။ ကြီးပွားတိုးတက်အောင် ကြိုးစားဆောင်ရွက်ပေးသွားမယ်။

တို့ကြိုးစားရမယ်ဟေ့။ တို့လည်းကြိုးစားမယ်။ ဖယောင်းတိုင်အလင်းရောင်လို တို့သွားမည့်ခရီး အလင်းရောင်ပေးသွားမည်။)[2]

# မဲရုံမှူးများ ပညာပေးရေး(ခရိုင်အဆင့်) သင်တန်းဖွင့်

**မင်းဘူး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား ပညာပေးရေး(ခရိုင်အဆင့်)သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက်က မင်းဘူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာများဖြစ်သည့် ဦးပြည့်ဖြိုးကျော်(အတွင်းရေးမှူး)နှင့် ဦးစောနှင်း (ခရိုင်ဥပဒေအရာရှိ)တို့က ရွေးကောက်ပွဲနှင့် မဲရုံဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲနေ့ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း၊ရွေးကောက်ပွဲနေ့ လုံခြုံရေးနှင့် အထွေထွေဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မဲရုံမှူးများ၊ ဒုတိယ မဲရုံမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၄၂ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



# တောင်ငူခရိုင်အတွင်းရှိ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ပညာပေးသင်တန်းဖွင့်လှစ်ပို့ချ

**တောင်ငူ အောက်တိုဘာ ၆**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရန်နှင့် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအား ပညာပေးသင်တန်းဖွင့်လှစ်ပို့ချခြင်းကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**



အဆိုပါသင်တန်းတွင် ဆန္ဒမဲပေးရာ၌ မဲရုံအနေအထားအလိုက် ဆန္ဒမဲလက်မှတ်ထုတ်ယူမှုမှ စတင်၍ ဆန္ဒမဲပေးမှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ဆန္ဒမဲလက်မှတ်ထုတ်ယူရာတွင် မဲရုံမှူးလက်မှတ်ပါမှု ရှိ မရှိ၊ မဲစာရွက်စုတ်ပြဲနေမှု ရှိ မရှိ၊ မဲပေးရာတွင် ခိုင်လုံမဲဖြစ်နိုင်မည့် နမူနာပုံစံနှင့် ပယ်မဲဖြစ်စေမည့် မဲပေးမှုစနစ်မဖြစ်ပေါ်ရေးစသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို တောင်ငူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ ခရိုင်ဥပဒေအရာရှိ ဦးစေဒိုနိုးနှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်တို့က ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ပြင်ဦးလွင်၌ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပြင်ဦးလွင် အောက်တိုဘာ ၆**

၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ပြင်ဦးလွင်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းနိုင်ဦးနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်မောင်ဦး၊ ခရိုင်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူ ဧည့်သည်တော်များ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ပြင်ဦးလွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းနိုင်ဦးက ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အစီအမံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ရခိုင်မျိုးချစ်ပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် အောက်တိုဘာ ၆**

**ရခိုင်မျိုးချစ်ပါတီခေါင်းဆောင် ဦးမောင်မောင်စောက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၆ ရက် ညပိုင်းက ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ကျုပ်ရဲ့နာမည်က ဦးမောင်မောင်စောဖြစ်ပါတယ်။ ရခိုင်မျိုးချစ်ပါတီရဲ့ ပထမခေါင်းဆောင်ဖြစ်ပါတယ်။ ပါတီရဲ့ဗဟိုဌာနချုပ်က စစ်တွေမြို့မှာ တည်ရှိပါတယ်။

ကျုပ်တို့ ရခိုင်မျိုးချစ်ပါတီဖြစ်ပေါ်လာရတဲ့ သမိုင်းဖြစ်စဉ်လေးကို နည်းနည်းပြောချင်ပါတယ်။ ရခိုင်ပြည်ရဲ့ရဟန်းရှင်လူပြည်သူအပေါင်းက တောင်းဆို တိုက်တွန်းမှုကြောင့် ရခိုင်ပါတီနှစ်ခု ပူးပေါင်းခဲ့ကြပါတယ်။ အဲဒီပါတီနှစ်ခုကတော့ ရခိုင်ပြည်သူတွေ လေးစားကြည်ညိုအားထားရတဲ့ ရခိုင်အမျိုးသားခေါင်းဆောင်ကြီးတွေရဲ့ အမျိုးသားရည်မှန်းချက်၊ ဦးတည်ချက်၊ ရပ်တည်ချက်တွေနဲ့ ခိုင်မာစွာဖွဲ့စည်းခဲ့တဲ့ ၁၉၉၀ ပြည့် အထွေထွေရွေးကောက်ပွဲမှာ မြန်မာတစ်နိုင်ငံလုံးရဲ့ တတိယ မဲအများဆုံးနဲ့ အောင်နိုင်ခဲ့တဲ့ သမိုင်းအစဉ်အလာကောင်းတဲ့ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ ၂၀၁၀ခု အထွေထွေရွေးကောက်ပွဲမှ မြန်မာတစ်နိုင်ငံလုံးရဲ့ တတိယမဲအများဆုံးနဲ့ အောင်နိုင်ခဲ့တဲ့ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့ဖြစ်ပါတယ်။ ရဟန်းရှင်လူပြည်သူအပေါင်းက တောင်းဆိုတိုက်တွန်းမှုကြောင့် ပူးပေါင်းလိုက်ကြပြီး ရခိုင်အမျိုးသားပါတီ ဖြစ်လာခဲ့ပါတယ်။ ဒီရခိုင်အမျိုးသားပါတီဟာ သံတွဲမြို့နယ်မှာ ပါတီညီလာခံကျင်းပခဲ့ကြပါတယ်။ ပါတီညီလာခံရဲ့ရလဒ်ဟာ ရဟန်းရှင်လူပြည်သူအပေါင်းက မျှော်လင့်ခဲ့တဲ့ ရလဒ်တွေနဲ့ အလွဲကြီးလွဲနေပါတယ်။ သံတွဲညီလာခံရဲ့ရလဒ်ဟာ ရဟန်းရှင်လူပြည်သူအပေါင်း မျှော်လင့်သလိုဖြစ်မလာတဲ့နောက်မှာ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတွေရဲ့ အနာဂတ်နိုင်ငံရေးဟာအဲဒီနေရာမှာ တစ်ခန်းရပ်သလို ဖြစ်သွားခဲ့ရပါတယ်။ ဒီလိုအနေအထားအခင်းအကျင်းတွေကြောင့် ရခိုင်မျိုးချစ်ပါတီဟာ ပြည်ထောင်စုနိုင်ငံရေးအခင်းအကျင်းနဲ့တကွ အဘက်ဘက်က ချွတ်ခြုံကျနေတဲ့ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတွေရဲ့အခြေအနေတွေကို ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် ရခိုင်မျိုးချစ်ပါတီကို တည်ထောင်လိုက်ကြတာဖြစ်ပါတယ်။

ရခိုင်ပြည်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း BC ၃၃၀၀ ကျော်ကနေ AD ၁၇၈၄ ခုနှစ်ထိတိုင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနဲ့ ဘုရင်နိုင်ငံထူထောင်နေထိုင်ခဲ့တဲ့ တိုးတက်သောဘုရင့်နိုင်ငံတော် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဆိုတဲ့ ခေတ်ကြီးလေးခေတ်ကို စနစ်တကျတည်ထောင်နေထိုင်ခဲ့သော လူမျိုးကြီးတစ်မျိုးဖြစ်ပါတယ်။ ဒီလိုသမိုင်းအစဉ်အလာ တိုးတက်ကြီးကျယ်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံ ၊ လူမျိုးတစ်မျိုးဟာ ဒီနေ့အချိန်အခါမှာ အဘက်ဘက်က ချွတ်ခြုံကျနေတဲ့အခြေအနေကို ရောက်နေပါတယ်။ ဒါတွေဟာဘာကြောင့်လဲဆိုတာကို လေ့လာဆန်းစစ်ရင်း အနာဂတ်မှာ အောင်မြင်သော ရခိုင်လူမျိုးတွေရဲ့ လူ့ဘောင်သစ်ကိုဖန်တီးထုဆစ်ကြဖို့ ပြည်သူတွေနဲ့အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပါတယ်။

### ပါတီနိုင်ငံရေးမူဝါဒနှင့်သဘောတရား

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊မြန်မာ (ဗမာ)၊ ရခိုင်၊ ရှမ်းနှင့်အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးများအားလုံး သွေးစည်းညီညွတ်မှုဖြင့်သာ ထာဝရငြိမ်းချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီမိုကရေစီအခွင့်အရေး၊ တိုင်းရင်းသားလူမျိုးများတန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆိုတဲ့ ပင်လုံအခြေခံမူပေါ်မှာ အခြေခံတဲ့ ပြည်ထောင်စုစနစ် မူဘောင်တစ်ရပ်ကို တည်ဆောက်နိုင်မှသာ မြန်မာနိုင်ငံရဲ့တာရှည်လှုပ်ဖြစ်တဲ့ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။

### ပါတီရဲ့ရည်ရွယ်ချက်

(က) စစ်မှန်ပြီး သဘောတရားပြည့်ဝသည့် လူမျိုးကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုကိုတည်ထောင်ရာတွင် အပြည့်အဝပါဝင်ဆောင်ရွက်ရန်။
(ခ) ပြည်ထောင်စုတိုင်းရင်းသားများအားလုံး(ဗမာတိုင်းရင်းသားအပါအဝင်) နှင့် ပြည်ထောင်စုအရေးဆောင်ရွက်ရာတွင် တန်းတူအနေအထားဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ရန်။
(ဂ) ရခိုင်လူမျိုး၊ မျိုးနွယ်စုဒေသခံဌာန တိုင်းရင်းသားများအားလုံး၏ ကာယ၊ ဉာဏ နှစ်ရပ်စလုံးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထိုသူအားလုံးတို့၏ လုံခြုံ၊ အေးချမ်းမှုများအားဆောင်ရွက်ပြီး စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု အပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်တည်ဆောက်ရန်။
(ဃ) ဒီမိုကရေစီစနစ်နှင့် တန်းတူညီမျှရေးအား ကြိုးပမ်းဆောင်ရွက်ရန်။
ဒီလိုရည်ရွယ်ချက်(၄) ရပ်နဲ့အတူလုပ်ငန်းစဉ် (၁၉) ရပ်တို့နဲ့ဆောင်ရွက်တည်ဆောက်သွားမှာဖြစ်ပါတယ်။

### ခြုံငုံသုံးသပ်ခြင်းနဲ့ မဲဆန္ဒရှင်ပြည်သူအပေါင်းကိုအကြံပြုတိုက်တွန်းခြင်း

ရခိုင်မျိုးချစ်ပါတီအနေနဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များဟာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့နိုင်ငံရေးသမိုင်းဖြစ်စဉ်နဲ့ လက်ရှိနိုင်ငံရေးအခင်းအကျင်းတွေကို ကြည့်လိုက်တော့ တော်တော်အလှမ်းကွာဝေးနေသလိုဖြစ်နေပါလိမ့်မယ်။ ဒါဟာပကတိအမှန်တရားပါပဲ။ ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရယူခဲ့တာဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ရယူခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ရယူခဲ့တဲ့လွတ်လပ်ရေးဟာ ပြည်ထောင်စုလက္ခဏာတွေတရိပ်ရိပ် ပျောက်ကွယ်မှေးမှိန်လာတာကို တွေ့နေကြရပါတယ်။ ၁၉၄၇ ခုနှစ် ရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ်မှာ ရေးဆွဲတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၀၈ ခုနှစ်မှာ ရေးဆွဲတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဒီအခြေခံဥပဒေတွေထဲမှာ ပြည်ထောင်စုအနှစ်သာရတွေ တဖြည်းဖြည်းပျောက်ကွယ်လာတာကိုတွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ပြည်ထောင်စုရဲ့ ပကတိအမှန်တရားတွေဖြစ်ပါတယ်။ ဒီလိုပြည်ထောင်စုရဲ့ အနှစ်သာရတွေ ပျောက်ကွယ်လာခြင်းဟာ လက်နက်ကိုင်တော်လှန်ရေးရဲ့ အမိကဇာစ်မြစ်တွေဖြစ်ပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားတန်းတူညီမျှမှုမရှိခြင်းရဲ့ အခြေခံအကြောင်းတရားတွေပဲဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးကို မှန်မှန်ကန်ကန်ဖွံ့ဖြိုးတိုးတက်နိုင်ဖို့အတွက်၊ မှန်မှန်ကန်ကန် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ကွက်လပ်ကြီးတစ်ခုဖြစ်နေတဲ့ တိုင်းရင်းသားတန်းတူညီမျှရေးဖန်တီးတည်ဆောက်ရေးဟာ တစ်ခုတည်းသော နိုင်ငံရေးအဖြေဖြစ်ပါတယ်။

ဒါဟာ လက်ရှိအစိုးရရဲ့ကြွေးကြော်သံ ဒို့တာဝန် အရေးသုံးပါးရဲ့ တည်ဆောက်ရေးအတွက် အဓိကအနှစ်သာရပါပဲ။ တိုင်းရင်းသား တန်းတူညီမျှရေးကို မဖန်တီးမတည်ဆောက်နိုင်ဘဲ ခရီးဆက်နေသရွေ့ကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအရွေ့ဟာ မုန့်လုံး စက္ကူကပ် ဖြစ်နေဦးမှာပါပဲ။ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးကို မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်နိုင်ဖို့နဲ့ မှန်မှန်ကန်ကန် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့အတွက် ကွက်လပ်ကြီးတစ်ခုဖြစ်နေတဲ့ တိုင်းရင်းသားတန်းတူညီမျှရေး ဖန်တီးတည်ဆောက်ရေးဟာ တစ်ခုတည်းသော နိုင်ငံရေးအဖြေဖြစ်ပါတယ်လို့ ထပ်လောင်းပြောကြားချင်ပါတယ်။ ငယ်ငယ်တုန်းက မူလတန်း ဖတ်စာထဲက စာကြောင်းလေးက အခုနိုင်ငံရေးထဲမှာထိ အကျိုးပြုနေတာတွေ့ရပါတယ်။

### နွံထဲ၌လှည်းဘီးကျွံနေသည်၊ ကူ၍တွန်းပေးကြပါ၊ လေးလွန်း၍ မတွန်းနိုင်ဘူးလား၊ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။

ကျုပ်တို့တွေရဲ့ နွံထဲနစ်ကျွံနေတဲ့ ပြည်ထောင်စု လှည်းဘီးကြီးကို အားလုံးညီညီညာညာပြိုင်တူတွန်းကြမှ ရွေ့ပါလိမ့်မယ်။

လက်ရှိနိုင်ငံရေးအခင်းအကျင်းအရ လာမယ့် ၂၀၁၅ ခု နိုဝင်ဘာလ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲထဲမှာ မဲထည့်ကြမယ့် ရခိုင်လူမျိုးနဲ့ ရခိုင်ပြည်သူလူထုကို အကြံပြုတိုက်တွန်းချင်ပါတယ်။ အားလုံးမဖြစ်မနေ မဲထည့်ကြပါလို့ ပထမအနေနဲ့တိုက်တွန်းချင်ပါတယ်။ မဲတစ်ပြားဟာ နိုင်ငံတည်ဆောက်လိုက်တာ၊ လူမျိုးကိုတည်ဆောက်လိုက်တာ၊ တိုင်းပြည်ကိုတည်ဆောက်လိုက်တာပါပဲ။ ဒါကြောင့်မို့လို့ မဲပေးခွင့်ရှိသူတိုင်း ဖြစ်နိုင်အောင် မဲထည့်ပေးကြပါ။ မဲထည့်တဲ့နေရာမှာ အကြံပြုတိုက်တွန်းချင်တာက ရခိုင်ပြည်မှာ ရခိုင်ရင်ခွင်ကြားကပေါက်ဖွားလာတဲ့ ပါတီနှစ်ခုရှိပါတယ်။ အကျွန်တို့ ရခိုင်မျိုးချစ်ပါတီနဲ့ နောက်တစ်ခုက ရခိုင်အမျိုးသားပါတီ။ ရခိုင်ပြည်သူလူထုကို အကြံပြုတိုက်တွန်းချင်တာကတော့ ဒီပါတီနှစ်ခုထဲက ကြိုက်တဲ့ပါတီကို ရွေးချယ်မဲပေးကြပါ။ ရခိုင်ပါတီတွေပါပဲ။ ရခိုင်ပါတီတွေထဲမှာ တစ်ခါလူကိုရွေးပါ။ မိမိမဲထည့်လိုက်မယ့်သူဟာ ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်ပြည်၊ ကိုယ့်လူမျိုးအတွက် ဘယ်လောက်ထိအကျိုးပြုပေးနိုင်မှာလဲ၊ ဘယ်လောက်ထိ တာဝန်ယူနိုင်မလဲ ဆိုတာကို သေသေချာချာ ဝေဖန်ဆန်းစစ်ပြီးတော့မှ မိမိတို့ရဲ့ တန်ဖိုးရှိတဲ့ နှလုံးသွေးကြားက မဲတစ်ပြားကိုတန်ဖိုးရှိရှိ အသုံးပြုကြပါလို့ အကြံပြုတိုက်တွန်းချင်ပါတယ်။

လက်ရှိပကတိအနေအထားမှာ ရခိုင်ပြည်နဲ့ လူမျိုးရဲ့ အခြေအနေဟာ အဘက်ဘက်ကချွတ်ခြုံကျနေပါတယ်။ ဒါတွေရဲ့ လက်ရှိတောင်းဆိုမှုက ရခိုင်ပြည်နဲ့ ရခိုင်လူမျိုး ပြန်လည်တည်ဆောက်ရေးပါပဲ။ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုး ပြန်လည်တည်ဆောက်ရေးအတွက် အမျိုးသားစီမံကိန်းတွေ ရေးဆွဲချမှတ်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မျိုးဆက်သစ်တွေကို ရခိုင်အမျိုးသားပညာရေးစီမံကိန်းနဲ့ ပြုစုပျိုးထောင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ရခိုင်ပြည်နဲ့ ရခိုင်လူမျိုး ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလို ခေတ်ပညာတတ်တွေနဲ့တိုင်းပြည်နဲ့ လူမျိုးပြန်လည်တည်ဆောက်မယ့် ဆီမီးခွက်အမှတ်တံဆိပ်နဲ့ တိုင်းသစ် ပြည်သစ်ထူထောင်မည့် ရခိုင်မျိုးချစ်ပါတီကို မဲပေးတာဟာ လုံးဝမမှားဘူးလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျောက်မဲခရိုင်၌ ကျင်းပ

**သီပေါ အောက်တိုဘာ ၆**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် နိုင်ငံရေးပါတီများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းဝင်းက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းသိန်းက ရွေးကောက်ပွဲနှင့်ပတ်သက်၍ လုံခြုံရေးစီစဉ်ဆောင်ရွက်ထားမှုများကိုလည်းကောင်း ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသသည်။ ဆက်လက်၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကိုလည်း ပါဝါပွိုင့်ဖြင့်ပြသခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

